# သက်တန့်ရောင်မိန်းမပျို
# (ယွီရှောင်ချောင်း)

စာစဉ် (၂)

အပိုင်း ၁၅-၂၈

အခန်း ၁၅ (အကောင်းဆုံးဟင်းခတ်အမွှေးအကြိုင်)

ဆိုင်တာဝန်ခံကျောင်းက သူတို့ဆီကနေ ငွေချောင်းတွေကို အပြုံးလေးနဲ့ယူပြီးထွက်ခွာသွားခဲ့တယ်။ ခဏအကြာမှာ သူက ပြန်ထွက်လာခဲ့တယ်။ လက်တဖက်က မိုးကာဖျင်ကြမ်းနဲ့ပြုလုပ်ထားတဲ့ ပိုက်ဆံအိတ်ကို ကိုင်ထားပြီး နောက်တဖက်က ကြေးဒင်္ဂါးကြိုးတစ်စုံကိုင်ထားတယ်။

"ဒီအိတ်ထဲမှာ ငွေဒင်္ဂါးလေးလျှန်ခွဲလောက်ရှိတယ် ငါ ကျန်တာတွေကို ကြေးဒင်္ဂါးကြိုးတွေယူလာတယ်" စားသောက်ဆိုင်စီမံခန့်ခွဲသူတောင်မှ သူတို့ကို သတိပေးခဲ့တယ်။

"မင်းဒီပိုက်ဆံတွေသိမ်းထားတာနဲ့ပတ်သတ်ပြီး ဂရုစိုက်ဦးနော် ဘယ်သူခိုးကိုမှ ဒီအိပ်ပေါ်ကိုမျက်လုံးမရောက်စေနဲ့"

"ကျေးဇူးပါ တာဝန်ခံကျောင်း"
ယွီရှောင်ချောင်းက ငွေတွေပြည့်နှက်နေတဲ့ အိတ်ငယ်လေးကို သူမရဲ့အဝတ်အစားတွေထဲ ဂရုတစိုက်ထည့်ထားခဲ့တယ်။ ပြီးတော့ သူမက သူတို့ရဲ့လာမယ့် ဈေးဝယ်ခရီးအတွက် ပြင်ဆင်ခြင်းမှာ သူမနဲ့သူမအစ်ကိုကြား ကြေးဒင်္ဂါးတွေကို အညီအမျှခွဲခဲ့တယ် ။ မောင်နှမနှစ်ယောက်မထွက်သွားခင် ငယ်တဲ့ကောင်မလေးက သူမရဲ့မြေအိုးအပဲ့လေးကိုပြန်ရဖို့ စားသောက်ဆိုင်ရဲ့ အနောက်ဘက် မီးဖိုချောင်ထဲကိုသွားခဲ့တယ်။
တချိန်တည်းမှာပဲ တင်ပို့လိုက်တဲ့ကမာတွေ ရောက်လာခဲ့တယ်။ မီးဖိုချောင်ထဲက စီးဆင်းနေတဲ့ ပင်လယ်စာပုံးတွေရဲ့မြင်ကွင်းက သူမကိုအံ့အားသင့်စေတယ်။ " ဝိုး " သူမက ထိတ်လန့်အံ့အားသင့်စွာပြောခဲ့တယ်။ "ကျိန်ရှုံ စားသောက်ဆိုင်က တကယ်ကိုအလုပ်ကြိုးစားကြတာပဲ တနေ့တည်းနဲ့ ဒီကမာတွေအားလုံးကို ရောင်းထွက်နိုင်တယ်လား"

စားဖိုမှူးခေါင်းဆောင်ဝမ်က ကြင်နာစွာရယ်ခဲ့တယ်။

" ကံမကောင်းစွာပဲ ကမာတွေက ငါတို့လို ကမ်းရိုးတန်းမြို့အတွက် ရှားပါးတဲ့စားဖွယ်မဟုတ်ဘူး။ တနေ့တည်းနဲ့ ဒီကမာတွေအားလုံးရောင်းထွက်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ။ အခုဟာက တတိယသခင်လေးက လိုတာထက်ပိုပြီး ထပ်ဝယ်ထားပြန်ပြီနေမှာ။ ဒီစိတ်ရှုပ်စရာကောင်းတဲ့ သတ္တဝါလေးတွေက ပင်လယ်ထဲမှာမဟုတ်ရင် အသက်ရှင်ဖို့ခက်ခဲတယ်။ ပြီးတော့ အခုအရမ်းပူတယ်မလား။ အဲ့တာကြောင့် သူတို့ကို အကြာကြီးထားလို့မရဘူး။ သူတို့အများစုကို ကုန်ခြောက်အဖြစ်ပြောင်းလဲဖို့ လူတယောက်ယောက်ရှာတွေ့မယ်လို့ ငါထင်တယ်”

ကျိုးကျီရှီက မီးဖိုချောင်ထဲသွားတဲ့ ကလေးနှစ်ယောက်နောက်ကို လိုက်ခဲ့တယ်။ အခန်းထဲက ကမာအတန်းလိုက်ကြီးကို မြင်ပြီးနောက် သူအများကြီးဝယ်မိတယ်ဆိုတာကို သိသွားတယ်။ အဆင်မပြေခံစားရရင်း သူက သူ့နှာခေါင်းကို ရှက်ကိုးရှက်ကန်းပွတ်လိုက်တယ်။

"အာ..." ယွီရှောင်ချောင်းကပြောတယ်။ " တတိယသခင်လေးကျိုးက အရမ်းရက်ရက်ရောရောရှိတဲ့သူမို့ ငါမင်းတို့ကိုကူညီမယ်လေ ။ ဒီမှာ သကြားနဲ့ချက်ပြုတ်တဲ့ဝိုင်များရှိလား"

မိန်းမငယ်လေးက ခက်ခဲတဲ့အလုပ်တွေကိုလုပ်ဖို့ သူမရဲ့အကျႌလက်များကို လိပ်တင်ခဲ့တယ်။

ကျိုးကျွီရှီက သူမရဲ့ သေးသွယ်ပြီးအားနည်းနေတဲ့ လက်မောင်းတွေကို ေးကြည့်ရင်း မြန်မြန်ပြန်ဖြေလိုက်တယ်။

"ဒါပေါ့ ငါတို့မှာရှိတယ် ငါတို့မှာ ဒီလိုအခြေခံပါဝင်ပစ္စည်းတွေမရှိခဲ့ရင် စားသောက်ဆိုင် ဘယ်လိုလုပ်ဖြစ်လာမှာလဲ။ မင်း ဒီကမာကောင်တွေနဲ့ ဘာလုပ်ဖို့စီစဉ်ထားလဲ"

ယွီရှောင်ချောင်းက သူ့ကိုအားပါးတရပြုံးပြလိုက်ပြီး သိချင်စိတ်ဖြစ်အောင် မပြောဘဲထားဖို့ ဆုံးဖြတ်လိုက်သည်။
"ပြီးတဲ့အခါ သိရပါလိမ့်မယ်! အဲ့တာကို ကျွန်မရဲ့လက်ဆောင်အဖြစ် ယူလိုက်, သခင်လေး"

လူကြီးနှစ်ယောက်က ရှုပ်ထွေးတဲ့အကြည့်တွေနဲ့ ကြည့်နေခဲ့တယ် ။ မိန်းမငယ်လေးက ဘာလုပ်မလို့လဲ။ ရာဇဝတ်စီရင်ရေးမှူးရဲ့ ဂုဏ်ပြုစားပွဲမတိုင်ခင် သူတို့မှာအချိန်ပိုနည်းနည်းရှိသေးသည်။
အဲ့တာကြောင့် သူတို့ရဲ့ သိချင်စိတ်ပြင်းပြတာကိုဖြည့်စည်းဖို့ အချိန်အလုံအလောက်ရှိသေးသည်။

သူမရဲ့အတိတ်ဘဝမှာ သူမရဲ့မောင်လေးက ခရုဆီနဲ့အစားအစာတွေကို စားရတာကြိုက်တယ်။ သို့သော်လည်း ကုန်စုံဆိုင်တွေမှာရောင်းတဲ့ ခရုဆီတွေက နောက်ထပ်အဖြည့်ပစ္စည်းတွေပါ ရောထားသေးသည်။သူမမောင်လေးရဲ့ကျန်းမာရေးထိခိုက်မှုကို ရှောင်ရှားဖို့အတွက် သူမက အွန်လိုင်း မှာ ရောစပ်နည်းကိုရှာခဲ့တယ်။ ပြီးတော့ အိမ်မှာ သူမကိုယ်တိုင် ခရုဆီကိုစပြီးပြုလုပ်ခဲ့တယ်။

အချိန်တော်တော်ကြာ ရောစပ်နည်းနဲ့ စမ်းသပ်လေ့လာပြီးတဲ့နောက်မှာ သူမကအရသာကောင်းရုံသာမက ပိုပြီးကျန်းမာရေးနဲ့ညီညွတ်တဲ့ ရောစပ်နည်းကို နောက်ဆုံးတော့ရခဲ့တယ်။ သူမရဲ့မောင်လေးက အိမ်လုပ်ခရုဆီကိုကြိုက်တယ်။ ပြီးတော့ ဒါက စတိုးဆိုင်ကထက်ပိုပြီးသဘာဝဖြစ်တယ်၊ အရသာပိုရှိတယ်လို့ ထင်တယ်။ အားနည်းချက်တစ်ခုကတော့ ဒါက ထုတ်လုပ်ထားတဲ့ ငံပြာရည်တွေထက်ပိုပြီး မြန်မြန်ပုပ်သိုးလွယ်တယ်။ ဒါပေမယ့် ဒါကမျှော်လင့်ထားသလိုပါပဲ။ သူမက အဲ့ထဲကို ဘာတာရှည်ခံဆေးမှ မထည့်ခဲ့တာကြောင့်ဖြစ်သည်။

ယုံကြည်ချက်အပြည့်နဲ့ ယွီရှောင်ချောင်းက ကမာအားလုံးကိုအခွံစချွတ်ဖို့နဲ့ သီးခြားဝါးစည်ပိုင်းထဲကို အသားတွေထားဖို့ မီးဖိုချောင်ဝန်ထမ်းကို စီမံညွှန်ကြားခဲ့တယ်။ သူမက မီးဖိုချောင်ကို ခြုံငုံလေ့လာကြည့်လိုက်တယ်။ ပြီးတော့ သူမရှာတွေ့တဲ့ အကြီးဆုံးအိုးကို ယူလိုက်တယ်။ သူမက

အချိုးအစားကို မြန်မြန်တွက်လိုက်ပြီးတော့ အိုးထဲကို ဆူပွက်ဖို့ သင့်တော်တဲ့ရေအလုံအလောက်ကို လောင်းထည့်လိုက်တယ်။

ရေစတင်ဆူပွက်တဲ့အခါ ယွီရှောင်ချောင်းက ကမာအသားအားလုံးထဲကို လောင်းထည့်ခဲ့တယ်။ ပြီးတော့ ယောက်ချိုနဲ့အိုးထဲကို မြန်မြန်စမွှေခဲ့တယ်။ ကမာတွေရှိတဲ့ စည်ပိုင်းရဲ့အောက်ခြေမှာ အနှစ်အနည်းငယ် ကျန်သေးတယ်။ ကျန်နေတဲ့အရည်မှာ ကမာရဲ့အနံ့အရသာ အများကြီးရှိတယ်။ အဲ့တာကြောင့် သူမက နှစ်ခါမတွေးတော့ပဲ ပူနေတဲ့အိုးထဲကို အဲ့တာတွေအားလုံး ထည့်ခဲ့တယ်။ ခရုဆီထုတ်ကုန်ကို တိုးပွားဖို့နဲ့ အရသာကို တိုးမြှင့်နိုင်တဲ့အရာကို ဖြုန်းတီးတာက နှမြောစရာဖြစ်တယ်။

"ဟေး မင်း! ဒီအိုးကိုမွှေဖို့ ကျွန်မကိုကူညီပါအုံး" ယွီရှောင်ချောင်းရဲ့ ပျက်စီးလွယ်တဲ့ ခန္ဓာကိုယ်က အကြာကြီးအလုပ်လုပ်ဖို့ အားနည်းနေသေးတယ်။

"ငါအစားလုပ်ပေးမယ်!" စာဖိုမှူးခေါင်းဆောင်ဝမ်က သူရဲ့စည်ပိုင်းလိုကိုယ်ကြီးကို လူအုပ်ကြားထဲကနေ ဖျစ်ညှစ်ဝင်လာပြီး ယွီရှောင်ချောင်းကိုကူညီပေးဖို့ လျှာထားတဲ့ မီးဖိုချောင်ဝန်ထမ်းကို တွန်းထုတ်ပြီး ပြောခဲ့တယ်။
"ငါ ဒီအတိုင်းပဲ ဆက်မွှေနေရမှာမလား"

ခေါင်းဆောင်စာဖိုမှူးဝမ်က ၁၀ နှစ်ကျော်လောက် စာဖိုမှူးအဖြစ်အလုပ်လုပ်ခဲ့တယ်။ ပြီးတော့ သူက နည်းလမ်းနဲ့ဖော်စပ်နည်းအသစ်တွေကို ရှာဖွေခြင်းနဲ့ပတ်သတ်ပြီး စိတ်ပြင်းပြတယ်။ ဒါက တခြားလူတွေဆီက ဟင်းချက်စွမ်းရည်ကိုခိုးတာက ရှက်စရာကောင်းပေမဲ့လည်း ဒီကောင်မလေးက သူမနည်းလမ်းကို လျို့ဝှက်တဲ့ပုံမပေါ်ဘူး။ ဒါ့ကြောင့် သူက ဒီလောက်ကောင်းတဲ့ အခွင့်အရေးကိုကျော်သွားဖို့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

ယွီရှောင်ချောင်းက အမှတ်တမဲ့ ခေါင်းငြိမ့်ပြီး သူမ ကျန်ရှိတဲ့အချိန်ကို တိတ်တဆိတ် ရေတွက်နေခဲ့တယ်။ ကမာကောင်တွေက အရသာပိုကောင်းဖို့ နောက်ထပ် မိနစ် နှစ်ဆယ်၊သုံးဆယ် ဆူပွက်ဖို့ လိုတယ်။ ပြီးရင် အနှစ်တွေထွက်လာဖို့အတွက် အသားတွေကွဲသွားဖို့လိုအပ်တယ်။ သို့သော်လည်း ကျန်ရှိနေတဲ့ ကမာအသားတွေကို အခြားဟင်း ချက်လို့ရနိုင်တယ်။ ဒါမှမဟုတ် နောက်အတွက် နေထဲမှာ အခြောက်လှမ်းထားလို့ရသည်။ တစ်စိုးတစိတောင် မဖြုန်းတီးနိုင်ဘူး။

သတ်မှတ်ထားတဲ့ အချိန်ရောက်တဲ့နောက်မှာ ယွီရှောင်ချောင်းက ရရှိသွားတဲ့ ကမာအဆီအနှစ်တွေကို အသားစတွေကနေ စစ်ထုတ်လိုက်တယ်။ အရင်ဆုံး စီးကပ်ခြင်းကနေ ကာကွယ်ဖို့ သန့်ရှင်းတဲ့ အိုးအတွင်းကို ဆီတချို့ လောင်းထည့်လိုက်တယ်။ ထို့နောက် ကမာအဆီအနှစ်တွေကို ထိုအိုးထဲသို့ သန့်ရှင်းတဲ့ရေတချို့နဲ့အတူ ထည့်လိုက်ပြီး နောက်တကြိမ် ကျိုချက်ဖို့အတွက် မီးပေါ်ကို တင်လိုက်တယ်။

ဒုတိယအဆင့်မှာ ယွီရှောင်ချောင်းက သကြားတချို့၊ ဟင်းချက်ဝိုင်နဲ့ ဟင်းခတ်အမွှေးအကြိုင်တို့ကိုပါ ပေါင်းထည့်ပြီး မီးအေးအေးနဲ့ကျိုလိုက်တယ်။ အချိန်ကြာတော့ သူမထည့်ချက်ထားတဲ့ ပါဝင်ပစ္စည်းတွေက အတူတူ ပျော်ဝင်သွားတယ်။ နေ့လည်စာစားချိန် ရောက်ခါနီးမှာပဲ သူမက နောက်ဆုံးတော့ ရပါပြီလို့ ကြေညာခဲ့တယ်။

ပြီးသွားတဲ့ ကမာအဆီအနှစ် ခရုဆီက အနက်ရောင်ဖြစ်ပြီး တောက်ပြောင်တဲ့ အရောင်ရှိတယ်။ မီးဖိုခန်းတခုလုံးက ဟင်းခတ်အမွှေးအကြိုင်အနံ့များနဲ့ မွှေးကြိုင်နေတယ်။ ခေါင်းဆောင်စားဖိုမှူးဝမ်က စိတ်မရှည်ဘဲ ခရုဆီကို မြည်းကြည့်လိုက်တယ်။ ပြီးတော့ သူ့ရဲ့ မျက်လုံးတွေပြူးကျယ်ပြီး အံ့သြသွားရတယ်။

"ဒါမဖြစ်နိုင်ဘူး!ဒီလို မွှေးကြိုင်တဲ့ အရသာမျိုး ဘယ်လိုလုပ်ရှိနေတာလဲ ပုံစံက သိပ်အထင်ကြီးစရာကောင်းတဲ့ပုံ မရှိပေမယ့် အနံ့အရသာနဲ့ ပြည့်စုံနေလိုက်တာများ"

ယွီရှောင်ချောင်းလည်း အရသာကို မြည်းစမ်းကြည့်ပြီး ပြုံးလိုက်တယ်။

"ဒါတောင် သူ့ကို ပိုပြီးအရသာရှိစေတဲ့ အဓိကပါဝင်ပစ္စည်းတချို့ မပါသေးလို့၊ အခုလည်း ကောင်းနေပါသေးတယ်၊ ကမာကောင်ရဲ့ မူလအရသာကို ထိန်းထားနိုင်တုန်းပဲ"

ကျိုးကျီရှီ နဲ့ တာဝန်ခံကျောင်းလည်း ခရုဆီကို မြည်းကြည့်ခဲ့ကြတယ်။ "ဒီ ကမာအဆီအနှစ်က ဘာအမျိုးအစားလဲ၊ ဒါကို အသားနဲ့ ဟင်းရွက်တွေ ချက်တဲ့အခါမှာ ထည့်လို့ရလား"

ယွီရှောင်ချောင်းက သဘောတူတဲ့ အနေနဲ့ ခေါင်းညိမ့်ပြလိုက်တယ်။ "ဒါကို ခရုဆီလို့ ခေါ်တယ်၊ ခရုဆီဆိုတာ 'ပင်လယ်ရဲ့ အဆီအနှစ်'လို့လည်း သိကြတယ်၊ ဒါကို ဟင်းချက်တဲ့နေရာမှာ သုံးရင် ဟင်းရဲ့ အရသာကို ပိုပြီးကောင်းလာစေတယ်"

သူမက မီးဖိုချောင်ပတ်လည်ကို ကြည့်တယ်။ ပြီးတော့ ဟင်းသီးဟင်းရွက်စိမ်း အစည်းကို ညွှန်ပြလိုက်တယ်။
"ဒီဟင်းရွက်တွေကို ဒါနဲ့ ဆူအောင်ပြုတ်ခွင့်ပေး၊ ဒါက ကျွန်မရဲ့ ကျွမ်းကျင်မှု တစ်ခုဘဲ"

စာဖိုမှူးခေါင်းဆောင်ဝမ်က တက်ကြွစွာ ဟင်းရွက်တွေကို သူ့ဘာသာ စဆေးခဲ့တယ်။ အဲ့အချိန်မှာ ယွီရှောင်ချောင်းက မီးပေါ်မှာ ရေအပြည့်နဲ့ နောက်ထပ်တစ်အိုးကို တည်ပြီးတော့ ဆူပွက်စေခဲ့တယ်။ ဟင်းသီးဟင်းရွက်များကို ရေနွေးနဲ့ဖျောပြီးတဲ့နောက် ပန်းကန်ပေါ် တင်လိုက်တယ်။ ပြီးတော့ ခရုဆီတချို့ နဲ့ နှမ်းဆီကို အပေါ်ကနေ စမ်းလိုက်တယ်။ ဟင်းကပြီးသွားပြီ! သူမက မီးဖိုထဲက လူတိုင်းကို တစ်ချက်ကြည့်ပြီးတော့ သူတို့ကို မြည်းဖို့ အရိပ်အခြည်ပြခဲ့တယ်။

"ဒါပြီးသွားပြီလား" လို့ တစုံတယောက်က မယုံဘဲ မေးခဲ့တယ်။အခန်းထဲမှာ ကျန်နေတဲ့ သူတွေက သူမကို တုန်လှုပ်ချောက်ချားစွာ ကြည့်နေခဲ့တယ်။ ဒါက ဟင်းသီးဟင်းရွက်စိမ်းတွေကို ပြုတ်ရုံဘဲ မဟုတ်ဘူးလား။

တခြားတဖက်မှာလဲ စားဖိုမှူးခေါင်းဆောင်ဝမ်ရဲ့မျက်နှာပေါ်မှာ အတွေးများနေတဲ့ မျက်နှာ အမူအရာ ဖြစ်နေတယ်။ သူရဲ့ ချက်ပြုတ်တဲ့ အတွေ့အကြုံအရ ဟင်းက ပိုပြီး ရိုးရှင်းလေ စားဖိုမှူးရဲ့ လုပ်နိုင်စွမ်းကို စမ်းသပ်လေဖြစ်တယ်ဆိုတာ သိခဲ့တယ်။သူက ဇွန်း၊ခက်ရင်းအစုံကို ဆုပ်ကိုင်လိုက်တယ်။ ပြီးတော့ သူရဲ့ပါးစပ်ထဲကို တခုတည်းသော ဟင်းရွက်ပင်စည်ကို ထည့်လိုက်တယ်။ ခရုဆီရဲ့အရသာနဲ့ လက်ဆတ်တဲ့ ဟင်းသီးဟင်းရွက်က ပြည့်စုံစွာပေါင်းစပ်ပြီး ပျော်ဝင်သွားတယ်။ ဒါသူအရင်ကလုံးဝ မစားဖူးတဲ့ အရသာဖြစ်သည်။ သို့သော် သူ့ရဲ့စိတ်ကို အလွန်အံ့ဩသွားစေသည်။

တစိမ့်စိမ့်တွေးပြီး ပီတိဖြစ်နေတဲ့ ခေါင်းဆောင်စားဖိုမှူးဝမ်ရဲ့ မျက်နှာက ကျိုးကျီရှီရဲ့ သိချင်စိတ်ပြင်းပြမှုကို ဖြစ်ပေါ်ခဲ့တယ်။ အရသာရှိတဲ့ ဟင်းတွေအများကြီး စားဖူးတဲ့ ခေါင်းဆောင်စားဖိုမှူးလိုလူက ဘယ်လိုဖြစ်တာလဲ။ ဒီလိုမျိုး တစုံတခုကို အရူးအမူးဖြစ်နေတယ်!! ဒါက ပြုတ်ထားတဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ အပေါ်ကစမ်းလိုက်တဲ့ ခရုဆီလေးပဲလေ.....

တစ်စက္ကန့်လောက် သေချာကြည့်ပြီးနောက် သခင်လေးက သူကိုယ်တိုင်မြည်းကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူကလည်း ညှာတံတခုကို ယူလိုက်ပြီးသူ့ရဲ့ ပါးစပ်ထဲကို ဂရုတစိုက် ထည့်လိုက်တယ်။ ချမ်းသာတဲ့ မိသားစုမှာ ကြီးလာတဲ့အတွက် သူက ဘာမှမပါတဲ့ အသီးအရွက်ထက် အသားကို စားရတာ သဘာဝကျကျ ပိုကြိုက်တယ်။သူ့ရဲ့အမေက သူ့ထမင်းစားရင် ဟင်းသီးဟင်းရွက်အချို့ပါစားဖို့ နှစ်တွေအများကြီး အားထုတ်မှုတွေအများကြီးနဲ့ ဖြတ်သန်းခဲ့ရတယ်။

သူ့မိသားစုရဲ့စားဖိုမှူးက ဟင်းသီးဟင်းရွက်ချက်တဲ့နေရာမှာ တစ်ဖက်ကမ်းခတ်အောင် လေ့ကျင့်ခဲ့ရသည်။ တကယ်တော့ ဆွေကြီးမျိုးကြီးတွေနဲ့ မင်းမျိုးမင်းနွယ်တွေက သူ့မိသားစုဆီက ဒီစားဖိုမှူးကို ရောင်းရန် တစ်ကြိမ်မက မေးလာခဲ့ကြသည်။ ဒါပေမယ့် ကမ်းလှမ်းချက်တွေ အားလုံးကတော့ ငြင်းပယ်ခံလိုက်ရတယ်။

သို့သော်လည်း အဆင့်မြင့်မြင့်ချက်ပြုတ်ထားတဲ့ အရသာကောင်းမွန်တဲ့ ဟင်းတွေက ဒီမိန်းမ ငယ်လေး လုပ်ထားတဲ့ ရိုးရှင်းတဲ့ဟင်းကိုတောင် မယှဉ်နိုင်ဘူး။ လျှို့ဝှက်ပါဝင်ပစ္စည်းကြောင့်ဆိုတာ သိသာပါတယ်။

ကျိုးကျီရှီနဲ့ ခေါင်းဆောင် စားဖိုမှူးဝမ်က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်တယ်။ သူတို့ရဲ့ နောက်တစ်ဆင့်ကဘာလဲဆိုတဲ့ အတွေးနဲ့နှလုံးသားတွေ တူညီနေခဲ့တယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ လောဘကြီးတဲ့ အလင်းရောင်က စပြီးလင်းလက်လာခဲ့တယ်။

"ယွီမိသားစုက မိန်းမငယ်လေး၊ မင်းမှာ.....မင်းမှာ မင်းရဲ့ နည်းလမ်းကို ရောင်းဖို့ အစီအစဉ် ရှိလား" တတိယသခင်လေးကျိုးနဲ့ ခေါင်းဆောင် စားဖိုမှူးဝမ်က တစ်ချိန်တည်း မေးလိုက်တယ်။

"သခင်လေးတို့ နှစ်ယောက်က ခရုဆီရောစပ်နည်းကို မေးနေတာလား၊ အဲ့တာကို ရောင်းမလားဆိုတာ ဘာကိုဆိုလိုတာလဲ၊ အစောက ဒါကို လုပ်တုန်းက ကျွန်မဘာမှ မကွယ်ဝှက်ထားပါဘူး၊ တကယ်လို့ တချို့နေရာတွေ ရှုပ်ထွေးသွားရင်လည်း လွတ်လွတ်လပ်လပ် မေးလို့ရပါတယ်"

ယွီရှောင်ချောင်းက ပိုက်ဆံအတွက်နဲ့ သူမရဲ့ ရောစပ်နည်းကို ရောင်းရန် မရည်ရွယ်ထားဘူး။ ကောင်းမွန်တဲ့အပြုအမူတွေနဲ့ ဆက်သွယ်မှုတွေကို တည်ဆောက်ဖို့ကသာ သူမအတွက် ပိုအရေးကြီးတယ်။

ကျိုးကျီရှီက ထန်ကူမြို့ရဲ့ အကောင်းဆုံး စားသောက်ဆိုင်ပိုင်ရှင်ဖြစ်ရုံသာမက နိုင်ငံရဲ့ ကြီးမားတဲ့ ကုန်သည်မိသားစုလေးခုထဲက တစ်ခုဖြစ်တဲ့ ကျိုးမိသားစု ရဲ့ ငယ်ရွယ်တဲ့ သခင်လေးလည်းဖြစ်တယ်။ အနာဂတ်မှာ သူ့ဆီကနေ ကူညီမှုတွေ သူမ လိုအပ်လာလိမ့်မယ်။ အခုချိန်လောဘကြီးလိုက်တာထက် ထင်မြင်ချက်ကောင်းလေးတွေ ချန်ထားခဲ့တာက ပိုကောင်းလိမ့်မယ်။ သူမမှာ သူငယ်ချင်းများများ ရှိလေလေ အနာဂတ်မှာ သူမ ရွေးချယ်နိုင်တဲ့ အခွင့်အရေး ပိုရှိလေလေ ဖြစ်သည်။

အခန်း ၁၆ (ဈေးဝယ်ထွက်ခြင်း)

စားဖိုမှူးခေါင်းဆောင်ဝမ်က ချက်ပြုတ်ရေးအရည်အချင်းတွေ ပြည့်ဝတယ်လို့ လူသိများတဲ့ မိသားစုမှာ ကြီးပြင်းလာခဲ့သူဖြစ်သည့်အတွက် ချက်ပြုတ်ရေးလောကကြီးက ဘယ်လောက်ထိ ပြိုင်ဆိုင်မှု ပြင်းထန်ကြတယ်ဆိုတာ သိပြီးသားဖြစ်သည်။ သူ့ရဲ့အတွေ့အကြုံအရ သီးသန့်အထူးဟင်းလျာရှိတဲ့ နာမည်ကြီးစာဖိုမှူးအားလုံးက သူတို့ရဲ့ ဖော်စပ်နည်းကို စိတ်အားထက်သန်စွာ သိုဝှက်သိမ်းဆည်း ကြတယ်။ သို့သော်လည်း သူ့ရှေ့မှာရှိတဲ့ မိန်းမငယ်လေးက သူမရဲ့လျှို့ဝှက်ချက်တွေကို မျှဝေတဲ့အခါ စိတ်စနိုးစနောင့် ဖြစ်တာမျိုးမရှိခဲ့ပေ။ စားတော်ကဲဝမ်ကမပြောခင် သူ့လက်တွေကို ရက်ကိုးရက်ကန်းနဲ့ ပွတ်နေခဲ့တယ်။

"ယွီမိန်းကလေး... မင်း နောက်ဆုံး,ဆုံးဖြတ်ချက်ကို မချခင် မင်းမိဘတွေနဲ့ဆွေးနွေးတာက အကြံကောင်း ဖြစ်လိမ့်မယ်"

"သူတို့ကိုမေးဖို့မလိုဘူး ဒီဖော်စပ်နည်းကို ကျွန်မကိုယ်တိုင် လုပ်ထားတာ အိမ်ကဘယ်သူမှ ဒါနဲ့ပတ်သတ်ပြီးမသိကြဘူး မယုံရင် အခုကျွန်မအစ်ကို ကိုသွားမေးကြည့်လိုက်"

ယွီရှောင်ချောင်းက ခေါင်းဆောင်စာဖိုမှူးရဲ့ အကြံပေးချက်ကို သူမရဲ့လက်ကို ဝှေ့ယမ်းပြပြီး ငြင်းဆိုခဲ့တယ်။

တတိယသခင်လေးကျိုးက သူမပြောတဲ့စကားကို ယွီဟန်နဲ့အတည်ပြုပြီးတာနဲ့ သူရဲ့နောက်ဆုံး ဆုံးဖြတ်ချက်ကို မချခင် တော်တော်လေးစဉ်းစားခဲ့တယ်။ "ဒါပေါ့ ငါ မင်းရဲ့ ရက်ရက်ရောရော ပေးတဲ့လက်ဆောင်ကို ကျေကျေနပ်နပ် ယူပါ့မယ် အနာဂါတ်မှာ မင်းဒုက္ခနဲ့ကြုံတွေ့ခဲ့ရင် ငါ့ကိုရှာဖို့ ကျိုးမိသားစုအိမ်တော်ကို လွတ်လွတ်လပ်လပ်လာခဲ့ပါ"
ယွီရှောင်ချောင်းက ကြည်နူးတဲ့အတွေးနဲ့ ပြုံးခဲ့တယ်။ ‘လူတတ်လေး , ငါ မင်း အဲ့လိုပြောမှာစောင့်နေတာ!’

"သြော်…ဒါနဲ့! အခုရာသီဥတုကပူနေတော့ ကျန်တဲ့ ခရုဆီတွေကို ရေခဲပုံးထဲမှာ သိမ်းထားလိုက်ပါ၊ မပုပ်သိုးခင် တစ်လထက်ပိုပြီးထားလို့ မရဘူး"
ထိုလူနှစ်ယောက်ကို သူမ နောက်ဆုံးအနေနဲ့ အကြံဉာဏ်ပေးပြီးတဲ့နောက်မှာ သူမ ခက်ခက်ခဲခဲရခဲ့တဲ့ ပိုက်ဆံအိတ်လေးကိုပွတ်ပြီး ထွက်ခွာဖို့ပြင်ဆင်ခဲ့တယ်။

"စိတ်မပူပါနဲ့! အခုငါတို့မှာ ခရုဆီအများကြီးရှိပုံပေါ်ပေမယ့် ကျိန်ရှုံစားသောက်ဆိုင်မှာ စားသုံးသူတွေအများကြီးရှိတယ်၊ ဒါက တစ်ပတ်လောက်ကြာမယ်ဆိုရင်တောင် ငါအံ့သြမိမှာ" စာဖိုမှူးခေါင်းဆောင်ဝမ်က ခရုဆီတွေကို ပုလင်းထဲလောင်းထည့်လိုက်ပြီး ရတနာတစ်ခုလိုမျိုး ပွေ့ဖက်ထားခဲ့တယ်။ ပြီးမှ တွန့်ဆုတ်ဆုတ်နဲ့ အောက်ပြန်ချထားလိုက်သည်။

တချိန်တည်းမှာပဲ ကျိန်ရှုံစားသောက်ဆိုင်ထဲမှာ စားသုံးသူတွေ များလာခဲ့တယ်။ ပြီးတော့ နောက်ဘက်မီးဖိုချောင်မှာလည်း လှုပ်ရှားမှုတွေနဲ့ ယောက်ယက်ခတ်သွားလာနေကြတယ်။ ကျိုးကျီရှီက ရာဇဝတ်စီရင်ရေးမှူးဝူရဲ့ စားသောက်ဖွယ်စာရင်းထဲကို ကမာအနှစ်ဟင်းရွက်စုံကို ထည့်ဖို့ စားသောက်ဆိုင်ဝန်ထမ်းကို မှာခဲ့တယ်။

စားဖိုမှူးခေါင်းဆောင်ဝမ်က ပင်လယ်ခရုတွေကို ထုတ်ယူလိုက်ပြီး အာရုံစူးစိုက်နေလိုက်သည်။ သူက စီရင်ရေးမှူးရဲ့ဧည့်သည်တွေ အံ့သြသွားဖို့နဲ့အထင်ကြီးဖို့ အရည်အသွေးကောင်းတဲ့ ပင်လယ်ခရုကို ဆက်သနိုင်ရန် အကောင်းဆုံးနည်းလမ်းကို ရှာဖွေဖို့လိုအပ်တယ်။

ယွီရှောင်ချောင်းက မကူညီနိုင်ပေမယ့် သူ့ကိုအကြံဉာဏ်တစ်ခုပေးခဲ့တယ်။

"ကြက်သွန်ဖြူအနှစ်နဲ့ပင်လယ်ခရုဟင်းကို လုပ်လို့ရတာပဲ၊ တကယ်လို့ ဧည့်သည်တွေက ကြက်သွန်ဖြူအရသာကို မကြိုက်ရင် ခရုဆီကိုအစားထိုးလို့ရတယ်၊ ခရုဆီက ပင်လယ်ခရုရဲ့ ပင်ကိုအရသာကို မြှင့်တင်နိုင်တယ်၊ ဒါပေမယ့် စာဖိုမှူးဝမ်ပဲ သေချာဆုံးဖြတ်ပါ"

တတိယသခင်လေးကျိုးနဲ့ ဆိုင်တာဝန်ခံကျောင်းရဲ့ လိုက်လံပို့ဆောင်မှုအောက်မှာ မောင်နှမနှစ်ယောက်က ကျိန်ရှုံစားသောက်ဆိုင်ကနေ နောက်ဆုံးတော့ ထွက်ခွာသွားခဲ့တယ်။ တစ်ချိန်တည်းမှာပဲ စီရင်ရေးမှူးရဲ့သားက ကျောင်းပြီးတာနဲ့ တန်းပြန်လာတော့ မောင်နှမနှစ်ယောက် ထွက်သွားတာကို မြင်လိုက်ရတယ်။

တတိယသခင်လေးကျိုးက သာမန်အားဖြင့် နှိမ့်ချတတ်တဲ့လူမဟုတ်ဘူး။ အဲ့တာကြောင့် လမ်းဘေးကလေးတွေလို ဝတ်ထားတဲ့ ကလေးနှစ်ယောက်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံတာ မြင်ရတာက ပုံမှန်မဟုတ်ပေ။ လူငယ်လေးကမနေနိုင်ပဲ မသင်္ကာစွာမေးခဲ့တယ်။

"တတိယသခင်လေးကျိုး ဒီကလေးနှစ်ယောက်ရဲ့ထူးခြားတဲ့လက္ခဏာက ဘာတွေလဲ သူတို့က မင်းမျက်လုံးကိုဖမ်းစားနိုင်ဖို့ဆို ထူးခြားရမယ်"

ကျိုးကျီရှီက သူ့လက်နှစ်ဖက်ကိုဆုပ်ကိုင်ပြီး ဝတ်ကျေတန်းကျေ နှုတ်ဆက်လိုက်တယ်။ သူက သူ့ပုံမှန်ဂိုက်ထုတ်နေကျအတိုင်း မြန်မြန်ပြန်နေလိုက်တယ်။

"အကို ဝူ ဒီနေ့ကျောင်းကနေ စောစောထွက်ခွင့်ရတယ်မလား၊ လာခဲ့ လာခဲ့! ငါ့မှာ တိမ်နဲ့မြူ လက်ဖက်ရည်ပို့ကုန်အသစ် ရှိတယ်၊ ဒီအသုတ်မှာက ပြင်းတဲ့အမွှေးနံ့သာနဲ့ လက်ဆတ်တဲ့ နှင်းအရောင်ရှိတယ်နော် အခုဆို ရှာဖို့အရမ်းခက်ခဲနေတာ!"

သခင်လေးဝူမှာ လက်ဖက်ရည်တွေကိုသောက်ပြီး နှိုင်းယှဉ်ရတာ ကြိုက်တဲ့ဝါသနာတစ်ခုရှိသည်။ ကျိန်ရှုံစားသောက်ဆိုင်က ရှားပါးတဲ့အသုတ်ကို ရခဲ့တယ်လို့ ကြားတော့ သူ့ရဲ့စိတ်ထဲကနေ

ထူးဆန်းတဲ့မောင်နှမအတွဲနဲ့ပတ်သတ်ပြီး သိချင်တဲ့အတွေးတွေ တစ်ခါတည်းပျောက်သွားတော့တယ် ။ သူက ကျိုးကျီရှီနဲ့အတူ ကိုယ်ပိုင်အခန်းထဲကို လိုက်ဝင်သွားလိုက်သည်။

....

"ဈေးဝယ်ထွက်ကြစို့ အကြီးဆုံးအစ်ကို! ဒီနေ့ အစ်ကိုစားချင်တာမှန်သမျှ ဝယ်ကျွေးမယ်!" အခုတော့ ယွီရှောင်ချောင်းက သူမလက်ထဲမှာ ပိုက်ဆံကိုကိုင်ထားပြီး ယုံကြည်မှုပိုရှိလာတယ်။ သူမရဲ့ကျောကိုမတ်ပြီး လမ်းဆင်းလျှောက်ခဲ့တယ်။

ယွီဟန်က သူမရဲ့နဖူးကို ကျီစယ်တဲ့အနေနဲ့ သာသာလေး တောက်လိုက်တယ်။ ထို့နောက် အသံကိုနှိမ့်ပြီး ပြောတယ်။

"ငါတို့မှာ အိမ်သူအိမ်သားတွေ ရှိသေးတယ်လေ၊ ငါတို့ရှာထားတာတွေ သူတို့ကိုပေးရမယ်၊ အဘွားက ငါတို့ဆီမှာ ငွေတွေအများကြီးရှိတယ်ဆိုတာသိရင် သေချာပေါက် ပျော်မှာမဟုတ်ဘူး၊ ငါတို့....."

ယွီရှောင်ချောင်းက သူမအဝတ်အစားထဲမှာ ဝှက်ထားတဲ့ပိုက်ဆံအိတ်ကို ကာကွယ်ဖို့ လက်တွေကို အမြန်ကွယ်လိုက်တယ်။ သူမမျက်လုံးတွေက မခံမရပ်နိုင်ဖြစ်ပြီး တောက်ပနေတယ်။
"ကျွန်မတို့အဖေ အိမ်ကိုပေးတဲ့ပိုက်ဆံက မလုံလောက်ဘူးလား၊ သူက မြို့မှာစာလေ့လာနေတဲ့ ဦးလေးအပါအဝင် မိသားစုတခုလုံးကို စောင့်ရှောက်ပေးတဲ့သူပဲ၊ မိသားစုတွေကို စောင့်ရှောက်ဖို့ အကြီးတွေ နည်းလမ်းရှာပါစေ၊ ကျွန်မတို့ရတဲ့ ဝင်ငွေလေးကို သူတို့သိဖို့မလိုပါဘူး"

ယွီဟန်က တခုခုပြောဖို့သူ့ရဲ့ပါးစပ်ကိုဟလိုက်ပေမယ့် သူ့ညီမက အမြန်ကြားဖြတ်ပြောလိုက်တယ်။

"ပေးရမယ် လွှဲပေးရမယ်! အစ်ကိုတို့က အဘွားရဲ့အပြုအမူကို အားပေးနေကြတာပဲ။ အဲ့တာနဲ့ ပတ်သတ်ပြီးစဉ်းစားကြည့် အဖေ သူတို့ကို ပိုက်ဆံဘယ်လောက်ပေးခဲ့လဲ ပြီးတော့ ကျွန်မတို့ဆီ ပိုက်ဆံဘယ်လောက်ပြန်ပေးလို့လဲ ဒီနေ့ရခဲ့တဲ့ပိုက်ဆံနဲ့ပတ်သတ်ပြီး ဘယ်သူ့ကိုမှမပြောပြနဲ့ မဟုတ်ရင် အစ်ကိုက ငါ့အစ်ကိုမဟုတ်တော့ဘူး!"

ယွီရှောင်ချောင်းက အပြတ်ငြင်းနေတာကိုမြင်ပြီး ယွီဟန်က သူမစိတ်ကိုပြောင်းလဲဖို့ ကြိုးစားတာ အသုံးမဝင်ဘူးဆိုတာ သိခဲ့တယ်။ အဲ့ဒီအစား သူမကိုသတိပေးခဲ့တယ်။

" မင်းပိုက်ဆံတွေကို ကောင်းကောင်း ဖွက်ထား! အဘွားနဲ့ တခြားမိသားစုဝင်တွေရှာမတွေ့စေနဲ့...."

"ညီမလေးတာဝန်ယူထားတဲ့ ကိစ္စနဲ့ပတ်သတ်ပြီး လုံးဝမစိုးရိမ်နဲ့!" ယွီရှောင်ချောင်းက သူမအားလုံးကို ကိုင်တွယ်နိုင်တယ်ဆိုတာကိုပြဖို့ရင်ဘတ်ကိုပုတ်ပြလိုက်တယ်။ သူမမှာပိုက်ဆံရှိတော့ စိတ်ခံစားချက်တွေတက်ကြွနေတယ်။ သူမက သူမအစ်ကိုကို အားရဝမ်းသာဆွဲပြီးတော့ ပထမဆုံးအကြိမ် ဈေးဝယ်ထွက်ကြတယ်။

သူတို့နှစ်ယောက်က လမ်းလျှောက်နေရင်း ယွီရှောင်ချောင်းက ဈေးနှုန်းတွေကို စစ်ဆေးခဲ့ပြီး အနာဂါတ်မှာ အသုံးပြုနိုင်ဖို့အတွက် ဝယ်ခဲ့တယ်။ ပြောင်းစေ့ ဆိုင်မှာ ကောက်နှံပင်၊အာလူး ကစီဓာတ် နဲ့ ပြောင်းဖူးတွေက တစ်ကျင်းကို ကြေးဒင်္ဂါးနှစ်ပြားရှိတယ်။ အဖြူရောင်ဂျုံက တစ်ကျင်းကို ကြေးဒင်္ဂါးငါးပြား ရှိတယ်။ မြောက်ပိုင်းမြေမှာ စပါးအများကြီး မစိုက်တာကြောင့် တစ်ကျင်းကို ကြေးဒင်္ဂါး ခုနစ်ပြားရှိတယ်။

တစ်ခုတည်းသော ကြက်သားက ကြေးဒင်္ဂါးပြား လေးဆယ်ရှိနေစဉ်မှာ အရည်အသွေးကောင်းတဲ့ ဝက်သားက တစ်ကျင်းကို တန်ဖိုး ကြေးဒင်္ဂါးပြား နှစ်ဆယ် တန်ဖိုးရှိတယ်။

မကြာမီကအင်ပါယာမှာ တည်ငြိမ်တဲ့ ဈေးနှုန်းရှိသော်လည်း ငြိမ်းချမ်းခြင်းဟာ အင်ပါယာမြို့တော်ထဲမှာသာလျှင်ရှိလေသည်။ တုန်ရှန်းကျေးရွာလို တံငါရွာတွေမှာရှိတဲ့ သာမန်လူအများစုက တစ်နေ့တစ်နေ့ ဆင်းရဲနွမ်းပါးပြီး ရိုးရှင်းတဲ့ တံငါသည်ဘဝနဲ့ နေထိုင်ကြတယ်။

ဒီကမ္ဘာရဲ့ အခြေအနေတွေကို ပိုပြီး နားလည်လာလေလေ ယွီရှောင်ချောင်းက သူမရဲ့ ကမ္ဘာဟောင်းကို လွမ်းလေလေဖြစ်တယ်။ ခေတ်ဆန်တဲ့ဘဝက ပိုပြီး ကောင်းတယ်။ သူမရဲ့ ငယ်ဘဝက မလွယ်ကူရင်တောင်မှ ဒီနေရာက လူအများစုရဲ့ ဘဝတွေလောက် မဆိုးသေးဘူး။ သူမ အတိတ်ဘဝမှာ အကြီးဆုံး အစ်မအဖြစ်နေခဲ့ပြီးနောက် သူမက တာဝန်ဝတ္တရားအားလုံးကို ကိုင်တွယ်လေ့ ရှိခဲ့ဖူးသူဖြစ်သည်။ သူမရဲ့ချမ်းသာဖို့ စိတ်ကူးက သူမစိတ်ထဲ စတင်လှည့်လည် ထွက်ပေါ်လာခဲ့တယ်။ သူမ မိသားစုကို ပိုကောင်းတဲ့ဘဝ ရဖို့အတွက် သူမ ပိုက်ဆံအများကြီး ပိုလိုအပ်တယ်။ သူတို့ နောက်နေ့ အစားအစာအတွက် စိတ်မပူရတဲ့ အခြေအနေမျိုး ဖြစ်စေချင်တယ်။

အနီးအနားမှာရှိတဲ့ လက်ပွေ့ရောင်းသူက ဟစ်အော်လိုက်တယ်။ "အသားပေါက်စီကြီးတွေ ! အရသာရှိပြီး ကောင်းတဲ့ အသားပေါက်စီတွေ!!" သူမ အတွေးတွေကတဆင့် သူ့ရဲ့ စူးရှတဲ့ အသံက ဖြတ်သွားခဲ့တယ်။

ဂွီ ဂွီ.......သူတို့ရဲ့ အစာအိမ်တွေက မြည်ပြီး အစားအစာကို အတွေးမှာ တောင်းတခဲ့တယ်။ သူတို့နှစ်ယောက်လုံး ဒီမနက် အစောထထားရပြီး မထွက်လာခင်လည်း ဘာမှ မစားထားခဲ့ရဘူး။

ယွီရှောင်ချောင်းက ရှုံ့တွနေတဲ့အစာအိမ်ကို ပွတ်ပြီး သူမရဲ့ နှာခေါင်းက အသား ပေါက်စီတွေရဲ့ အနံ့မှာ လွင့်မျောနေခဲ့တယ်။ သူမက လက်သီးကို လေထဲမှာ ဝဲပြီး "လာ အသား ပေါက်စီတချို့ သွားစားရအောင်" လို့ပြောလိုက်တယ်။

"ကျွန်မတို့ကို အသား ပေါက်စီ လေးခု နဲ့ ကြက်ဥ စွပ်ပြုတ် နှစ်ပန်းကန်ပေးပါ" သူတို့ အစားအစာကို ရပြီးနောက် ယွီရှောင်ချောင်းက လမ်းတဖက်က စားပွဲနိမ့်လေးဆီ လမ်းလျှောက်သွားခဲ့ပြီး သူမရဲ့ အစ်ကိုကို အစား,စားဖို့ ခေါ်ခဲ့တယ်။ သူတို့ အဆင့်မြင့် စားသောက်ဆိုင်မှာ မစားနိုင်သေးသော်လည်း အစားအသောက်ဈေးတန်းတွေမှာတော့ သူတို့ စားချင်သလောက် စားနိုင်သည်။

ယွီဟန်က မြို့ကို မလာခင် သူ့ရဲ့ အဖေနဲ့ ခရီးတိုတွေ သွားခဲ့တယ်။ ထိုခရီးတိုတွေမှာ ခြိုးခြံချွေတာပြီး ကြေးဒင်္ဂါး တစ်ပြားတောင် သူတို့ မသုံးခဲ့ဘူး။ တခြားတဖက်မှာတော့ သူရဲ့ ညီမလေးက လုပ်ငန်းတစ်ခုမှာ ငွေဒင်္ဂါးတွေ သုံးနေတဲ့အပေါ် စိတ်အနှောင့်အယှက်မရှိဘူး။ သူတို့စားဖို့အတွက် သူမအသုံးပြုနေတဲ့ ပမာဏက သူတို့ ဂျုံဖြူ သုံးကျင်းနဲ့ ဆန်နှစ်ကျင်းဝယ်ဖို့ လုံလောက်တယ်။

"ငါ...ငါ အဲ့အစား ဘာမှမပါတဲ့ ပေါက်စီသုံးခုစားပြီး ရေဘဲ သောက်မယ်" လို့ ယွီဟန်က ဈေးတွေကို ကြည့်ပြီးတဲ့နောက်မှာ ပြောခဲ့တယ်။ သူက သူ့စားဖို့အတွက် ကြေးဒင်္ဂါး တစ်ပြားကိုသာ သုံးခဲ့တယ်။

ယွီရှောင်ချောင်းက သူမရဲ့အစ်ကိုရဲ့ ခြိုးခြံချွေတာစိတ်က သူ့အရိုးထဲအထိစွဲနေတာကို သိခဲ့တယ်။ သူမက ကြေးပြားဒင်္ဂါး ဆယ့်နှစ်ခုကို တိတ်တိတ်လေး ရေတွက်ပြီး မနက်စာရောင်းတဲ့ လက်ပွေ့ရောင်းသူကို ပေးခဲ့တယ်။ ဈေးသည်က ပါးနပ်စွာ ပေါက်စီလေးခုကို ထည့်ပေးပြီး စွပ်ပြုတ်ပူလေးနှစ်ပန်းကန်ကို သူ့မိန်းမက ယောက်ချိုနဲ့ ထည့်ပေးခဲ့တယ်။

"ဂျေးမများနဲ့! ငါတို့ အစားအစာတွေ ဝယ်ပြီးပြီ
ဒါကြောင့် အခုစားလိုက်" ယွီရှောင်ချောင်းက ပူတဲ့ ပေါက်စီတွေထဲက တစ်ခုကို ဆွဲယူပြီး ယွီဟန်လက်ထဲကို ထိုးထည့်ပေးလိုက်တယ်။ သူမက သူမပါးစပ်ကို အကျယ်ကြီး ဟလိုက်တယ်။ ပြီးတော့ သူမရဲ့ သွားတွေက ပေါက်ဆီထဲမှာ မြုပ်သွားခဲ့တယ်။

အမ်......ဒီ ရှေးလူတွေက အရသာရှိတဲ့ အသားပေါက်စီတချို့ကို ဘယ်လိုလုပ်ရမလဲ သိခဲ့တာပဲ။ အပေါ်ယံအလွှာကို သင့်လျော်သလို ပါးပြီး ပေါက်စီထဲမှာ အဖြည့်အစွက်တွေအများအပြား ဖြည့်ထားတယ်။ ကိုက်လိုက်တိုင်းမှာ စိတ်ကျေနပ်ပြီး အသားအရသာလည်း ကြွယ်ဝတယ်။ သူမရဲ့ ပါးစပ်မှာ အရည်ပျော်ပြီး အရသာတွေ ပြည့်နေတယ်။ သူမက အရမ်း ဗိုက်ဆာနေတာကြောင့်လားတော့မသိ ဒီကမ္ဘာမှာ အသားပေါက်စီထက် အရသာရှိတဲ့ အသားမရှိတော့ဘူးဟု တွေးနေမိသည်။

သူမဟာ စွပ်ပြုတ်ကို တစ်ငုံစီသောက်လိုက် အသားကို တကိုက်စီစားလိုက် လုပ်နေတယ်။ မိနစ်ပိုင်းအတွင်းမှာ ရှောင်ချောင်းက ပေါက်စီနှစ်ခုနဲ့ သူမရဲ့ စွပ်ပြုတ်ပန်းကန်ကို အပြတ်ရှင်းခဲ့တယ်။ သူမရဲ့ စိတ်ကျေနပ်မှု ရသွားခဲ့တယ်၊ သူမက သူမရဲ့ ပျော်ရွှင်မှုကို လေချဉ်တက်ပြီး ဖော်ပြခဲ့တယ်။ ဒါကြောင့် အခုတော့ ဗိုက်ပြည့်ပြီ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က သူမ ဒီနေ့ စားသလောက် တစ်ခါမှ မစားနိုင်ခဲ့ဘူး။ ဒါကြောင့် ပိုက်ဆံရှိတာ ကောင်းတယ်။ ဒီအတွေ့အကြုံက အနာဂတ်မှာ သူမကို ကိုယ်ပိုင်ပိုက်ဆံစုဖို့ ဆုံးဖြတ်ချက်ကို အခိုင်အမာ ဖြစ်စေခဲ့တယ်။

ယွီဟန်က ရှောင်ချောင်းထက် ကြီးသည်ဆိုသော်လည်း သူသည်လည်း ယခုမှ ဆယ်နှစ်အရွယ်ကလေးသာဖြစ်သည်။ သူ့ရဲ့ ညီမလေး ပျော်ရွှင်စွာ စားနေတာကို မြင်ပြီးတဲ့နောက် သူလည်းမတတ်နိုင်ခဲ့ဘူး။ သူလည်း တစ်ကိုက်စားလိုက်တယ်။ ပထမ တစ်ခါကိုက်ပြီးတဲ့နောက် ကျန်တဲ့အပိုင်းတွေက အတိတ်ဖြစ်ကုန်တယ်။ သူ မသိလိုက်ခင်ပဲ အစားအစာအားလုံးက သူ့ရဲ့

ဗိုက်သေးသေးလေးထဲမှာ ပျောက်သွားခဲ့တယ်။ သူက ရှက်ကိုးရှက်ကန်းနဲ့ နှာခေါင်းကို ပွတ်ပြီး ကသိကအောက်နဲ့ ပြုံးပြခဲ့တယ်။

"ဒီဆိုင်ရဲ့ အသားပေါက်စီတွေက တကယ်အရသာရှိတာဘဲ! ငါတို့ ဒါကို အမေ၊အဖေနဲ့ ရှီထုန်လေး အတွက်ကော ဝယ်ဖို့လိုတယ်!" ယွီရှောင်ချောင်းက ကပ်စေးနှဲ တဲ့သူမဟုတ်ပေ။ သူမက ကောင်းတာကို မိသားစုနဲ့ ဝေမျှချင်တယ်။ စိတ်မပူနဲ့ မောင်လေး မင်းရဲ့အစ်မက အနားမှာ ကောင်းတဲ့ အစားအသောက်တွေ ရှိတိုင်း မင်းကို အမြဲတမ်း သတိရပါတယ်။ ငါက အစ်မကောင်း မလား!

ယွီဟန်ရဲ့ ချစ်စရာကောင်းတဲ့ မျက်နှာလေးက စိုးရိမ်ပြီး ရှုံ့မဲ့နေခဲ့တယ်။ "ငါတို့ မိဘတွေ၊ညီမလေးနဲ့ မောင်လေးအတွက် ဝယ်သွားရတာ ကိစ္စမရှိပေမယ့် တခြားသူတွေ မရနိုင်ဘူး။ တကယ်လို့ အဖွားသာ သိရင် ငါတို့ ပိုက်ဆံ ဘယ်ကရလဲ သေချာပေါက် သိချင်လိမ့်မယ်၊ မိသွားရင် ငါတို့တော့သေပြီ"

အပိုင်း ၁၇ (မိဘရဲ့ချစ်ခြင်းတရား)

ယွီရှောင်ချောင်း သူမအစ်ကိုကို စိုက်ကြည့်လိုက်သည်။
"အစ်ကိုကလည်း ညံ့လိုက်တာ....ငါတို့က ဘာလို့ အဖွားကို သိခွင့်ပေးရမှာလဲ...အကြီးဆုံး အရီးကို ဥပမာထားစမ်းပါ...သူက အချိန်တိုင်းပဲ တိတ်တိတ်လေးကြိတ်စားနေတာ!.."

သူတို့ရဲ့ အကြီးဆုံးအရီး, အမျိုးသမီးလီက သူမမိဘအိမ်ကို သွားတဲ့အခါ ဘယ်တော့မှ လက်ဗလာနဲ့ ပြန်မလာခဲ့ဘူး။ ဒါပေမဲ့ သူမယူခဲ့တဲ့ အစားအစာတွေ အကုန်လုံးကို သူမအခန်းထဲမှာသာ ဖွက်ထားလေ့ရှိသည်။ ဘယ်သူမှ မရှိသည့်အခါမှသာ စားစရာ တစ်ချို့ကို ခိုးကြောင်ခိုးဝှက်ယူကာ သူမသားနှင့်အတူ စားတတ်သည်။

ယွီရှောင်ချောင်း ဆယ်ခုထက်မနည်းသော အသားပေါက်စီကို ဝယ်လိုက်ပြီး ဈေးသည်က ဆီစိမ်စက္ကူနှင့် သေချာစွာ ထုပ်ပိုးပေးသည်။ အဲ့ဒီနောက်မှာ အထုပ်ကလေးကို သူမတို့ရဲ့ မြေအိုးပုံ့လေးမှာ သိပ်ထည့်လိုက်သည်။ အစောတုန်းက အဝတ်စုတ်တစ်ချို့ကို သူတို့ရဲ့အဖိုးတန် ပင်လယ်ခရု တွေပေါ်မှာ ဖုံးအုပ်ခဲ့ကြသည်။ အခုလည်း သူတို့ရဲ့ တားမြစ်အစာသွပ်မုန့်တွေကို ဖုံးကွယ်ဖို့ တူညီတဲ့နည်းဗျူဟာကို သုံးခဲ့ကြသည်။

သူတို့နှစ်ယောက် မြို့ဝင်ပေါက်ရောက်သွားတဲ့ အချိန်မှာ ဦးလေးမာက ထိုနေရာကို ရောက်နေပြီး သူတို့ကိုစောင့်နေမှန်း တွေ့လိုက်ရသည်။ ဟင်းရွက်ရောင်းတဲ့ အမျိုးသမီးကြီးကလည်း ထိုနေရာမှာရှိသည်။ သူမ မျက်နှာမှာလည်း ပျော်ရွှင်မှုတွေနှင့် လင်းလက်နေသည်။ သူမဘေးက ခြင်းတောင်းကိုအလွတ်ကို တွေ့ရခြင်းအားဖြင့် ဘာကြောင့်လဲဆိုတာ ခန့်မှန်းဖို့မခက်ပေ။

"ရှောင်ရှု နဲ့ ရှောင်ချောင်း..မြန်မြန်လာ!...မင်းတို့နှစ်ယောက်ကို စောင့်နေတာ!..." ဦးလေးမာက သူတို့ကိုမြင်တဲ့အခါ မတ်တပ်ရပ်ပြီး လက်ကို လှုပ်ယမ်းပြကာပြောလာသည်။

" ကြက်ဥရောင်းတဲ့ အမျိုးသမီးလေးကရော..."
ယွီရှောင်ချောင်း မြည်းလှည်းထဲကို မျှော်လင့်တကြီး ကြည့်ကာ မေးလာသည်။
" သူ အခုထိမရောက်သေးဘူးလား..."

ဟင်းရွက်ရောင်းတဲ့ အမျိုးသမီးကြီးက ပြုံးပြလာကာ "အို..သူလား..သူက ကြက်ဥတွေ စောစောရောင်းကုန်သွားလို့ ပြန်နှင့်ပြီ.....အရီးကို သူ့ရဲ့ ခြင်းတောင်းပြန်သယ်လာပေးဖို့ အကူအညီတောင်းခဲ့သေးတယ်... ရှောင်ချောင်း သမီးရဲ့အိုးထဲက ဘာတွေလဲ....ကြည့်ရတာ တော်တော်လေးနေပုံပဲ..."

ယွီရှောင်ချောင်းက စိတ်ခတ်ကျစွာ သက်ပြင်းချပြီး ဝမ်းနည်းနေတဲ့ မျက်နှာလေးဖြင့်
" သမီးအမေက ပဲပုပ် ကစော်ဖောက် ထားတာလေ...အဲ့ဒါတွေကို ကြေးပြားအနည်းငယ်နဲ့ ရောင်းနိုင်ရင် အိမ်အတွက် အညှာစားဂျုံစေ့တစ်ချို့ကို ဝယ်မလို့ပဲ၊ ဒါပေမဲ့

ကြေးပြားတစ်ပြားတန်ဖိုးတောင် မရောင်းနိုင်ခဲ့ဘူး!..ပြီးတော့ အခုလည်း လှည်းစီးခအတွက် ကြေးပြားလေးပြားပဲ ရှိတော့တာ.."

အမျိုးသမီးကြီးက ဒါတွေက ပဲပုပ် ကစော်ဖောက်ထားတာတွေဆိုတာ ကြားတဲ့အခါမှာ အိုးအပေါ် စိတ်ဝင်စားမှု မရှိတော့ပေ။ သူမ မိန်းမငယ်လေးကို စိတ်မပါလက်မပါ နှစ်သိမ့်ပြီး လှည်းလက်တန်းကို မှီကာ မှိန်းနေလိုက်တော့သည်။

ယွိဟုန် သူ့ညီမငယ်လေးရဲ့ ပြေပြစ်တဲ့ လိမ်လည်မှုကို ကြားတဲ့အခါ သူမကို သေချာမကြည့်မိပဲ မနေနိုင်ချေ။ ဘယ်လိုများ လွယ်လွယ်ကူကူ လိမ်တတ်သွားတာလဲ... ဒါက မကောင်းဘူးလေ။ အိမ်ပြန်ရောက်ရင် ညီမလေးကို ဂရုတစိုက်ဆုံးမပေးဖို့ အမေ့ကိုသတိပေးရမယ်။ မဟုတ်ရင် သူ့ညီမငယ်လေးက လူဆိုးလူလိမ်လေး ဖြစ်လာနိုင်တယ်။

မောင်နှမနှစ်ယောက် ရွာပြန်ရောက်တဲ့အခါ သူတို့ကို စိုးရိမ်တကြီး စောင့်နေသော ရင်းနှီးတဲ့ ခပ်ရှည်ရှည် ပုံရိပ်လေးကို လမ်းပေါ်မှာ တွေ့လိုက်သည်။

" အဖေ..အဖေ! သမီးတို့ ပြန်လာပြီ!.." ယွီရှောင်ချောင်းက လေးလံတဲ့မြေအိုးလေးကို လက်ထဲမှာ ငြိမ်ငြိမ်လေးကိုင်ထားရင်း ဒယီးဒယိုင် ခြေလှမ်းတို့ဖြင့် ယွီဟိုင်ဆီသို့ ပြေးသွားသည်။

ယွီဟိုင် သူ့လက်တွေကို အောက်နှိမ့်ကာ သမီးငယ်လေးကို လေထဲသို့ အလွယ်တကူ မြှောက်ချီလိုက်ပြီး မျက်နှာထားတင်းတင်းနဲ့ သူ့သားကို ကြည့်လိုက်သည်။

"မင်း တော်တော် သတ္တိရှိနေတယ်ပေါ့... ဟမ်... ဘယ်သူကိုမှ တစ်ခွန်းမပြောဘဲ ညီမလေးကို ခေါ်ထုတ်သွားတယ် ဟုတ်လား...လူကြီးတစ်ယောက်မှမပါပဲ ကလေးနှစ်ယောက်တည်း သွားကြတယ်... လူဆိုးတွေနဲ့ တွေ့ရင် ဘယ်လို လုပ်မလဲ..."

ထိုနောက် သမီးလေးဘက်သို့ လှည့်ကာ ညင်သာသောအသံဖြင့် " ချောင်းအာ... နောက်ဆို မြို့ထဲ သွားချင်ရင် အဖေကိုပြော... အဖေခေါ်သွား ပေးမယ်... နေ့လယ်စာချိန်တောင် လွန်နေပြီ၊ အခု ဆာနေရောပေါ့... အဖေ သမီးတို့အတွက် ပေါင်မုန့်လုံးသုံးခု ချန်ပေးထားတယ်... ပူနေတုန်း စားသင့်တယ်..."

အား! သမီးချစ်ကြီးပဲ။ သူက အငယ်ဆုံးသမီးကိုဆို တော်တော်ရှူးရှူးမူးမူးပဲ။ သူမအဖေ ချီထားခံရတဲ့အတွက် သူမ မျက်နှာမှာ ရှက်ရိပ်လေးတွေရှိနေသည်။ သူမက သူမအဖေလက်ထဲမှ လူးလွန့်ကာ

" သမီးနဲ့ အစ်ကို က မြို့ထဲကနေ စားခဲ့ပြီးပြီ....သမီးတို့ အသားပေါက်စီအကြီးကြီးနှစ်ခု စားခဲ့တာ...သမီး အခု ဗိုက်ပြည့်နေပြီ...အဖေ သမီးတို့ အဖေ့အတွက်လည်း နည်းနည်း ယူခဲ့သေးတယ်...ခုလမ်းလျှောက်နေတုန်း စားလိုက်သင့်တယ်!..."

ယွီရှောင်ချောင်း သူမအဖွား နှမြောတွန့်တိုတာကို သိသည်။ သူမအဖေဆီမှာ သူတို့အတွက် မုန့်လုံးတွေရှိနေတယ် ဆိုကတည်းက သူ အစာငတ်တော့မှာဖြစ်သည်။
ဒီလူကမနက်အရုဏ်တက်ချိန်ထ တောင်ပေါ်ကို အမဲလိုက်သွား ပြီးရင် တောကောင်တွေရောင်းဖို့ မြို့ထဲလည်း သွားရသေးတယ်။ ဒါတွေက သူ့ကို ပိုဆာလောင်စေတယ် မဟုတ်လား။

ယွီရှောင်ချောင်းက အစာသွပ်မုန့်သုံးခုကို သူမအဖေလက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။ သူမ မြေကြီးပေါ်က သွေးတွေနဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ တောကောင်တွေကို ကြည့်မိတဲ့အခါ သူမ နှလုံးခုန်သံတွေ ခုန်ကျော်သွားသလို ခံစားလိုက်ရတယ်။

" အဖေ...သမီး ရစ်ငှက်သား စားချင်တယ်...သမီးအတွက် တစ်ခုလောက် ချန်ထားပေးလို့ ဖြစ်တယ်မို့လား..."
ဒီနေ့ အမဲလိုက်မှုက သာမန်လောက်ပင်။ ယွီဟိုင် သေးငယ်တဲ့တောကောင်လေးတွေကိုသာ ဖမ်းမိခဲ့သည်။ ရစ်ငှက်ကြီး နှစ်ကောင်၊ ယုန်ရိုင်းသုံးကောင်၊ အသားပေါတဲ့ ငှက်ရိုင်းလေး နှစ်ကောင် မျှသာ။

ယွီဟန်က သူ့ညီမလေးရဲ့ အကျီလက်လေးကို ဆွဲကာ တိုးတိုးလေးပြောလိုက်သည်။
" အဖွားက အဖေ ဒီနေ့ဖမ်းခဲ့တဲ့ တောကောင်တွေကို
မြင်ပြီးပြီ...ပိုက်ဆံဘယ်လောက်ရမယ်ဆိုတာလည်း သိပြီးသား....အဖေက ပိုက်ဆံနည်းနည်းလေးနဲ့ ပြန်ခဲ့မယ်ဆိုရင် အကုန်ဒုက္ခတွေ ရောက်ကုန်လိမ့်မယ်!...ငါတို့ ဒီနေ့ အသားပေါက်စီတွေ စားခဲ့ပြီးပြီမလား...နောက်အခါကျရင် ငါတို့ ရစ်ငှက်သား စားရမှာပါ.."

သူ့ကလေးနှစ်ယောက် အပြန်အလှန်ပြောနေကြတဲ့တလျောက်လုံး ယွီဟိုင်ရဲ့ ဖော်ရွေနှစ်သက်တဲ့ပုံစံလေးက မပြောင်းလဲသွားပေ။

"သမီးအတွက် ရစ်ငှက်ကို ချန်ရတာ ပြဿနာမဟုတ်ပါဘူး! ဒါပေမဲ့ သမီးအစ်ကို ပြောတာမှန်တယ် ချောင်အာရဲ့... သမီးနောက်ဆုံးဖျားပြီးတော့ အစာအိမ်က အားနည်းနေဦးမှာ....ဒါကြောင့် သမီး အခုချိန် ရစ်ငှက်ကင် မစားသင့်သေးဘူး... ရက်အနည်းငယ်လောက်နေလို့ ခန္ဓာကိုယ် ပြန်ကောင်းလာတဲ့အခါ သမီးစားဖို့ ဝဝကစ်ကစ် ရစ်ငှက်ကို အဖေချန်ထားပေးမယ်..."
ယွီရှောင်ချောင်း သူမရဲ့ခန္ဓာကိုယ်က ဘာမှမဖြစ်တော့ဘူးဆိုတာ တော်တော်လေး သေချာသည်။ သို့သော် သူမမိသားစုက တစ်ဦးတစ်ယောက်ကမှ မယုံကြောင်း ထင်ရှားသည်။ သူမကိုယ်တိုင် သူတို့ကို သက်သေပြပေးဖို့ လိုသေးပုံပဲ!....

ထို့နောက် မောင်နှမနှစ်ယောက်သည် သူတို့၏အမေ၊ ရှောင်လျန်နှင့်ညီငယ်လေးတို့ကိုရှာဖို့ ရွာဘက်ကို ပြေးသွားကြသည်။ မကြာခင်မှာပဲ ချောင်းစွယ်မှာ အိပ်ယာခင်းတွေလျှော်နေတဲ့ သူတို့အမေကို ရှာတွေ့သွားသည်။ ရှောင်လျန်ကတော့ သူ့မောင်လေးကို အနောက်တောင်ခြေမှာ ထင်းအချို့ ကောက်ဖို့ ခေါ်သွားသည်။

အနောက်တောင်ခြေမှာတော့ ဘယ်သူမှ မနေကြပေ။ ရွာမှတချို့လူတွေ သွားကြတာ ပုံမှန်ပင်။
ဒီနေရာက အရမ်းကိုပြည့်စုံတဲ့နေရာပဲ။
...အပဟမ်း...အပဟမ်း...ဖွက်ထားတဲ့ အသားပေါက်စီတွေ ခွဲဝေဖို့....။
သူတို့နှစ်ယောက်က သူတို့တာဝန်အသီးသီးကို ပြီးမြောက်အောင်လုပ်ဖို့ ခွဲထွက်လာခဲ့ကြသည်။
ရှောင်ချောင်းက တောင်ခြေကို အစာသွပ်ပေါက်စီတွေထည့်ထားတဲ့ မြေအိုးလေးယူသွားချိန်မှာ
ယွီဟန်က အမေလျိုကို ခေါ်ဖို့ မြစ်ဖက်သို့ သွားလိုက်သည်။

" အမေ..အမေ! ရှောင်ချောင်း..အာ...အမေကိုယ်တိုင်လာကြည့်သင့်တယ်..."
ရွာထဲက အခြားမိန်းမကြီး တော်တော်များများကလည်း ချောင်းကမ်းပါးမှာ အဝတ်လျှော်နေကြသည်။
ယွီဟန် အခြေအနေကို သေသေချာချာ မရှင်းပြရဲသေးချေ။ ဒီလိုအကျပ်အတည်းမှာ
မုသားကောင်းကောင်း သုံးဖို့ကျတော့လည်း ယွီဟန်က ရိုးသားလွန်းနေသည်။ တစ်ခုတည်းသော
သူလုပ်နိုင်တာက သူ့ညီမလေး တစ်ခုခုဖြစ်နေတယ် ဆိုပြီး မသိမသာပြောလိုက်ဖို့ပင်။

အမျိုးသမီးလျိုက သူ့မသားရဲ့ တဝက်တပျက်စကားကို ကြားတဲ့အခါမှာ ကမန်းကတန်း
ထလိုက်သည်။ သူမလက်ထဲက အခင်းစတွေကို လွတ်ထွက်သွားကာ ချောင်းထဲသို့
မျောသွားလုနီးပါးပင်။

သူမက စိုးရိမ်နေပုံကို မြင်တဲ့အခါ ယွီဟန် အပြစ်ရှိသလို ခံစားရသည်။ သူ ပြန်ပြင်ပြောဖို့
ကြိုးစားလိုက်သည်။
" အမေ...မစိုးရိမ်ပါနဲ့!..ညီမလေး အဆင်ပြေပါတယ်!..."

" မင်းက သမားတော်မှ မဟုတ်တာ .."အမျိုးသမီးလျို ပြန်ချေပလိုက်သည်။
"မင်းက ဘယ်လိုလုပ် ညီမလေးက အဆင်ပြေတာသေချာတယ်ဆိုတာ သိမှာလဲ...ငါကိုယ်တိုင်
တွေ့ဖို့လိုတယ်...အရီးဖုထန် ကျွန်မရဲ့အဝတ်တွေ ကြည့်ထားပေးဖို့
အဆင်ပြေတယ်မို့လား....အရီးအဝတ်လျှော်ပြီးလို့မှ ကျွန်မ ပြန်မလာခဲ့သေးရင် ကူညီပြီး
ယူလာပေးနိုင်မလား..."
လျိုမုယွမ် သူမလက်တွေခြောက်သွေ့သွားအောင် သုတ်လိုက်ပြီး သူမသားနောက်
ပြေးလိုက်သွားသည်။ သူတို့နှစ်ယောက်က အနောက်တောင်ခြေသို့ ဦးတည်ကာ ပြေးသွားကြသည်။

"အာ...ရှောင်ချောင်းပဲ ထပ်ဖြစ်ပြန်ပြီလား!...
သဘ့ဟိုင်ရဲ့ မိန်းမကတော့ ဒီတစ်ဘဝလုံး ရက်စက်တဲ့ကံကြမ္မာ ရှိနေတာပဲ.."
မြစ်ဘေးမှာ အဝတ်လျှော်နေကြတဲ့သူအားလုံးက အမျိုးသမီးလျို အလုပ်တွေမပြီးခင်မှာ
ထထွက်သွားရတတ်တာကို အသားကျနေပြီးဖြစ်သည်။ ဆယ်ခါမှာ ကိုးခါက သူမရဲ့ နေမကောင်းတဲ့
သမီးလေးကို တစ်ခုခုလုပ်ပေးဖို့ပင် ဖြစ်သည်။

အခြားတစ်ဖက်မှာတော့ ယွီရှောင်ချောင်းက သူမရဲ့အစ်မနှင့်မောင်လေးကို ခက်ခက်ခဲခဲ ရှာနေရသည်။ ဒီနားက တောင်တွေက ဧရိယာ အတော်လေးကျယ်ပြီး ကလေးများထင်းကောက်တဲ့ နေရာတွေကလည်း အတော်များသည်။
ကံကောင်းစွာဖြင့် ရှောင်လျန် နဲ့ ရှီထုန်လေးက သတိရှိကြပြီး တောင်တန်းနက်တွေထဲသို့ မသွားရဲကြချေ။ သူတို့နှစ်ယောက်က တောင်ခြေမှာပဲ ရှိနေကြသည်။
နည်းနည်းအားစိုက်ရှာလိုက်တာနဲ့ နောက်ဆုံးတော့ ရှောင်ချောင်း သူတို့ကို ရှာတွေ့သွားသည်။

"အမယ်လေး..မောလိုက်တာ!...မင်းတို့နှစ်ယောက်က တော်တော်လေး လိုက်ရှာရအောင် လုပ်လိုက်တာပဲ..."

ရှောင်ချောင်း သူတို့ကိုတွေ့တဲ့အခါ ညည်းညူလိုက်သည်။ သူမ မြေပြင်ပေါ်သို့လဲချလိုက်ပြီး မြက်ရှည်တွေပေါ် ထိုင်လိုက်ပြီး အသက်ပြင်းပြင်းရှူနေခဲ့တယ်။
သူမက သူမရဲ့ လက်သီးဆုပ်သေးသေးလေးတွေကို ခြေထောက်ပေါ် ထုကာ ကြွက်သားတောင့်နေတာတွေ သက်သာဖို့ ပြုလုပ်နေသည်။ ဒီခန္ဓာကိုယ်က တကယ်ကိုအားနည်းလွန်းတယ်။ ဒီအကွာအဝေးတိုတိုလေးကို လမ်းလျှောက်ရတာတောင် မောနေပြီ!
သူမသားကြီးနောက် လိုက်လာသော အမျိုးသမီးလျှိုက ဝေးသောတစ်နေရာမှ ဘာတွေဖြစ်နေတယ်ဆိုတာ မြင်ရသည်။ သူမ တစ်လမ်းလုံးပြေးလာရတာ နှလုံးပင် ပါးစပ်ထဲ ခုန်ရောက်လုနီးပါးပင်။ သူမ ရှောင်ချောင်း မြေပြင်သို့လဲသွားသော နေရာသို့ရောက်တဲ့အခါ သူမသမီးကို ပွေ့လိုက်ပြီး အထပ်တလဲလဲ မေးလိုက်သည်။

"ချောင်းအာ...ဘယ်နားက မသက်သာတာလဲ...အမေ အိမ်ပြန်ခေါ်သွားပေးမယ်...ရှောင်ရှု ခုချက်ချင်း သမားတော်ယိုကို သွားရှာချည်..."

ယွီဟန် ချက်ချင်း ထွက်မရှာသေးဘဲ သူ့ညီမငယ်လေးကို စိုးရိမ်စွာ မေးလိုက်သည်။
"ညီမလေး...နေရထိုင်ရ တကယ်မကောင်းဘူးလား..."

" မင်း ဘာတွေပြောနေတာလဲ...သူဟန်ဆောင်နေတာလို့ ပြောနေတာလား....ဆေးဆရာကိုသာ သွားရှာ.."
သူမ အံ့အားသင့်စွာ ပြန်ပြောလိုက်ပြီး ကုန်းလိုက်ကာ သမီးငယ်ကို ချီလိုက်သည်။

ယွီရှောင်ချောင်း သူမအမေရဲ့ မျက်နှာပေါ်က စိုးရိမ်ပူပန်နေတာတွေ မြင်တဲ့အခါ သူမ လျှင်မြန်စွာပြေးထွက်ကာ အမေလျှိုကို သူမ နေကောင်းကြောင်းပြဖို့ မြေပြင်မှာ နှစ်ကြိမ် ခုန်ပြလိုက်သည်။

" အမေ... သမီး အဆင်ပြေတယ်... သမီးနေမကောင်းဘူးလို့ ဘယ်သူက အမေကိုပြောတာလဲ... သမီးကိုပြော သမီးသွားရိုက်ပစ်မယ်!... အစ်ကိုကြီး အမေ့ကို လန့်အောင်လုပ်လိုက်တာ အစ်ကိုကြီးလား.."

" သမီး နေကောင်းတာ သေချာလား... " အမျိုးသမီးလျှို သူမသမီးကို ခေါင်းမှ ခြေထောက်ထိ စစ်ဆေးလိုက်သည်။ ရှောင်ချောင်းက နေမကောင်းထပ်ဖြစ်နေတာနဲ့ တကယ် မတူချေ။ သူမ စိတ်သက်သာရာရပြီး သားကြီးဘက် လှည့်ကာ ဆူလိုက်သည်။ "ဒါဆို အမေ့ကို ဘာလို့ ဒီနေရာခေါ်လာတာလဲ ....အမေအဝတ်လျှော်နေတုန်း လာနှောက်ယှက်တာ...လျှော်ဖို့ အဝတ်တွေ တစ်ဝက်လောက်ကျန်သေးတယ်.."

ယွှီရှောင်ချောင်း သူမအစ်ကိုရဲ့အဖြစ်အပျက်ကို လျင်မြန်စွာ နားလည်လိုက်သည်။
"အမေ...ဒီနေ့ သမီးတို့ မြို့ကို သွားခဲ့တာလေ ... အဲ့ဒါကြောင့် သမီး အကုန်လုံးအတွက် အသားပေါက်စီတွေ ယူခဲ့တယ်...ဒီမှာ မြည်းကြည့်လိုက်!.."

အပိုင်း ၁၈ (တောင်ပေါ်ကကောင်ချောလေး)

“အသားပေါက်စီ! ဒုတိယအစ်မ ဒုတိယအစ်မ…အဲ့တာက ပေါက်စီအကြီးကြီးတွေပဲလား ဟို…အမဲသားနဲ့ ဂျုံမှုန့်ဖြူဖြူတွေနဲ့ လုပ်ထားတဲ့ဟာကို ပြောတာမလား” ရှောင်ချောင်းလက်ထဲက မုန့်ထုပ်တွေကိုမြင်တဲ့အခါ ရှီထုန်ရဲ့မျက်လုံးလေးတွေ ဝိုင်းစက်သွားပြီး သနားစရာရုပ်လေးနဲ့ ငေးကြည့်ရင်း သရေကျနေတော့တယ်။

ရှောင်ချောင်းကသူမမောင်လေးရဲ့ ချစ်စရာကောင်းပုံကို သဘောတကျရီလိုက်ပြီး ပါးလေးကို ဆွဲညှစ်လိုက်တယ်။

“ဒါပေါ့ အသားပေါက်စီဆိုမှတော့ တခြားဘယ်လိုပုံစံတွေရှိသေးလို့လဲ၊ စိတ်ချပါ ရှီထုန်လေးဖို့လည်းပါ,ပါတယ်”

သူမစကားအတိုင်းပဲ ရှောင်ချောင်းက ကျန်ရှိနေတဲ့ပေါက်စီခုနစ်လုံးကို အမျိုးသမီးလျိုအတွက် သုံးလုံး၊ မောင်နှမနှစ်ယောက်အတွက် နှစ်လုံးစီခွဲပေးလိုက်တယ်။

ရှီထုန်လေးက သူ့လက်တွေကို အကျီနဲ့သေချာသုတ်လိုက်ပြီးမှ သူ့အစ်မဆီက အသားပေါက်စီတွေကို ယူလိုက်တယ်။ ပြီးတော့ ပါးစပ်အကျယ်ကြီး ဟလိုက်ပြီး အကိုက်ကြီးကြီး တစ်ကိုက်စားလိုက်တယ်။ မုန့်သားရဲ့ အနည်းငယ်ချိုပြီးနူးညံ့တဲ့အရသာက ကျစ်လျစ်ပြီးအဆီပြည့်ဝတဲ့ အသားအရသာနဲ့ လိုက်ဖက်လှပေတယ်။ ရှီထုန်လေးကပေါက်စီကို အလောတကြီးစားပြီး အဝင်မတော်ဘဲ နင်သွားတာကြောင့် အမျိုးသမီးလျိုက ကျောကိုညှင်သာစွာ ပုတ်ပေးလိုက်ရတယ်။

ထို့နောက် အမျိုးသမီးလျိုက ပေါက်စီကိုမစားဘဲ သူမသားကြီးနဲ့ ဒုတိယသမီးကိုဆူတော့တယ်။

“မင်းတို့နှစ်ယောက် အိမ်ကိုဘာမှမပြောဘဲ ဘာလို့မြို့ထဲကို ပျောက်သွားကြတာလဲ။ အဓိက,က ရှောင်ရှ မင်း! ကိုယ့်ညီမလေးအခြေအနေလည်း သိရဲ့သားနဲ့ ဘာလို့ ဒီလောက်အဝေးကြီးထိသွားရတာလဲ ပင်ပန်းလို့ လမ်းမှာမေ့လဲသွားရင် မင်းဘယ်လိုလုပ်မလဲ!”

ယွီရှောင်ချောင်း သူမအစ်ကိုကြီးဘက်က ခုခံရန် ကြားဖြတ်ပြောလိုက်တယ်။ “အမေ သမီးတို့က ဟိုဘက်ရွာက ဦးလေးမာရဲ့ မြည်းလှည်းနဲ့သွားခဲ့တာပါ၊ မစိုးရိမ်ပါနဲ့ သမီးလုံးဝမပင်ပန်းပါဘူး… ပေါက်စီကိုသာမြန်မြန်စားပါတော့ အကြာကြီးထုပ်ထားရင် မကောင်းဘဲနေလိမ့်မယ်”

“ဒါဆို လှည်းစီးဖို့နဲ့ ဒီမုန့်တွေဝယ်ဖို့ပိုက်ဆံကရော ဘယ်ကရတာလဲ” အမျိုးသမီးလျိုက သူ့သမီးအငယ်ဆုံးကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးလိုက်တယ်။

“လှည်းစီးဖို့ပိုက်ဆံကို သမီးပေးလိုက်တာပါ၊ သမီးဆေးပင်တွေကောက်ပြီး ရောင်းသေးတယ်လေ အဲ့တုန်းကရတဲ့ငွေက နည်းနည်းလေးမလို့ အဘွားတို့ကိုမအပ်ဘဲ စုထားတဲ့ငွေတွေပါ” အသားပေါက်စီကို တို့ဆိတ်တို့နန်းစားနေတဲ့ ယွီရှောင်လျန်ကဝင်ဖြေလိုက်သည်။

အမျိုးသမီးလျိုက ခွဲမလျော့သေး။ “ဒါဆို မုန့်တွေဝယ်တဲ့ ပိုက်ဆံကရော”

သူမအတွက် အသားပေါက်စီတွေကို ထိပင်မထိကြည့်သေး။

“ကျနော်သိပြီ ကျနော်သိပြီ!” ရှီထုန်က သူ့လက်သီးဆုပ်လေးကို ဝှေ့ရမ်းရင်း စိတ်လှုပ်ရှားစွာပြောတယ်။ သူက အသားပေါက်စီကြီး တစ်လုံးကုန်အောင် စားပြီးပြီပဲဖြစ်သည်။ “ကျနော်တို့ မနေ့က ပင်လယ်ဘက်သွားတုန်းက ပင်လယ်ခရုတွေ ရခဲ့တယ်မလား၊ ဒုတိယအမက အဲ့တာတွေကို ဖွက်ထားပြီး ပိုက်ဆံအတွက်ရောင်းခဲ့တာ ဟုတ်တယ်မလား!”

ရှောင်ချောင်းကသူမ မောင်လေးရဲ့ပါးတွေကို လက်နှစ်ဖက်နဲ့ကိုင်ကာဆွဲညှစ်လိုက်ပြီး

“ငါတို့ရဲ့ ရှီထုန်လေးကတော်လိုက်တာ…မင်းထင်တာမှန်တယ်၊ အမေ စိုးရိမ်မနေဘဲစားလိုက်ပါတော့ ဒါတွေကိုဝယ်ခဲ့တဲ့ ငွေတွေကသန့်ရှင်းပါတယ်”

အမျိုးသမီးလျိုသည် မနေ့ကသူ့ကလေးတွေရဲ့ လျှို့ဝှက်အကြံအစည်အကြောင်း တစ်ခုမှမသိခဲ့ပေ။ သူမက သက်ပြင်းတစ်ချက်ချလိုက်ပြီး “လူလည်မလေး သိပ်ကိုရဲလှချည်လား၊ ဒါပေမယ့်… ဒီလိုကိုယ့်ဖွားအေ မသိအောင်လုပ်လို့ ကောင်းပါ့မလား”

“အဲ့တာဘာမှားလို့လဲ အမေ၊ အမေနဲ့အဖေက အရမ်းနာခံလွန်းတယ်…အကြီးဆုံးဦးရီးနဲ့ ဦးလေးငယ်ကိုပဲ ကြည့်! သူတို့နှစ်ယောက်လုံး တစ်ကိုယ် ကောင်းဆန်တဲ့လူတွေချည်းပဲ…ဦးလေးငယ်ဆိုရင် မြို့ထဲမှာအိမ်ငှားနေပြီး နေ့တိုင်း ဆန်ဖြူတွေပဲစားတယ်! သူ့မိန်းမဆိုလည်း အိမ်အလုပ်တွေခိုင်းဖို့ အစေခံတောင် ဝယ်ထားသေးတယ်မလား!” စိတ်ဆတ်သူရှောင်လျန်က မခံနိုင်စွာထောက်ပြသည်။

“ပြီးတော့ အကြီးဆုံးအရီးနဲ့ အကိုဟိန်ဇီကိုကြည့်…သူတို့အခန်းထဲမှာ တနေကုန်အောင်းပြီး မုန့်တွေကို သူတို့ချည်းဖွက်စားတယ်၊ သူတို့ခန္ဓာကိုယ်နဲ့ အမေနဲ့ညီမလေးရဲ့ခန္ဓာကိုယ်ကိုလည်း ယှဉ်ကြည့်လိုက်ပါအုံး…အကြီးဆုံးအရီးကတော့ အမြဲတမ်း သူ့မိဘအိမ်ကပေးလိုက်တဲ့ စားစရာတွေလို့ပြောပေမယ့် သူ့အိမ်မှာ အိမ်သားတွေရှိသေးတယ်လေ၊ အိမ်ထောင်ကျသွားတဲ့ သမီးတစ်ယောက်ကို ဘယ်သူက ဒီလောက်ထိထောက်ပံ့မှာလဲ…မယုံချင်စရာအလိမ်အညာတွေ!”

သမီးကြီးရှောင်လျန်ရဲ့ ပေါက်ကွဲထွက်သံစကားတွေကိုကြားပြီးနောက် လျိုမုယွမ်က သူ့ကလေးတွေရဲ့ ပိန်ခြောက်ခြောက် မျက်နှာလေးတွေနဲ့ တုတ်ချောင်းလို ခန္ဓာကိုယ်လေးတွေကို

ကြည့်လိုက်တယ်။ ထို့နောက် သက်ပြင်းကြီးကြီးချလိုက်ပြီး သူမဝေစုကို ဆီစိမ်စက္ကူနဲ့သေချာ ပြန်ထုပ်ထားလိုက်တယ်။

“အမေ ဘာလို့မစားတော့တာလဲဟင်” ရှီထုန်က ဒုတိယမြောက်အသားပေါက်စီကို ကိုက်ရင်းမေးတယ်။ ပထမတစ်ခုစားပြီးနောက်မှာတော့ နောက်တစ်ခုကို ဖြည်းဖြည်းချင်းပဲ အရသာခံပြီးစားနေတယ်။ “အသားပေါက်စီတွေက တကယ်ကိုအရသာရှိတယ်၊ အထဲမှာအသားတွေမှအများကြီးပဲ! တကယ်လို့ ကျနော်သာနေ့တိုင်း အသားပေါက်စီစားရရင် ကမ္ဘာပေါ်မှာအပျော်ဆုံးကောင်လေးဖြစ်သွားမှာ!”

ယွီရှောင်ချောင်း သူ့မောင်ငယ်လေးရဲ့စကားကိုကြားတဲ့အခါ စိတ်ထဲမကောင်းဖြစ်သွားရတယ်။ ကောင်ငယ်လေးက အရမ်းရောင့်ရဲလွယ်တာပဲ၊ နေ့တိုင်းအစာသွပ်ထားတဲ့ မုန့်လေးစားရခြင်းက သူ့အတွက်တော့ နိဗ္ဗာန်တဲ့။ ရှောင်ချောင်းသူ့အရင်ဘဝက နေ့တိုင်းအသားနဲ့ စားရတာတောင် ဂဂျီးဂဂျောင်များတဲ့ ကလေးဆိုးလေးတွေကို မြင်တွေ့ခဲ့ဖူးသည်။ မူလတန်းအရွယ်လေးတွေဖြစ်တဲ့ ယွီဟာန်နဲ့ ရှောင်လျန်တို့နဲ့ယှဉ်ရင် သူတို့ဘဝတွေက အရမ်းကိုကွာခြားတယ်။ အာ..တကယ်ကို ဆင်းရဲတဲ့မိသားစုမှာ ကြီးပျင်းတဲ့ကလေးတွေက မြန်မြန်ရင့်ကျက်လွယ်ကြတာပဲ။

အမျိုးသမီးလျိုက သူမသားအငယ်ဆုံးလေးခေါင်းကိုပွတ်ပြီး ညင်သာစွာပြုံးလိုက်တယ်။ သူ့ခေါင်းကဆံပင်တွေက ကြမ်းတမ်းပြီးခြောက်ကပ်နေတယ်။ “အမေက ဗိုက်မဆာလို့ပါ ဒီပေါက်စီတွေကို ညကျရင် မင်းနဲ့အစ်မငယ်စားဖို့ ချန်ထားလိုက်မယ်၊ တစ်ယောက်ကိုတစ်လုံးစီ…”

“အမေ! အကိုဟိန်ဇီက အိမ်မှာစားစရာတခုခုရှိရင် တန်းသိသွားမှာနော်! သူကအမြဲတမ်း ခွေးတစ်ကောင်လို စားစရာကို အနံ့လိုက်ခံနေတတ်တာ၊ အမေသာ ဒါတွေကို အိမ်သယ်သွားရင် သူသိသွားမှာသေချာပေါက်ပဲ၊ သူသာသိရင် အဘွားလည်းသိမယ်၊ အဘွားသိသွားလို့ ဒါတွေကို ဘယ်ကငွေနဲ့ဝယ်တာလဲမေးရင် အမေ ဘယ်လိုဖြေမှာလဲ”

အမျိုးသမီးလျိုလည်း ခဏစဉ်းစားလိုက်ပြီးနောက် သူ့သမီးရဲ့စကားဟုတ်မှန်ကြောင်း ဝန်ခံလိုက်ရတယ်။ ထို့ကြောင့် သူမဝေစုကိုဖြည်လိုက်ပြီး ပေါက်စီတစ်လုံးကို ရှောင်ချောင်းအား ကမ်းပေးလိုက်တယ်။ “အမေက ဒီလောက်အများကြီးမစားနိုင်ပါဘူး၊ ချောင်းအာ…ရော့ နောက်တစ်ခုစားလိုက်”

ရှောင်ချောင်းကရယ်လိုက်ပြီး သူမရဲ့ပူနေတဲ့ဗိုက်ကလေးကို ပုတ်ပြလိုက်တယ်။ “ဒီပေါက်စီတွေက သမီးအတွက်ကြီးလွန်းနေတယ်၊ သမီးက ပေါက်စီနှစ်လုံးနဲ့ ကြက်ဥစွပ်ပြုတ်တစ်ပွဲတောင် စားခဲ့ပြီးပြီ၊ နောက်ထပ်သာစားရရင် သမီးကိုယ်ကြီးပေါက်ကွဲသွားလိမ့်မယ် အစ်ကိုယွီဟာန်နဲ့သမီးက စားခဲ့ပြီးပြီ ဒါကြောင့် ဘယ်သူမှမမြင်ခင် အမေသာမြန်မြန်စားလိုက်ပါတော့!”

ယွီရှောင်လျန်လည်း အစကပေါက်စီတစ်လုံးကို သူ့ညီမလေးအတွက် ညစာချန်ထားဖို့ တွေးထားပေမယ့် ရှောင်ချောင်းရဲ့စကားကိုကြားတဲ့အခါ တွေဝေမနေတော့ဘဲ

ပေါက်စီကိုကိုက်စားလိုက်တော့တယ်။ 'ဟွင့် အဲ့ဖက်တီး ယွီဟိန်ဇီ ပေါက်စီရဲ့အစအနတောင်မတွေ့စေရဘူး!'

အားလုံးစားသောက်ပြီးမကြာခင်မှာပဲ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့အသံကို အနီးအနားက သစ်ပင်တွေဘက်ဆီက ကြားလိုက်ရတယ်။ "အာ! အရီးလျို၊ ရှောင်ရှု၊ ရှောင်လျန်၊ ရှီထုန်… အားလုံးဘာလို့ ဒီကိုရောက်နေကြတာလဲ!" ထိုလူရဲ့အသံက ငယ်ရွယ်ပြီး ကြည်လင်ပြတ်သားနေတယ်။

သူတို့အားလုံးအသံလာရာကို ချက်ချင်းလှည့်ကြည့်လိုက်တဲ့အခါ ပုံမှန်အဝတ်အစားတွေကို သပ်ရပ်စွာဝတ်ဆင်ထားတဲ့ လူငယ်လေးတစ်ယောက် သစ်ပင်အရိပ်တွေအောက်က ထွက်လာတာကို တွေ့ရတယ်။ သူ့နောက်ကျောတွင် အမဲလိုက်တဲ့လေးတစ်ခုကို သိုင်းလွယ်ထားတယ်။ လူငယ်လေးရဲ့ မျက်ခုံးတွေက ထူထဲပြီး မျက်လုံးများက ကြည်လင်နက်ရှိုင်းနေတယ်။ ပြီးတော့ ဖြောင့်စင်းတဲ့နှာခေါင်းနဲ့ လေးထောင့်ကျတဲ့ မျက်နှာပုံစံရှိတယ်။ ရိုးရှင်းတဲ့အိမ်ရက်အထည်တွေကို ဝတ်ဆင်ထားပေမယ့် ထိုအရာတွေက သူရဲ့လူစွမ်းကောင်းပုံစံကို နည်းနည်းမှမေးမှိန်မသွားစေနိုင်ပေ။

'ဝိုး!...ရှေးခေတ်က တကယ်ကိုကောင်ချောလေးတွေပေါတာပဲ၊ ဒီဇာတ်လမ်းက ငါ့ကိုနောက်နေတာတော့ မဟုတ်ဘူးပဲ၊ ရေနစ်တဲ့ကောင်လေးရယ်၊ မြို့ထဲက စားသောက်ဆိုင်ပိုင်ရှင် ကောင်ချောလေးရယ်၊ အခုလည်း ဒီခပ်မိုက်မိုက်ကောင်လေးရယ်…အားလုံးက ကြည့်ကောင်းတဲ့ အမျိုးသားလေးတွေချည်းပဲ၊ ငါ့အစ်ကိုနဲ့မောင်လေးလည်း ပိန်သာပိန်မနေရင် အရမ်းချောမှာသေချာတယ်!'

ယွီဟန်က စိတ်လှုပ်ရှားစွာနဲ့ သူ့လက်ထဲကထင်းချောင်းတွေကို ပစ်ချလိုက်ပြီး ရှေ့သို့ရောက်လာရင်း မေးလိုက်တယ်။ "အကိုဟန် ထောင်ချောက်တွေ စစ်ဖို့လာတာလား"

ကျောက်ဟန်က ရှောင်ချောင်းကို စူးစမ်းသလိုတစ်ချက်ကြည့်လိုက်ပြီး အပြုံးနဲ့ဖြေလိုက်တယ်။ "ဟုတ်တယ် ရှောင်ရှုရေ။ အကိုမနက်က အချိန်မရတာနဲ့ ဒီကိုမရောက်ဖြစ်လို့ ခုမှ တောင်တွေဘက် ထွက်လာခဲ့တာ၊ ဒီကောင်မလေးက မင်းရဲ့ဒုတိယညီမလေးဆိုတာလား"

"ဟုတ်ပ ဒါကညီမအငယ်ဆုံးလေးလေ၊ နာမည်က ရှောင်ချောင်း (မြက်ပင်လေး)တဲ့၊ သူမွေးခါစက ကြောင်ပေါက်လေးတွေထက်တောင် အားနည်းလွန်းလို့ အဖေက မြန်မြန်ကြီးလာပါစေတော့ဆိုပြီး ဒီနာမည်ပေးခဲ့တာ၊ မြက်ပင်တွေလိုကြီးပြီး ရေညှိပင်တွေလို အသက်ရှည်အောင်လို့လေ၊ ရှောင်ချောင်းလေး ဒါကဦးလေးကျောက်ရဲ့သား အကိုဟန်တဲ့၊ နှုတ်ဆက်လိုက်အုံးလေ" ယွီဟန်က ခွေးပေါက်လေးတစ်ကောင်ကို ယုယသလိုမျိုး ရှောင်ချောင်းရဲ့ခေါင်းလေးကို ပွတ်သပ်ရင်း ပြောလိုက်တယ်။

ယွီရှောင်ချောင်းက သူ့အစ်ကိုလက်ကရှောင်ထွက်လိုက်ရင်း မကျေမနပ် တိုးတိုးလေးရေရွတ်လိုက်တယ်။ ငါ့ကို တစိမ်းတွေရှေ့မှာ အရှက်ခွဲတာရပ်ကြပါတော့! ဒီလို ထူးဆန်းတဲ့နာမည်တစ်ခုရှိတာတောင် ဆိုးလှပါပြီဆို အဲ့ဒီနာမည်ရဲ့အဓိပ္ပာယ်ကိုပါ ပြောမှဖြစ်မှာလား!

ဦးလေးကျောက်ရဲ့သား…ဦးလေးကျောက်ကဘယ်သူတုန်း..၊ အော် သိပြီ သူကဒီရွာက အတော်ဆုံးမုဆိုး ဦးလေးကျောက်ရဲ့ သားဖြစ်ရမယ်၊ အဖေက အဲ့ဒီဦးလေးဆီက အမဲလိုက်တာ သင်ရတာဆိုတော့ သူ့သားကိုလည်း ကောင်းကောင်းဆက်ဆံသင့်တယ်ထင်တယ်'

ရှောင်ချောင်းက အပြုံးချိုချိုလေးပြုံးလိုက်ပြီး ယဉ်ကျေးစွာ နှုတ်ဆက်လိုက်တယ်။ "မင်္ဂလာပါ အကိုကြီးကျောက်!"

ကျောက်ဟန်က သဘောတကျအော်ရီလိုက်တယ်။ "ဦးလေးသဲ့ဟိုင်က အကို့အဖေကို 'အကိုကြီးကျောက်' လို့ခေါ်တာ၊ အခုရှောင်ချောင်းကလည်း အကို့ကို 'အကိုကြီးကျောက်' လို့ခေါ်တော့ ဘယ်သူ့ကို ခေါ်လို့ခေါ်မှန်း မသိဖြစ်တော့မှာပဲ ၊ ရှီထုန်လေးခေါ်သလို အကိုဟန်လို့ပဲခေါ်နော် ရှောင်ချောင်း"

"ဒုတိယအစ်မ! အကိုဟန်နောက်ကိုသာ လိုက်သွားရင် အသားတွေအများကြီးစားရမှာသိလား!" အစားပုပ်လေးရှီထုန်က နှုတ်ခမ်းတွေကိုသပ်ရင်းပြောတယ်။

ယွီရှောင်ချောင်းလည်း အများနဲ့တစ်ယောက်ဆိုတော့ တခြားသူတွေအတိုင်းပဲ ခေါ်လိုက်တော့တယ်။ "အကိုဟန်…" သူမရဲ့အသံက နူးညံ့ပြီးအားနည်းနေတယ်။ တကယ်လို့ ကျောက်ဟန်သာ နားကောင်းသူတစ်ယောက်မဟုတ်ရင် သူ့ရဲ့နှုတ်ဆက်သံကို ကြားလိုက်နိုင်မှာမဟုတ်ဘူး။ ကျောက်ဟန်လည်း ယွီဟန်နည်းတူ ရှောင်ချောင်းရဲ့ခေါင်းလေးကို ချစ်စနိုးဖွလိုက်တယ်။

"ရှောင်ချောင်းလေးက အားနည်းနေသေးတဲ့ပုံပဲ… ထောင်ချောက်ထဲမှာ တစ်ခုခုမိရင် ဒီအကိုဟန်က မင်းအတွက်အသားတချို့ကင်ပေးမယ်!"

အပိုင်း ၁၉ (အကိုဟန့်နောက်ကိုလိုက်ရင် စားဖို့အသားရှိတယ်)

" ကျွန်တော့်ကိုလည်း မမေ့နဲ့ အကိုဟန် ! "

သူတို့ အသားစားရဖို့ ဖြစ်နိုင်တယ်ဆိုတာလည်း ကြားရော ရှီထုန်လေးက ကျောက်ဟန်နားပတ်ပတ်လည်မှာ ဝမ်းသာအားရ ခုန်ပေါက်နေတယ်။

ကျောက်ဟန်က ရှီထုန်လေးရဲ့ ပါးကို ညှစ်လိုက်ပြီး သွားပေါ်အောင် ပြုံးလိုက်တယ် ။

" ဒါပေါ့ ! ငါတို့ ရှီထုန်လေးဖို့ ဘယ်တော့မှ မမေ့ဘူး !"

" အကိုဟန်, အကိုက ဘာလို့ ဒုတိယအမ နဲ့ တူတာလဲ? အကိုရော ဒုတိယအမရော တခြားသူပါးကို ဆွဲရတာ တအားကြိုက်ကြတာပဲ "

ရှီထုန်လေးက သူကလေးမဟုတ်တော့ဘူးဆိုတဲ့ ပုံစံလေးနဲ့ နှုတ်ခမ်းဆူနေတယ် ။ ဒီကလေးလေးက သူ့မျက်နှာကို လက်နှစ်ဖက်နဲ့ကိုင်လိုက်ရင်း စိတ်မသက်မသာပုံလေးဖြစ်လို့နေတယ် ။

ကလေးတွေ ရယ်ရယ်မောမော ကစားနေတာကိုကြည့်ရင်း အမျိုးသမီးလျိုက အချိန်သိရန် ကောင်းကင်ကိုငေးကြည့်လိုက်တယ် ။

“ ကစားနေကြဦးနော်... အမေ အိပ်ရာခင်းတွေလျှော်တာမပြီးသေးလို့ စမ်းချောင်းဆီ ပြန်သွားလိုက်ဦးမယ် … အရမ်းကြီး ကြမ်းကြမ်းတမ်းတမ်းတွေ ဆော့မနေကြနဲ့ဦး နောက်ပြီး ညစာမတိုင်မီ အိမ်ပြန်လာဖို့လည်း မမေ့နဲ့ ! "

လက်ရှိမင်းဆက်ရဲ့ ပထမဆုံးဧကရာဇ် နန်းတက်ပြီးတဲ့နောက်ပိုင်း တစ်နေ့ ထမင်းသုံးနပ်စားရမယ့်

ဓလေ့စတင်ခဲ့တယ် ။ ဒီဓလေ့ စတင်ခဲ့တာ ဆယ်စုနှစ်တစ်ခုလောက်တောင် ကြာခဲ့ပြီးပြီ ။ ဆိုတော့ ထမင်းသုံးနပ်စားတဲ့ အကျင့်က အထက်တန်းလွှာတွေနဲ့ အဆင့်မြင့်စားသောက်ဆိုင်တွေမှာ ဓလေ့တစ်ခုလိုကို ဖြစ်နေပြီ ။ ဒါပေမယ့် ချို့တဲ့,တဲ့တောင်သူလယ်သမားတွေကတော့ မနက်တစ်ခါ ညတစ်ခါ တစ်နေ့ ထမင်းနှစ်နပ်ပဲစားတဲ့ ဓလေ့ထဲမှာ ပိတ်မိနေတုန်းပဲ ။ တကယ်တမ်းတော့ သူတို့က ထမင်းတစ်နပ်ပိုစားဖို့ မတတ်နိုင်ကြခြင်းပင် ။ ဒါကလည်း ယွီရှောင်ချောင်း သည်းညည်းမခံနိုင်တဲ့ အရာတွေထဲက တစ်ခုပဲ ။

" အမေ စိတ်မပူပါနဲ့... ကျွန်တော် ဒီမှာ ညီလေးနဲ့ ညီမလေးတွေကို ကြည့်ထားပေးပါ့မယ် ... "

ယွီဟန်က ကတိပေးလိုက်တယ် ။ ယွီဟန်က အကိုကျောက်ဟန်နဲ့ ထောင်ခြောက်တွေကိုစစ်ဆေးဖို့ လိုက်သွားချင်ပေမယ့်လည်း သူတို့ ထင်းကောက်စရာရှိသေးတာကို သတိရသွားတယ် ။

မနက်တုန်းက သူ့ကို မတွေ့လို့ အဘွား ဒေါသပုန်ထပြီး သောင်းကျန်သွားတာကို ရှောင်လျှန်ဆီကနေ ယွီဟန် ကြားခဲ့သေးတယ် ။ အဲ့တုန်းက အဘွား ဒေါသပြေအောင် အမေနဲ့ညီမလေးက အိမ်အလုပ်တစ်ခု ပိုလုပ်ပေးခဲ့ရသေးတာတဲ့ ။

ဒီမောင်နှမတစ်စုမှာ တစ်ယောက်ချင်းစီရဲ့အခြေအနေကို ကျောက်ဟန် ကောင်းကောင်းကြီး နားလည် သည် ။ ကျောက်ဟန် ရှောင်ချောင်းနဲ့ ရှီထုန်လေးဘက်ကို လှည့်လိုက်ပြီး သူ့နားကို လက်ယက် ခေါ်လိုက်တယ် ။

" ထောက်ချောက်တွေ သွားကြည့်ဖို့ မင်းတို့ ငါနဲ့လိုက်ခဲ့ချင်လား? "

" လိုက်မယ် လိုက်မယ်! "

ရှီထုန်လေးက ကလေးလေးပဲမို့ ကျောက်ဟန်ရဲ့ အမေးကို စဉ်းတောင်စဉ်းစားမနေဘဲ တန်းသဘောတူတယ် ။

တစ်ဖက်မှာတော့ ယွီရှောင်ချောင်းက သူ့အစ်မနဲ့အစ်ကို ပင်ပင်ပန်းပန်း ထင်းရှာနေရတာကြောင့် လိပ်ပြာမလုံသလို ခံစားနေရတယ် ။

ယွီရှောင်လျှန်က ယွီရှောင်ချောင်း မဖြေဘဲ တွန့်ဆုတ်တွန့်ဆုတ်လုပ်နေတာမြင်တော့ အပြုံးတစ်ပွင့်နဲ့ ပြောလာတယ်။
"ညီမလေး ... မင်းကို ကြည့်ရတာ အခုထိ အားနည်းနေသေးတယ်! ဒီလိုပုံစံနဲ့ ငါတို့ကို ကူညီနိုင်မယ်လို့ တကယ်ပဲထင်နေတာလား ဒီမှာနေပြီး ငါတို့ကို အခက်တွေ့အောင် မလုပ်နဲ့နော်"

" ဒုတိယအမ , ငါတို့ တောင်ပေါ်ကနေ ပြန်လာတဲ့အခါကျမှ သူတို့ကို ထင်းရှာကူပေးလို့ ရသားပဲ ! " ဉာဏ်ကောင်းတဲ့ ရှီထုန်လေးက လျင်လျင်မြန်မြန်ပဲ ဆင်ခြေတစ်ခုပေးပြီး သူ့အမကို အပါခေါ်ဖို့ ဆွဲဆောင်လိုက်တယ် ။

အရင်ဘဝတုန်းက မြေပြန့်ဒေသမှာပဲ ကြီးပြင်းခဲ့ရတဲ့အတွက် တောင်ပေါ်မှာ အမဲလိုက်ဖို့ ယွီရှောင်ချောင်းဆီမှာအတွေ့အကြုံလုံးဝမရှိပေ ။ အခုတော့ သူမမှာ ဒီအတွက် အခွင့်ရေးတစ်ခု ရလာပြီမလို့ သူမရဲ့ စူးစမ်းလိုစိတ်ကို ထိန်းချုပ်မရနိုင်ခဲ့ ။ ခဏလောက်တွေဝေနေပြီးနောက်မှာတော့ ယွီရှောင်ချောင်းက သူတို့နောက် လိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ် ။

" အစ်ကိုကြီး ... ရှောင်လျှန်... ကျွန်မ ပြန်လာတာနဲ့ သေချာပေါက် ကူလုပ်ပေးမယ်... ကျွန်မ မြန်မြန် ပြန်လာခဲ့ပါ့မယ်... ကတိပေးတယ် "

ကျောက်ဟန်ထောင်ထားသော ထောင်ချောက်တွေက အန္တရာယ်များတဲ့ တောတွင်းသားကောင်တွေနဲ့အလှမ်းဝေးတဲ့ တောင်တန်းအစွန်း တစ်လျှောက်မှာ ရှိနေတယ်။

ခပ်ကြီးကြီး တောကောင်တွေတောင် ဒီနယ်မြေမှာ ရှားပါးတယ်။ ဒါကြောင့် ကလေးနှစ်ယောက်ကို ခေါ်လာရတာ ကျောက်ဟန်အတွက် သက်တောင့်သက်သာဖြစ်ပြီး အဖော်ရစေတယ် ။

နွေရာသီပဲရှိသေးတာမို့ အထူးသဖြင့် အပူရှိန်လွန်ကဲနေတဲ့နေရောင်ကြောင့် အပြင်ဘက်မှာဆို ရာသီဥတုက ခြစ်ခြစ်တောက်ပူပြင်းနေတယ် ။ဒါပေမယ့် တောထဲက သစ်ပင်တွေရဲ့ အမိုးအကာအောက်မှာဆို တော့ အရိပ်ရပြီး နေရတာအေးမြလို့နေတယ် ။ အပူချိန်အနေအထားက ဆောင်းဦးရာသီနဲ့တောင် ခပ်ဆင်ဆင်ပင် ။ လေအေးအေးလေးက တစ်မနက်လုံး ချွေးထွက်လာတဲ့ ခန္ဓာကိုယ်ကို သက်တောင့်သက်သာ ဖြစ်စေတယ်။ ဒီနေရာက အပူချိန်လွန်ကဲတဲ့အခါ အပူရှောင်ဖို့ နေရာလေး တစ်ခုလားလို့တောင် ယွီရှောင်ချောင်း သိချင်လာမိတယ် ။

" သတိထား ရှောင်ချောင်း! မင်းရှေ့မှာ
ထောင်ချောက် တစ်ခုရှိတယ် ထောင်ချောက်ထဲပြုတ်မကျအောင် ဂရုစိုက် ! "

ကျောက်ဟန်က ရုတ်တရက် သတိပေးလိုက်တယ် ။ ဒီကလေးမလေး ပတ်ဝန်းကျင်ကို စပ်စုချင်စိတ်များ ပြီး ခြေထောက်အောက်က မြေပြင်အခြေအနေကို အမှုမဲ့အမှတ်မဲ့ဖြစ်နေတာ ကျောက်ဟန် သတိထားမိတယ်။

ဒီလို အန္တရာယ်များတဲ့ ပတ်ဝန်းကျင်မှာ ဒီကောင်မလေး ဘယ်လိုတောင် သတိမထားဘဲနေနိုင်ပါလိမ့် ?

" ထောင်ချောက်လား? "

ယွီရှောင်ချောင်းက မြေပြင်အခြေအနေကို ဂရုစိုက် စစ်ဆေးဖို့ ငုံ့ကြည့်လိုက်တယ် ။သူမ ကြည့်လိုက်တော့ တခြားမြေအနေအထားနဲ့မတူဘဲ ကွဲထွက်နေတဲ့ မြေအကွက် တစ်ကွက်ကို အံ့အားသင့်စွာ တွေ့လိုက်ရတယ် ။

ဒီ ကျောက်အကိုကြီးမှာ တော်တော်လေး ကျွမ်းကျင်တဲ့အရည်အချင်းရှိတာကိုတော့ သူမအနေနဲ့ ဝန်ခံရလိမ့်မယ် ။ သေချာမကြည့်ဘဲနဲ့ ဒီထောက်ချောက်တွေကို လုံးဝ ရှာနိုင်မှာ မဟုတ်ဘူး ။

" တချို့ရွာသားတွေ ဒီထောင်ချောက်တွေကြောင့် တစ်ခုခုဖြစ်သွားမှာ မစိုးရိမ်ဘူးလား
သူများတွေလည်း ဒီနေရာကို ဖြတ်သွားကြမှာပဲလေ "
ယွီရှောင်ချောင်း စိုးရိမ်တဲ့ ပုံလေးနဲ့ မေးလိုက်တယ် ။

ယွီရှောင်ချောင်းအမေးကြောင့် ရှီထုန်လေးက တခစ်ခစ်ရယ်လျက် ကြားဖြတ်ပြောလာတယ် ။

" ဒုတိယအစ်မ... ကျောက်မိသားစုရဲ့ ထောင်ချောက်က အမှတ်အသားတွေကို အစ်မကလွဲလို့ ဒီတစ်ရွာလုံးသိတယ်... ရွာထဲက သုံးနှစ်သားလေးတောင်မှ ထောင်ချောက်ကို

ဘယ်လိုကြည့်ရမလဲဆိုတာ သိတယ်...ဟိုနားမှာချည်ထားတဲ့ ကြိုးထုံးလေးကို တွေ့လား... အဲ့တာကို တွေ့တိုင်း အနီးနားမှာ ထောင်ချောက် ရှိတယ် သတိထားဆိုတဲ့အဓိပ္ပာယ်ပဲ ! "

ရှီထုန်ပြောတော့မှပဲ အနီးအနား သစ်ပင်မှာ ထင်ထင်ရှားရှားထုံးထားတဲ့ ဝါးကြိုးထုံးကို ယွီရှောင်ချောင်း သတိပြုမိတော့တယ် ။ ယွီရှောင်ချောင်း ရှက်ဝဲဝဲနဲ့ ကိုယ့်နှာခေါင်းကို ပွတ်လိုက်မိတယ် ။

ကျောက်ဟန်က ကျွမ်းကျင်စွာပဲ သူမအတွက် စကားလမ်းကြောင်းလွှဲပေးတယ် ။

“ ကြည့်ရတာ ဒီထောင်ချောက်က မထိရသေးဘူး ထင်တယ်... အထဲကို သွားပြီး တခြားထောင်ခြောက် တွေကိုရောစစ်ကြည့်ကြရအောင်... ရှောင်ချောင်း... ပင်ပန်းတယ်လို့ ခံစားရပြီဆိုတာနဲ့ သေချာပေါက် အကို့ကို ပြောနော်"

ယွီရှောင်ချောင်းက သဘောတူတဲ့အနေနဲ့ သူမအသံကို မြှင့်လိုက်ပြီး ကျောက်ဟန်နား ကပ်ပြီးလာခဲ့လိုက်တယ်။ သူတို့ သုံးယောက်လုံး တောထဲ ပိုနက်အောင် ဝင်လာခဲ့ကြတယ် ။ သူတို့အထဲကို လျှောက်လေ အလင်းရောင်က ပိုပြီးမှိန်လာလေ ခြုံပင်တွေ ပိုထူထပ်လာလေပဲ ။ ကံကောင်းစွာနဲ့ပဲ လူသွားလမ်းတစ်ခုရှိလို့သူတို့တွေ ဘေးက အပင်တွေကိုတော့ အရမ်းကြီး တွန်းဖယ်မနေရပေ ။ ရှီထုန်လေးကတော့ အနားက
သစ်ကိုင်း တစ်ခုကို ယူပြီး လမ်းသွားရင်း ခြုံပင်တွေကို ရိုက်ပြီး တွန်းဖယ်နေတယ် ။

အဲ့လိုလုပ်တာ တောထဲက မြွေတွေကို မောင်းထုတ်သလိုလည်းဖြစ် ပုန်းခိုနေတဲ့ ရစ်ငှက်တွေကိုလည်း ကွင်းပြင်ထဲ ထွက်လာအောင် လုပ်ပြီးသားဖြစ်တယ် ။

" ခဏ ! "

ကျောက်ဟန်က အရေးတကြီး ခေါ်လိုက်တယ် ။
ပြီးနောက် သူက အနားက ခြုံတစ်ခုထဲ တိုးဝင်သွားပြီး မောင်နှမ နှစ်ယောက်ကို သူတို့ရပ်နေတဲ့နေရာမှာပဲနေနေဖို့မှာခဲ့တယ် ။

တောင်တွေမှာရှိတဲ့ တောအုပ်တွေက သစ်ပင်တွေနဲ့ ထူထပ်နေတယ် ။ သစ်ကိုင်းတွေက တစ်ခုနဲ့တစ်ခု ရှုပ်ယှက်ခတ်နေပြီး မည်သည့်နေရောင်ကိုမဆို မြေပြင်ပေါ်မရောက်အောင် ပိတ်ထားကြတယ် ။ တခါတရံမှာတော့ နေရောင်ခြည်တချို့က သစ်ကိုင်းတွေကြားထဲကနေ တစ်ချက်တစ်ချက် ဖြာဖြာကျလာတတ်တယ် ။ အခုလည်း အလင်းရောင်တစ်စုံက ဒီသစ်ပင်အုပ်ကို အလင်းပေးနေတယ် ။ သူတို့ရဲ့အပေါ်မှာ
ငှက်တစ်ကောင် သူ့ရဲ့ အတောင်ပံတွေကို ဆန့်ထုတ်ပြီး ပျံသွားတာ တွေ့ရတယ် ။ အဲ့ငှက်က သူပျံသွားတဲ့အချိန်မှာ ခြောက်ခြားစရာအသံကြီး အော်မြည်လို့နေတယ် ။ သူတို့နား မလှမ်းမကမ်းက

ခြုံတစ်ခု လှုပ်ခါသွားတာကို မောင်နှမနှစ်ယောက် သတိထားမိလိုက်တယ်။ ကေန္တ အဲ့ခြုံထဲကို ဖြတ်လျှောက်နေတဲ့ အရာ တစ်ခုခုများ ရှိနေတာလား ။

" ဒုတိယ အစ်မ... အစ်မ အခုကြောက်နေလား ? "

ရှီထုန်လေးက တုန်တုန်ယင်ယင်အသံနဲ့ မေးလိုက်တယ် ။ ပြီးနောက် ယွီရှောင်ချောင်းနား သုတ်သီးသုတ် ပျာ ပြေးကပ်လိုက်ပြီး သူမလက်ကို လှမ်းဆွဲလိုက်တယ် ။ အနီးအနားက ပတ်ဝန်းကျင်ကို ကြောက်ကြောက်လန့်လန့် စူးစိုက်ကြည့်နေတာကြောင့် ရှီထုန်ရဲ့ မျက်လုံးတွေက ထိတ်လန့်ပြူးကျယ်နေတယ် ။ ဒါကို သတိထားမိတော့ ရှောင်ချောင်းက ရှီထုန်ကို တမင်တကာ လှမ်းစ လိုက်တယ် ။

" ငကြောက်လေး! မင်းကို အကိုဟန် မပြောခဲ့ဘူးလား? ငါတို့က တောနက်ရဲ့ အစွန်အဖျားနေရာလေးမှာ ရှိနေတာ... တောကောင်ကြီးတွေရှိဖို့နေနေသာသာ အမဲလိုက်တာတွေတောင် ဒီမှာ
မလုပ်ကြဘူး... ပြောတော့ အမကြီးကို ကာကွယ်မယ်ဆို အခုကျ ဘာလို့ကြောက်နေရတာတုန်း "

ရှီထုန်လေးက ဒီစကားကြားတော့ သူမလက်ကို လွှတ်လိုက်ပြီး ရှက်ရမ်းရမ်းကာ မြက်ပင်လေးကိုသူ့လက်ချောင်းတွေနဲ့ ဆွဲနှုတ်နေတယ် ။ ပြီးနောက်သူက ယွီရှောင်ချောင်းကို တတွတ်တွတ်ပြောတော့တယ် ။

" ကျွန်တော် ကြီးလာရင် ဒုတိယအစ်မ ကို သေချာပေါက်ကာကွယ်မှာပါနော်... အို... ဟိုမှာကြည့်ဦး... အကိုကျောက်ဟန် ပြန်လာပြီ "

ရှီထုန်စကားကြောင့် ယွီချောင်ရှောင်း ကျောက်ဟန်ဘက်ကို လှည့်ကြည့်လိုက်တယ် ။ သူ စောစောပြန်လာတာပဲ ။ ခြုံထဲကနေ ဂျိုးဂျိုးဂျောက်ဂျောက် အသံမြည်လာပြီးနောက် ကျောက်ဟန်ရဲ့ အရပ်ရှည် သန်မာတဲ့ ခန္ဓာကိုယ်က သူတို့ရှေ့မှာ ပေါ်လာတယ် ။

" ငါ ဘာ ရလာလဲဆိုတာ ကြည့်လိုက်ကြစမ်း ! မင်းတို့နှစ်ယောက် အဲ့တာကို ဘာလို့ ထင်လဲ ? "

ကျောက်ဟန်လို့ခေါ်တဲ့ လူငယ်လေးက သူဖမ်းမိလာတဲ့အရာကို လက်ထဲမှာ တွဲလောင်းကိုင်ထားလျက် ကလေးနှစ်ယောက်ကို မေးလိုက်တယ် ။ ရှီထုန်လေးက ခုန်ဆွခုန်ဆွလုပ်ရင်း ပွဲတင်သံထွက်နေတဲ့ အသံနဲ့ အံ့အားသင့်စွာပြောတယ်။

"ရစ်ငှက် ဥတွေ! အကိုကျောက်ဟန်ဆီမှာ
ရိုဗ်ရစ်ငှက်ဥတွေပါလာတယ် ဒုတိယအစ်မရေ !! အဲ့တာတွေကအရသာ အရမ်းရှိပြီး ခန္ဓာကိုယ်အတွက်လည်း တော်တော်လေး အာဟာရဖြစ်စေတယ် ! "

(ရိုဗ်ရစ်ငှက်- ရစ်ငှက်အကောင်အကြီးစား)

“ ဒီမှာ ဒါတွေကို ယူလိုက်... ဒီထဲက တချို့ကို ခဏနေကျရင် ချက်စားကြတာပေါ့ ! "

ကျောက်ဟန်က ပြုံးရင်း လက်ထဲက ရစ်ငှက်ဥ ငါးလုံးကို ရှီထုန်တို့ မောင်နှမလက်ထဲ ထည့်ပေးလိုက်တယ် ။ အဲ့ဒီနောက်မှာတော့ ကျောက်ဟန်က တောထဲကို ဆက်သွားဖို့ ဦးဆောင်လိုက်တော့တယ် ။

သူ အစောက ထောင်ထားခဲ့တဲ့ ထောင်ချောက်တွေက ထူထပ်နေတဲ့ ခြုံနွယ်တွေထဲမှာ နေရာချထားခဲ့တာဖြစ်သည်။ တခါတလေ ကျောက်ဟန်က ရှီထုန်တို့ မောင်နှမကို အစောကလို တူတူနေခဲ့ခိုင်းပြီး သူကတော့ ထောင်ချောက်တွေစစ်ဆေးဖို့ ညစ်ပတ်ခြုံထူတဲ့ လမ်းကြောင်းတွေဘက် ထွက်သွားတတ်သေးတယ် ။ ထောင်ချောက်ဆယ်ခုလောက် စစ်ဆေးလို့အပြီး နှစ်နာရီအကြာမှာ ရှောင်ချောင်းစိတ်ထဲစပြီး မောပန်းလာသလိုခံစားရတယ် ။ ကံအားလျော်စွာနဲ့ သူတို့ခရီးစဉ်က အလဟဿတော့ မဖြစ်ခဲ့ဘူး ။ ကျောက်ဟန်က ကြီးမားဖွံ့ဖြိုးတဲ့ ချိုးငှက်တစ်ကောင်ကို ပစ်ချနိုင်ခဲ့တုန်းမှာပဲ ထောင်ချောက်တွေထဲက တစ်ခုမှာ လတ်လတ်ဆတ်ဆတ် သေနေတဲ့ တောယုန်တစ်ကောင်ကို ဖမ်းမိခဲ့တယ် ။

" မင်းတို့တွေ အခုလောက်ဆို ပင်ပန်းနေလောက်ရောပေါ့... ငါလောင်းရဲတယ် မင်းတို့တွေ ဗိုက်လည်းဆာနေပြီမလား မှန်မှန်ပြော... အနားယူပြီး အစားအစာ ချက်ပြုတ်လို့ရလောက်မယ့် နေရာကောင်းကောင်းတစ်ခုကို ငါသိတယ် "

ခရီးစဉ်တစ်ခုလုံးမှာ ကျောက်ဟန်က မောင်နှမ နှစ်ယောက်လုံးကို မျက်စိဒေါက်ထောက်ကြည့်ပြီး စောင့်ရှောက်ပေးခဲ့တယ် ။

ရှီထုန်လေးရဲ့ အခြေအနေကတော့ မဆိုးလှဘူး။ သူက သူ့အချိန်တော်တော်များများကို ရွာထဲက တခြားကလေးတွေနဲ့ ပြေးလွှားဆော့ကစားရင်း ကုန်ဆုံးနေကြဆိုတော့ သူ့ခန္ဓာကိုယ် သေးသေးလေးထဲမှာ ပင်ပန်းဒဏ်ခံနိုင်တဲ့အစွမ်းတွေ အတန်အသင့်ရှိထားပြီးသားပင် ။ ဒါပေမယ့် ယွီရှောင်ချောင်း အခြေအနေကြည့်ရတာတော့ ပင်ပန်းအားနည်းနေပုံပဲ ။ သူတို့နှစ်ယောက်ကြား အခြေအနေကွာခြားချက်က အံ့သြစရာတော့ မရှိပါဘူး ။ မွေးကတည်းက ခဏခဏ နာမကျန်းဖြစ်နေတဲ့ လူတစ်ယောက်အဖို့တော့ ဒီလို တောတွင်းခရီးကြမ်းမှာ အကြာကြီးလမ်းလျှောက်နိုင်တယ်ဆိုတာ တကယ်ကို အံ့ဖွယ်ဖြစ်ရပ်ပဲ ။ ကျောက်ဟန်က ဒီတောတွင်းနယ်မြေကို ထုံးလိုကြေ ရေလိုနှောက် နေလောက်အောင်ကို ကျွမ်းကျွမ်းကျင်ကျင်သိတယ် ။ သူက ရှီထုန်တို့မောင်နှမ နှစ်ယောက်ကို ခြုံထူတဲ့နေရာတွေကနေ ဦးဆောင်ပြီး ခေါ်သွားလိုက်တယ် ။ တောထဲကနေ လေးလေးကန်ကန်နဲ့ ဆယ့်ငါးမိနစ်လောက် လျှောက်လာခဲ့ကြပြီးနောက် မမျှော်လင့်ထားတဲ့နေရာတစ်ခုကို လျှောက်လာခဲ့တယ်ဆိုတာ ယွီရှောင်ချောင်း ရုတ်တရက် သတိပြုမိသွားတယ် ။ သူတို့အခု ဘယ်မှာမှ မရှိတဲ့ လှပတဲ့ ချိုင့်ဝှမ်းကြီးထဲမှာ ။

ချိုင့်ဝှမ်းရဲ့ ဘေးနှစ်ဖက်ကို တောင်တွေက ဘောင်ခပ်ထားကြတယ် ။ စိမ်းစိုနေတဲ့ သစ်ရွက်တွေက နေရောင်အောက်မှာ တလက်လက်တောက်ပနေပြီး ချိုင့်ဝှမ်းတစ်ခုလုံးကလည်း သဘာဝပေါက်ပင်တွေနဲ့ မြစိမ်းရောင်ကော်ဇောခင်းထားသလို စိမ်းမြနေတယ် ။ သေးငယ်တဲ့ စမ်းချောင်းလေးကလည်း ချိုင့်ဝှမ်းကိုဖြတ်ပြီး သာယာစွာ စီးဆင်းလို့နေတယ် ။ တသွင်သွင် စီးဆင်းနေတဲ့ရေတွေကြည့်ရတာ လှပတဲ့ ကျင်ခပ်ထဲက နက်ပြာရောင် အပ်ချည်မျှင်လေးလိုပဲ ။ တိုက်တဲ့လေကအစ ဒီနေရာမှာ ပိုပြီး သန့်ရှင်းလတ်ဆတ်သလိုခံစားရတယ် ။

" ဝိုး ! မိုက်လိုက်တာ ! ဒီနေရာက အရမ်းလှတာပဲ ! "

ယွီရှောင်ချောင်းက လေတွေကို သူမအဆုတ်ထဲ တဝကြီး ရှူရှိုက်လိုက်ပြီး အသာအယာ ပြန်လည် ရှူထုတ်လိုက်တယ် ။

ကျောက်ဟာန်ကတော့ မြက်ပင်ရှည်ရှည်တွေကြား လှဲအိပ်ပြီး သက်တောင့်သက်သာ လူးလှိမ့်နေတဲ့ ကလေးမလေးကို အလိုလိုက်သလိုကြည့်ရင်း ပြုံးနေမိတယ် ။ သူ့အတွက်တော့ ဒီကလေးမလေးက အလိုလိုက်ထားလို့ ဆိုးနေတဲ့ ချစ်စရာကြောင်ကလေးတစ်ကောင်လိုပင် ။

အပိုင်း ၂၀ (အံ့ဖွယ်ကျောက်တုံးပြန်လာခြင်း)

"ဒီချိုင့်ဝှမ်းလေးက တော်တော်လေးကွယ်ရာမှာ ရောက်နေတာမလို့ ငါကလွဲပြီးဘယ်သူမှရှာတွေ့မှာ မဟုတ်ဘူး။ ငါချိုင့်ဝှမ်းထဲကိုလည်း စစ်ဆေးပြီးသွားပြီ။ အထဲမှာလည်း အန္တရာယ်ကင်းပုံပါပဲ။ ငါဟင်းခပ်အမွေးအကြိုင်တွေ သွားယူနေတုန်း မင်းတို့ ဒီမှာ ခဏစောင့်ကြဦး ဒီနားမှာ အသားကင်စားကြရအောင်"

ကျောက်မိသားစုက တုန်ရှုန်းရှာနဲ့ ဝေးတဲ့ တောင်ခြေလေးမှာပဲနေတာဆိုပေမယ့် ကျောက်ဟန်က အဘွားကြီးကျန်းရဲ့ တွန့်တိုတတ်တဲ့ ပင်ကိုယ်စရိုက် ကိုတော့ ကြားဖူးပြီးသားဖြစ်သည်။ ယွီမိသားစုအတွက် တစ်နှစ်ပတ်လုံးမှာ အသားစားနိုင်တဲ့ အခွင့်အရေးက ကြုံတောင့်ကြုံခဲဖြစ်ပြီး တစ်ခါတစ်ရံ ရောင်းမကုန်တဲ့ငါးတွေကိုမှသာ စားရတာဖြစ်သည်။

"သွား, သွား! မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့နော်" တောထဲတောင်ထဲ ၂နာရီကျော်ကျော်လောက် ခြေဦးတည့်ရာလျှောက်သွားနေရတော့ ယွီရှောင်ချောင်း မနက်ကစားခဲ့တဲ့ အသားပေါက်စီ၂လုံးက အစာကြေသွားပြီဖြစ်တယ်။ ဒီလိုမျက်စိပသာဒဖြစ်တဲ့ တောင်ကြားလေးမှာ ပျော်ပွဲစားထွက်ရတာ တော်တော်လေး စိတ်ဝင်စားဖို့တော့ကောင်းသား!

"ဒုတိယ အစ်မ! ချောင်းထဲမှာ ငါးတွေအများကြီးပဲ"
ရှီထုန်လေးက ချောင်းထဲမှာလက်ဆေးနေရင်း ကျောက်တုံးတွေကြားမှာ ကူးလူးသွာလာနေကြတဲ့ လက်ဖဝါးအရွယ် ငါးတွေကိုတွေ့လိုက်ရတယ်။ သူကဖိနပ်ကို အမြန်ချွတ်လိုက်ပြီး သူ့လက်တွေနဲ့ဖမ်းဖို့လုပ်လိုက်တယ်။ ဒါပေမဲ့လည်း သူက ရေထဲမှာ ကျွမ်းကျင်စွာ ကူးခတ်နေကြတဲ့ ငါးလေးတွေကို မဖမ်းနိုင်ခဲ့ဘူး။

ဟောင်းနွမ်းစုတ်ပြတ်နေပြီဖြစ်သော မြေထည်အိုးလေးကို ကိုင်ထားတဲ့ ယွီရှောင်ချောင်းက သူ ခေါ်တာကိုကြားလိုက်တော့ စိတ်ဂင်စားမှု အပြည့်နဲ့ ချက်ချင်းပြေးသွားလိုက်တယ်
" ငါ့ကို ကြည့်ထား! ငါသူတို့ကို ဒီအိုးနဲ့ ဖမ်းပြမယ်..."

ဟင်! ဒီငါးတွေ တော်တော်ထူးဆန်းတာပဲ။ သူတို့က ဒီအိုးကို မြင်တာနဲ့ ထွက်ပြေးရမဲ့အစား ချက်ချင်းတောင် ပြေးလာလိုက်သေးတယ်။ ပြီးတော့လည်း ငါးစာကိုတွေ့လိုက်တဲ့ အတိုင်း အတူတူစု ဝေးနေကြတယ်။

ရှီထုန်လေးက အံ့သြသွားပြီး ထက်မြက်တဲ့ အမူအရာလေးနဲ့ အံ့အားသင့်စွာဆိုလာတယ်
"အိုး! ကျွန်တော်သိပြီ! ခုနကဒီအိုးကို အသားပေါက်စီတွေထည့်ထားတာဆိုတော့ အထဲမှာ အရသာရှိတဲ့အသားပေါက်စီနံ့လေး ကျန်နေသေးတာဖြစ်ရမယ်။ ငါးလေးတွေလည်း ဗိုက်ဆာနေလို့ ဖြားယောင်းခံလိုက်ရတာနေမှာပေါ့ ပြန်ရောက်ရင် စွပ်ပြုတ်လုပ်သောက်ရအောင်လို့ နည်းနည်း လောက် ထပ်ပြီးဖမ်းရအောင် "

ငါးလေးတွေက မြေအိုးနားမှာ ပို, ပိုပြီးစုဝေးလာကြတယ်။ အိုးထဲက တစ်စုံတစ်ခုက ဆွဲဆောင်နေသလိုမျိုး ပတ်ပတ်လည်မှာ ကူးခတ်နေကြတယ်။ အံဖွယ်ကျောက်တုံးလေးရဲ့ စိတ်စွမ်းအားတွေက ငါးစာလိုမျိုးလည်း စွမ်းဆောင်နိုင်တာများလား...

ယွီရှောင်ချောင်းက လက်ကောက်ဝတ်မှာ ဝတ်ထားတဲ့ ရောင်စုံကျောက်တုံးလေးကို အိုးထဲထည့်လိုက်တယ်။ အိုးကို ချောင်းထဲ ပိုနက်နက်နှစ်လိုက်တာနဲ့ ငါးလေးတွေက အိုးထဲကို ပိုပြီး တော့တောင် စိတ်အားထက်သန်စွာနဲ့ တိုးဝှေ့လာကြတယ်။ မကြာခင်မှာပဲ ငါးလေးတွေက ငါးပိငါးချဥ်သိပ်သလိုမျိုး တိုးဝှေ့ပြီး မြေအိုးထည့်မှာ သိပ်သိပ်သည်းသည်း ပြည့်ကျပ်သွားတယ်။ အိုးထဲကို မရောက်လိုက်တဲ့ ငါးတွေကလည်း အိုးအဝမှာ တဝဲလည်လည်ဖြစ်နေတော့တယ်။ ငါးတွေ နောက်ထပ်အများကြီး စုပုံလာဦးမယ်ပုံပဲ...

[ယွီရှောင်ချောင်း ဒီကောင်မစုတ်လေးကတော့! ဘယ်လိုတောင် ငါ့လိုအံ့ဖွယ်ကျောက်တုံး ငါးစာအဖြစ်သုံးရဲတာလဲ မင်း, မင်း ... မင်းတော်တော်လွန်လာပြီနော်!]
ရက်အတော်အကြာ တိတ်ဆိတ်နေခဲ့ပြီး နောက်ဆုံးတော့ ဒီအသံက ယွီရှောင်ချောင်းရဲ့ နားထဲမှာ တစ်ဖန်ပြန်လည် ထွက်ပေါ်လာခဲ့ပြီဖြစ်တယ်။

တဖိတ်ဖိတ်တောက်ပနေတဲ့ဘောလုံးလေးက အိုးထဲကနေ တဖြည်းဖြည်းချင်း ထွက်ပေါ်လာတယ်။ အံ့ဖွယ်ကျောက်တုံးလေးက စိတ်ဆိုးနေတဲ့ ရွှေရောင်ကြောင်ပေါက်လေးသဏ္ဍာန်ပေါ်လာတယ်။ သူက ယွီရှောင်ချောင်းကို မာန်ဖီပြနေပြီး သူ့အမြီးလေးကိုမြှောက်လိုက်ရင်း သူမကို စိုက်ကြည့်နေတယ်။

" အိုး အံ့ဖွယ်ကျောက်တုံးလေး! နောက်ဆုံးတော့ မင်းနိုးလာပြီပေါ့ မင်းရဲ့ အစွမ်းတွေ ပြန်ရပြီလား"
ယွီရှောင်ချောင်း အံ့အားတကြီးအော်ပြောလိုက်တယ်။

ရှီထုန်လေးက ဇဝေဇဝါနဲ့ သူမကို စိုက်ကြည့်ပြီးမေးလိုက်တယ် "ဒုတိယအစ်မ, ဘာတွေပြော နေတာလဲ ကျွန်တော့်ကို ပြောနေတာလား"
ဒီအံ့ဖွယ်ကျောက်တုံးလေးရဲ့ ဝိညာဥ်ပုံစံကို အခြားသူတွေမမြင်နိုင်ဘူးဆိုတာ သူမရုတ်တရက်သတိရသွားတယ်။ သူမနှာခေါင်းကို ပွတ်လိုက်ရင်း ကိုးရို့ကားယားနဲ့ပြန် ဖြေလိုက်တယ်။

"ကိုယ့်ဟာကိုယ်ပြောနေတာပါ ဘယ်သူ့ကိုမှ မပြောပါဘူး မြေအိုးလေးကို ဂရုတစိုက်သယ်သွားနော် ငါးတွေ ဒီလောက်ဆိုရင် လုံလောက်ပါပြီ"

[မင်းကတုံးလိုက်တာ! မင်းစိတ်နဲ့ ငါ့ကို ဘယ်လိုဆက်သွယ်ရမလဲဆိုတာ ခုထိမသိသေးဘူးပေါ့ မင်းငါ့ကိုတစ်ခုခုပြောချင်ရင် မင်းစိတ်ထဲမှာသာ
စဥ်းစားလိုက် ငါမင်းပြောတာကြားနိုင်တယ်]

သူမရှက်ကို့ရှက်ကန်းဖြစ်နေတာကိုမြင်တော့ အံ့ဖွယ်ကျောက်တုံးလေးက သူမကို ရက်ရက်စက်စက်ရယ်နေပြီး လေထဲမှာတောင် ကျွမ်းထိုးနေလိုက်သေးတယ်။

ယွီရှောင်ချောင်းက အဲ့ဒါကို အနှောက်အယှက်မဖြစ်ဘဲ ဆက်မေးလိုက်တယ်
"မင်းရဲ့ စိတ်စွမ်းအင်တွေအကုန် ပြန်ရပြီလား"

[ဒီလောက်မြန်မြန် ပြန်ရမလား! ငါ, အံ့ဖွယ်ကျောက်တုံးက အရင်တစ်ခေါက် မင်းဒဏ်ရာတွေကို ကုဖို့ ငါ့အစွမ်း အကုန် နီးပါးသုံးလိုက်ရတာ မင်းသာငါ့ကို တောင်ပေါ်ကချောင်းရေထဲ မထည့်လိုက်ရင် ချောင်းထဲက ဝိညာဥ်စွမ်းအင်တွေနဲ့ ငါထိတွေ့မိမှာမဟုတ်သလို ဒီလိုမျိုးလည်း ထွက်လာနိုင်မှာမဟုတ်ဘူး ဒီကမ္ဘာပေါ်က ဝိညာဥ်စွမ်းအင်က အရမ်းအားနည်းပေမဲ့ မင်းအရင်ကမ္ဘာကထက်တော့ အဆတစ်ရာသာသေးတယ်]

[မဟုတ်ဘူး! ငါ့ဝိညာဥ်စွမ်းအားက အခုထိအရမ်း အားနည်းသေးတာမလို့ ငါခဏလေးပဲ ပေါ်လာနိုင်တာ ငါသွားရတော့မယ် စမ်းချောင်းထဲမှာ ငါ့ကိုယ်ကို စိမ်ထားဖို့ သတိရနော်]
အံ့ဖွယ်ကျောက်တုံးလေးရဲ့ ပတ်ပတ်လည်မှာ ရွှေရောင်အလင်းတန်းလေးက အကြိမ်ကြိမ် တဖျပ်ဖျပ်လှုပ်သွားပြီး ယွီရှောင်ချောင်းရဲ့ မြင်ကွင်းထဲကနေပျောက်သွားတယ်။

" ဟေး ဒုတိယအစ်မ, ဒီကိုမြန်မြန်လာခဲ့! ငါးသေးသေးလေးတွေ အများကြီးပဲ! သူတို့ကို ကြိုးနဲ့ချည်ပြီးပြန်ယူသွားရမလား"
ရှီထုန်တစ်ယောက် အိုးထဲက ငါးလေးတွေကို ကြည့်ရင်း နားရွက်ချိတ်မတတ်ပြုံးနေတော့တယ်။ ဒီလောက် ငါးတွေအများကြီးနဲ့ ငါးစွတ်ပြုတ်အိုးကြီး ချက်လိုက်ရင် အဘွားကြီး နားပူနားဆာ သိပ်မလုပ်လောက်တော့ပါဘူး။

ရှောင်ချောင်းကလည်း အရသာရှိတဲ့ ငါးစွတ်ပြုတ်အကြောင်းတွေးရင်း ကျေနပ်ဝမ်းမြောက်စွာနဲ့ ပြုံးဖြီးနေတော့တယ်။ "အခုတော့ သူတို့ကို အိုးထဲမှာပဲထည့်ထားလိုက် ရာသီဥတုကအရမ်းပူလွန်းတော့ သူတို့သေသွားရင် အပုပ်နံ့ထွက်လာလိမ့်မယ် အကောင်ကြီးတဲ့ငါးတွေ ရွေးလိုက် ခဏနေရင် ငါတို့ကင်စားကြရအောင်!"

သူမစကားပြောပြီးတာနဲ့ ချောင်းဘေးကို သွားလိုက်ပြီး ချောင်းအောက်ခြေက ကျောက်စရစ်ခဲတွေကြားမှာ ရောက်စုံကျောက်တုံးလေးကို ထားလိုက်တယ်။ ကံကောင်းစွာနဲ့ အံ့ဖွယ်ကျောက်တုံးလေးကနိုးလာပြီး သူ့စွမ်းအားတွေကို ထိန်းချုပ်လိုက်လို့ပေါ့! မဟုတ်ရင် ချောင်းထဲက ငါးတွေနဲ့ တခြားတိရစ္ဆာန်တွေကို ဆွဲဆောင်မိပြီး ဒုက္ခအကြီးအကျယ်ရောက်လိမ့်မယ်!

"အစ်ကိုဟန် ကျွန်တော်တို့ဖမ်းမိထားတဲ့ငါးတွေကို ကြည့်လိုက်!" ရှီထုန်လေးက ပေဂက် လောက်ရှိတဲ့ငါးတွေကိုထုတ်ပြရင်း အပြေးအလွှားလာနေတဲ့ ကျောက်ဟန်ကို ကြွားလိုက်တယ်။

ကျောက်ဟန်က အိုးထဲကငါးတွေအများကြီးကိုမြင်တော့ ထိတ်လန့်သွားတယ်။

"ဒီချောင်းထဲကငါးတွေက တအားလျင်တာ ငါအကြိမ်ကြိမ်ကြိုးစားပြီးပြီ အချိန်တော်တော်ကြာတော့မှ တစ်ကောင် နှစ်ကောင် ပဲဖမ်းနိုင်ခဲ့တာ မင်းတို့ အချိန်ခဏလေးနဲ့ ဒီလောက်အများကြီးကို ဘယ်လိုဖမ်းခဲ့တာလဲ လျို့ဝှက်ချက်က ဘာလဲ အစ်ကိုဟန့်ကိုလည်း သင်ပေးပါဦး"

"ငါးလေးတွေက သူ့တို့ဘာသာသူတို့ အထဲကို ကူးဝင်လာတာလို့ ကျွန်တော်ပြောရင်ယုံမှာလား" ကျီစယ်တဲ့အမူအရာလေးနဲ့မေးရင်း ရှီထုန်လေးရဲ့ ကြီးမားတဲ့မျက်ဝန်းလေးတွေက တဖိတ်ဖိတ်တောက်နေတော့တယ်။

ကျောက်ဟန်ကရယ်လိုက်ရင်း သူ့ကို ချီလိုက်ပြီး လေထဲမှာမြှောက်လိုက်တယ်။ ကောင်ငယ်လေးက အော်ဟစ်လိုက်ရင်း သူ့ရဲ့လက်မောင်းထဲ ပြန်ဖမ်းမိသွားတော့ပြောလိုက်တယ်။
" အစ်ကိုဟန့်ကို လွယ်လွယ်အရူးလုပ်လို့ရမယ် ထင်နေတာလား ရစ်ငှက်တစ်ကောင် အိုးထဲကိုပျံဝင်သွားတယ်လို့မင်းပြောရင်တောင် ငါယုံရင်ယုံဦးမယ် ကောင်းပါပြီ ငါတို့အသားကင်ကြရအောင်!"

ကျောက်ဟန်က အိမ်ကိုပြန်ပြီး ဟင်းခပ်အမွေးအကြိုင် မျိုးစုံ ယူလာခဲ့တယ်။ ယွီရှောင်ချောင်းသူယူလာတဲ့ ဟင်းခပ်အမွေးအကြိုင်တွေကို ကြည့်လိုက်တယ်။ ဇီရာစေ့လို ဟင်းခတ်မှုန့်တောင်သူ့မှာရှိတယ်။ သူမခေါင်းငုံ့လိုက်ပြီး ရင်းနှီးနေတဲ့အညိုရောင် အမှုန့်တွေကိုရှုကြည့်လိုက်တယ်။

"ဒါ ဇီရာစေ့။မင်းအရင်က မမြင်ဖူးဘူးမလား ဧကရာဇ်ကျန်းဝိန် အင်ပါယာရဲ့ အိမ်ရှေ့စံဖြစ်တုန်းက တောင်ပိုင်းကနေ ယူလာခဲ့တာ ငရုတ်ကောင်းမှုန့်ရောပဲ ဧကရာဇ်ကျန်းဝိန်က အမွှေးအကြိုင်ကဲတဲ့အရသာကို တော်တော်လေးကြိုက်တယ်လို့ ပြောကြတယ် ဒါပေမဲ့လည်း လူတိုင်းကတော့ ဇီရာစေ့နဲ့ ငရုတ်ကောင်းမှုန့်လို ဟင်းခပ်မှုန့်တွေကို မကြိုက်နိုင်ဘူးလေ ငါကတော့စားနိုင်ပေမဲ့ မင်းတို့မကြိုက်ရင် ဒီဟင်းခပ်မှုန့်တွေ မထည့်လို့ရတယ်" ကျောက်ဟန်နဲ့သူ့အဘိုးက မြိုးမြိုးမြက်မြက်အရသာကို ကြိုက်ကြတဲ့သူတွေဖြစ်တယ်။

ဒီအချိန်အခါမှာ ငရုတ်ကောင်းမှုန့်တွေက သိပ်ပြီးလူကြိုက်မများသေးပေ။ ယွီမိသားစုစားလေ့ရှိတဲ့ အသီးအရွက်တွေက သူတိုရဲ့ ကိုယ်ပိုင်ဥယျာဥ်ထဲမှာ စိုက်ထားတာဖြစ်လို့ ဘာငရုတ်သီးမှုန့်မှမရှိတာ သဘာဝကျပါတယ်။ ဆီတွေ ဟင်းခပ်မှုန့်တွေမပါဘဲ ဆားနည်းနည်းနဲ့သာ အသီးအရွက်တွေကို ကြော်လှော်ချက်ပြုတ်တာဖြစ်သည်။ ယွီရှောင်ချောင်းသာဗိုက်ဆာမနေခဲ့ရင် ထိုအစားအစာတွေကို လုံးဝစားနိုင်မှာမဟုတ်ပေ။

အစားအသောက်ကောင်းကြိုက်တတ်တဲ့ ကျောက်ဟန်ကို ယွီရှောင်ချောင်း အလွန်အမင်း နှစ်ထောင်းအားရဖြစ်နေမိတယ်။ သူက ငရုတ်သီးမှုန့်၊ ဇီရာစေ့၊ စမုန်စပါး၊ သစ်ကြားပိုးခေါက် နဲ့ စမုန်နက်တို့လို အင်မတန် အမျိုးစုံလှတဲ့ဟင်းခပ်မှုန့်တွေကိုလည်း စုဆောင်းနိုင်တယ်။

ရွေးချယ်စရာမရှိဘဲ ကျောက်ဟန်က ယုန်နဲ့ချိုးငှက်ကို တာဝန်ယူလိုက်ရပြီး ရှီထုန်လေးကတော့ ဘေးမှာ သူ့ကိုကြည့်နေရင်း ဟိုဟိုဒီဒီပြောနေတော့တယ်။ အဲ့ဒီအချိန်မှာ ယွီရှောင်ချောင်းကတော့ မီးမွေးဖို့ စိတ်ဆန္ဒအလျောက် ထင်းတွေလိုက်ကောက်နေလေတယ်။ သူမ သူတို့ကို ရံဖန်ရံခါကြည့်ရင်း တွေးလိုက်မိတယ် 'ဒီလူငယ်လေးက ဆယ်နှစ်နှစ် ဆယ်သုံးနှစ် ဝန်းကျင်သာရှိသေးပေမဲ့ ယုန်အရေခွံခွာတာနဲ့ အတွင်းကလီစာတွေ ဖြတ်ထုတ်တာ တော်တော်လေးကျွမ်းတာပဲ။ သူ ဒီလိုပြုလုပ်ရတာတွေနဲ့ အသားကျနေပြီဆိုတာ သိသာတယ်'

မီးကိုအမြန်မွေးလိုက်ကြသည်။ ယုန်သားကို ဆားတွေ ဟင်းခပ်အမွေးအကြိုင်မျိုးစုံ သုတ်လိမ်းပြီး ကင်ဖို့ရန်အတွက် မီးပေါ်မှာ တင်လိုက်တယ်။ ချိုးငှက်သားကိုတော့ မီးထဲမှာမကင်ခင် ဟင်းခပ်မှုန့်တွေ သိပ်ထည့်ပြီး ရွှံ့နဲ့ အုပ်လိုက်သည်။ ရစ်ငှက်ဥတွေကိုလည်း ဥပေါက်ခြင်းမှကာကွယ်ဖို့ ရွှံ့စေးနဲ့အရင်အုပ်ပြီး မီးအပူပေးထားလေတယ်။

အပိုင်း ၂၁ (အသားကင်တတ်တဲ့သူကအချောဆုံးပဲ!)

ယွီရှောင်ချောင်းက အသားနုပ်ခြင်းနဲ့ ချက်ပြုတ်ခြင်း အတွေ့အကြုံ ဆယ်နှစ်ရှိပေမယ့် ဆေးကြောသန့်စင်ရာနဲ့ အမဲလိုက်ပြင်ဆင်ခြင်းမှာ ကျွမ်းကျင်မှုမရှိပေ။ သူမက ဘေးနားကနေ ဟင်းခတ်အမွှေးအကြိုင်တွေ ရောပေးတာလောက်ပဲ ကူညီပေးနိုင်တယ်။ သူမ အသားမစားရတာ တော်တော်ကြာနေလေပြီ။ ဒါကြောင့်မို့ ယုန်ကင်ရဲ့ ဆွဲဆောင်နေတဲ့ အနံ့က သူမ တောင့်ခံဖို့ ခက်ခဲလှတယ်။

( ဒီစာရေးသူမှာ ပြောစရာရှိနေပြီ : သူမ အသားပေါက်စီကို မေ့သွားပြီလား)

ကျောက်ဟန်က သူ့မျက်နှာပေါ်က ချွေးတွေကို အင်္ကျီနဲ့ သုတ်ပစ်လိုက်တယ် ။

ကျောက်ဟန်က ရှောင်ချောင်းနဲ့ သူ့မောင်လေးရဲ့ စားချင်စိတ်ပြင်းပျနေတဲ့ အမူအရာကိုတွေ့တော့ မအောင့်ထားနိုင်ပဲ ရယ်မောလိုက်ကာ

" စိတ်ရှည်ကြပါဦး မကြာခင် စားရတော့မှာပါ ဒီနေ့ ငါဖမ်းမိတဲ့ တောယုန်က ဆူဖြိုးနေတာမလို့ အရသာရှိမှာတော့ သေချာပေါက်ပဲ"

ယုန်ကင်က ထွက်တဲ့ဆီတွေဟာ ယိုစီးကျလျက် မီးထဲသို့ကျကာ တဖျစ်ဖျစ် မြည်နေသည်။ တဟုန်းဟုန်း တောက်လောက်နေတဲ့မီးတောက်က သရေယိုချင်စရာ အသားကင်နံ့ကို လေထဲသို့ သယ်ဆောင်နေလေတယ်။ အသားကင်နံ့ဟာ ချိုင့်ဝှမ်းတစ်ခွင်ပျံ့နှံ့လျက် မောင်နှမနှစ်ယောက်ရဲ့ ဆာလောင်စိတ်ကို ထိုးဆွနေတော့တယ်။

ကြွပ်ရွပြီး ရွှေညိုရောင်သန်းနေတဲ့ ယုန်ကင်က နောက်ဆုံး စားဖို့အဆင်သင့်ဖြစ်တဲ့အချိန်မှာတော့ ယွီရှောင်ချောင်းက သရေတွေယိုစီးကျမတတ်ပင်။ မောင်နှမနှစ်ယောက်က အငွေ့တထောင်းထောင်းထနေတဲ့ ယုန်ကင်ကိုကြည့်ပြီး ဘယ်ကနေဘယ်လိုစစားရမလဲမသိ ဖြစ်နေကြတယ်။

ကျောက်ဟန်ရဲ့ချောမောတဲ့မျက်နှာမှာ အပြုံးလေးတစ်ခု ထင်ဟပ်လာသည်။ ကျောက်ဟန်က သူ့ခေါင်းကို အသာရမ်းလျက် စောနက တောယုန်ကို အရေစုတ်ရာမှာ သုံးခဲ့တဲ့ ဓားမြှောင်ချွန်မြမြလေးကို ထုတ်ယူလိုက်တယ်။

ဓားမြှောင်ကို စမ်းချောင်းထဲမှာ သေသေချာချာ ရေဆေးပြီးတဲ့နောက် သူက အသားကင်ကို ဖြတ်တောက်ကာ နောက်ခြေထောက်ပေါင်သားတွေကို မောင်နှမနှစ်ယောက်အားပေးလိုက်တယ်။ နောက်ခြေထောက်က ယုန်ရဲ့ အနူးညံ့ဆုံးအပိုင်းတွေဖြစ်တယ်။

ကလေးငယ်နှစ်ယောက်ရော စားမှာဖြစ်တဲ့အတွက် ကျောက်ဟန်က အသားကင်ပေါ် အစပ်မှုန့်တွေအများကြီးမထည့်ခဲ့ပေ။ သူက ကျင်းတစ်ဝက်လောက်အလေးချိန်ရှိတဲ့ ယုန်ရဲ့နောက်ခြေထောက် တစ်ဖက်စီကို မောင်နှမနှစ်ယောက်အား ပေးလိုက်တယ်။ အဲ့ဒီနောက် သူက ကျန်နေတဲ့အသားပေါ်မှာ အစပ်မှုန့်နဲ့ ဇီရာစေ့တွေ ထပ်ဖြူးလိုက်တယ်။

ယွီရှောင်ချောင်းက အဲ့တာကိုမြင်တော့ အားကျမခံချင်စိတ်နဲ့ အစ်ကိုဟန်ကို သူ့အတွက်လည်း ပိုထည့်ပေးဖို့ ပူဆာတယ်။ အရသာမှုန့် နည်းနည်းပဲဖြူးထားရင်တောင် ယုန်ကင်ရဲ့အရသာဟာ စွဲမက်ဖို့ ကောင်းလေတယ်။ နီမြန်းနေတဲ့နှုတ်ခမ်းတွေနဲ့ ရှောင်ချောင်းဟာ စားပြီးတဲ့နောက် ချွေးတွေလည်း တစ်ကိုယ်လုံး စိုရွှဲနေတော့တယ်။ သူမက စပ်တဲ့အစားအစာတွေ စားနိုင်ဖို့ အလေ့အကျင့်လိုသေးတယ်နဲ့တူတယ်။

ရှီထုန်လေးက သူ့ရဲ့မစပ်တဲ့ယုန်ကင်ကိုစားရင်း သူရဲ့ဒုတိယအစ်မက အစပ်ကြောင့် လေအေးကို တစိုက်မတ်မတ်ရှူသွင်းပြီး မျက်ရည်တွေ ဝဲနေတာကိုကြည့်နေတယ်။

ငရုတ်သီးအစပ်တွေစားတာက အဲ့ဒီလောက် ခံရခက်တာကို အစ်ကိုဟန်နဲ့ ဒုတိယအစ်မက ဘာလို့စားနေသေးတာလဲ ရှီထုန်လေးက သူတို့ကိုလုံးဝနားမလည်နိုင်ပဲ သူတို့က သူတို့ကိုယ်သူတို့ တကယ်နှိပ်စက်နေတာပဲလို့ ဆင်ခြင်တွေးတောမိတယ်။

ရှီထုန်လေးက အနံ့အရသာကောင်းတဲ့ ယုန်ကင်ကို တစ်ကိုက်ကြီးကြီး ကိုက်ဖဲ့စားရင်း ဒီနေ့က နှစ်သစ်ပွဲတော်ထက်တောင် ကောင်းသေးတယ်လို့ တွေးတော ဝမ်းနည်းမိတယ်။ နေ့လယ်တုန်းက အသားပေါက်စီစားပြီးတာတောင်မှ နေမွန်းလွဲကျတော့ အသားကင်ကို အဝစားရတယ်။ ဒါတကယ် အိပ်မက်မဟုတ်ပါဘူးနော်။

သူတို့ ယုန်ကင်ရဲ့ပေါင်သား စားပြီးတဲ့အချိန်မှာ ချိုးငှက်ကလည်း အဆင်သင့်ဖြစ်နေလေပြီ။ ရွှံ့အုပ်ကို ခွာလိုက်တဲ့အခါ ငှက်မွေးတွေ အကုန်လုံးကလည်း ရွှံ့အုံနဲ့အတူ ကပ်ပါပြီး ကျွတ်ကုန်တော့တယ်။

ဗိုက်ထဲက နီရဲနေတဲ့စွန်ပလွံသီးနဲ့ ဟင်းခတ်အမွှေးအကြိုင်တွေကလည်း တောချိုးငှက်ရဲ့ အသားထဲကို စိမ့်ဝင်နေတယ်။ မွှေးကြိုင်နေတဲ့ အနံ့နဲ့အတူ အသားကလတ်ဆတ်ပြီး ပါးစပ်ထဲမှာ အလွယ်တကူ ပျော်ဝင်သွားနိုင်လောက်မယ့် နူးအိနေတဲ့အသားလွှာလေးတွေပင်။

ရှောင်ချောင်းနဲ့ သူမရဲ့မောင်လေးက ယုန်ကင်ရဲ့ပေါင်သားကို စားပြီးခါစဆိုပေမယ့် စားချင့်စဖွယ် အကင်နဲ့တွေ့တဲ့အခါ ထပ်မစားပဲ မနေနိုင်တော့ပေ။ ဒီလိုနဲ့ သူတို့ဟာ အများကြီးစားမိပြီး သူတို့ဗိုက်ကလေးတွေကိုပွတ်လျက် ညည်းတွားနေကြတော့တယ်။

ကျောက်ဟန်က သူတို့ကို မြူးထူးစွာကြည့်လိုက်သည်။ အရွက်ကြီးကြီးတစ်ချို့ကို ခူးပြီးတဲ့နောက် အရွက်တွေကို ရေဆေးကာ ကျန်နေတဲ့ အသားတွေကို အရွက်ထဲထုပ်လိုက်တယ်။

"ဒါတွေကို ရှောင်ရှုနဲ့ ရှောင်လျှန်အတွက် အိမ်ယူသွား ဒါပေမဲ့ ဟိန်ဇီမမြင်အောင်လည်းဂရုစိုက်ဦး နို့မို့ဆို သူက မင်းတို့ဆီကနေ အကုန်လုယူသွားလိမ့်မယ်"

ယွီရှောင်ချောင်းက ကျောက်ဟန် အသားကင်အများကြီး မစားတာကို သတိထားမိပြီး ရုက်ရွံ့စွာနဲ့

"အစ်ကိုဟန် အစ်ကိုက တစ်နေ့လယ်ခင်းလုံး အလုပ်တွေရှုပ်နေတာ ထပ်စားပါဦးလား"

"ငါက အမဲလိုက်လို့ ရလာတဲ့အသားတွေစားရတာငြီးငွေ့နေပြီ၊ ငါ့အထင်တော့ အသီးအရွက်တွေနဲ့

တိုဟူးက ပိုအရသာရှိတယ်" လို့ ကျောက်ဟန်က တစ်ဝက်ပဲမှန်တဲ့စကားကို ပြန်ဖြေလိုက်တယ်။ တကယ်တော့ သာမာန်မိသားစုအနေနဲ့ တစ်နှစ်မှာ အသားနှစ်ကြိမ်စားရရင်ကို အတော်ကံကောင်းတယ်လို့ ယူဆရတယ်။ မုဆိုးရဲ့ မိသားစုအတွက်တောင်မှ နေ့တိုင်း အသားစားရဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အဲ့ဒီတော့ သူက ဘယ်လိုလုပ်ပြီး အသားစားရတာကို ငြီးငွေ့မှာလဲ။

ကျောက်ဟန်က ယွီမောင်နှမတွေအတွက် အသားကင်ချန်ထားပေးချင်တာ ရှောင်ချောင်းသိလိုက်ရတော့ သူမရင်ထဲ ထိသွားသည်။ သူမရဲ့ မျက်လုံးထောင့်ကနေ မြေအိုးရဲ့ နှုတ်ခမ်းပဲ့ကြားက ငါးလေးတစ်ကောင် ခုန်ထွက်လာတာကို မြင်လိုက်ရတယ်။ သူမရဲ့ မျက်နှာမှာရွှင်လန်းတက်ကြွတဲ့ အပြုံးလေးနဲ့ " အစ်ကိုဟန် ညီမရဲ့ ဟင်းချက်လက်ရာကို မြည်းကြည့်မလား အထူးငါးကင်လေ"

ထူးခြားတယ် ဘာလို့လဲဆိုတော့ ရှောင်ချောင်းကျွမ်းကျင်တဲ့ထဲမှာ ငါးကင်တာမပါမလို့ပင်။ ဟင်းခတ်ပစ္စည်း အစုံမရနိုင်တဲ့ပတ်ဝန်းကျင်မှာ သူမက လက်ဖဝါးလောက်ရှိတဲ့ငါးကလေးကို အပြင်ပိုင်းကြွပ်ပြီး အတွင်းပိုင်းနူညံ့အောင် အတော်ကြိုးစားကင်လိုက်ရသည်။ ဇီရာစေ့နဲ့ငရုတ်သီးမှုန့်ကို အပေါ်မှာ တစ်လွှာဖြူးပြီးတဲ့နောက်မှာ အနံ့က တော်တော်မွှေးလာသည်။

"အစ်ကိုဟန် မြည်းကြည့်မလား" ယွီရှောင်ချောင်းက ကိုယ့်ရဲ့ ဟင်းချက်လက်ရာကို ယုံကြည်မှုရှိသည်။ သို့ပေမယ့် မီးမွှေးပြီး ငါးကို တိုက်ရိုက်ကင်ရတာက သူမရဲ့ပထမဆုံး အတွေ့အကြုံဖြစ်သည်။ ဒါကြောင့် သူမက စိတ်ထဲ နည်းနည်းတော့ စိုးရိမ်မိတယ်။

အဖြူရောင်ငါးသေးသေးလေး နှစ်ကောင်ဟာ သစ်သားချောင်းပေါ်ဦတွဲလဲခိုလျှက်ရှိသည်။ ကျောက်ဟန်က အနားကိုတိုးကြည့်ကာ နမ်းကြည့်၏။ ထူးဆန်းတဲ့အနံ့မရတာမို့ သူက ရဲဝင့်စွာ သေးသေးလေး ကိုက်ကြည့်လိုက်တယ်။

အိုး! ဒါကတော်တော်အရသာရှိတာပဲ! သူ အစက ရှောင်ချောင်းရဲ့ ဟင်းချက်လက်ရာကို သံသယဝင်ခဲ့မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမကတောက်လျှောက် အိပ်ရာထဲမှာ လဲနေခဲ့ရပြီး အိမ်မှုကိစ္စတွေ မလုပ်ဖူးတာတာကြောင့်ဖြစ်သည်။ သူမချက်တာက စားလို့ရောရပါ့မလားလို့ပေါ့

ဒါပေမယ့် မထင်ထားပဲ အရမ်းကြွပ်ရွပြီး အရသာနေရှိလေတယ်။ ငါးကင်က
အနံ့အရသာကောင်းမွန်ပြီး နည်းနည်းလေးစပ်တယ် အတော်လုပ်ရခက်မယ့်ပုံပင်။

"ဘယ်လိုနေလဲ ဘယ်လိုနေလဲဟင်" ရှောင်ချောင်းက နောက်ထပ်ငါးတွေကို တံစို့ထိုးရင်း
သူမရဲ့မျက်လုံးထဲမှာ မျှော်လင့်စောင့်စားစွာနဲ့ မေးလိုက်တယ်။

"အရသာရှိတယ် မင်းရဲ့ ချက်ပြုတ်စွမ်းရည်က အံ့မခန်းပဲ" သက်သေပြတဲ့အနေနဲ့ ကျောက်ဟန်က
တံစို့ထိုးထားတဲ့ ငါးကင်ကို အကြီးကြီးကိုက်စားလိုက်တယ်။

ဒီ တောငါးဖြူသေးသေးလေးတွေက နူးညံ့တဲ့အသားရှိပြီး အရသာရှိတယ်။

ဒါ့အပြင် ငါးက အရိုးသေးသေးလေးတွေလည်းမရှိဘူး။ ငါးကို ဒီတိုင်းရေလုံပြုတ်ရင်တောင် အရသာ
အရမ်းရှိမှာ။

ရှီထုန်လေးရဲ့ဗိုက်ဟာ ဘောလုံးလေးလို ပူနေပြီ ဖြစ်ပေမယ့် ကျောက်ဟန်ရဲ့လက်ထဲက ငါးကို
စိုက်ကြည့်ကာ သရေယိုနေလေသည်။
ယွီရှောင်ချောင်းက သူ့မောင်လေးကြောင့် ပျော်မြူးနေတော့၏။ သူမက ကင်ပြီးစငါးကင်ကနေ
အသားသေးသေးလေးဖဲ့ကာ
"မင်းနောက်ထပ်မစားရတော့ဘူးနော် ဗိုက်လည်းပေါက်ထွက်နေဦးမယ် မြည်းကြည့်လို့ပဲရမယ်"ဆိုပြီး
နှစ်သိမ့်သည်။

ကျောက်ဟန်က ရှီထုန်လေးဟာ ငါးကင်ကို ပါးစပ်ထဲအရသာခံနေတာကို မြင်တော့
ရယ်မောလိုက်တယ်။ရှီထုန်က ဗိုက်ဆာနေတဲ့ကြောင်ပေါက်လေးလို
တစ်ကိုက်စာငါးသေးသေးလေးကို မျိုချဖို့ ခေါင်းမာနေတယ်။ "အခုချိန်မှာ ဒီချိုင့်ဝှမ်းလေး
အကြောင်းကို သိတဲ့သူက ငါတို့သုံးယောက်ပဲရှိတယ်။ မင်းတို့ငါးကင်ထပ်စားချင်တယ်ဆို
အစ်ကိုဟန်က ဒီကို ထပ်ခေါ်လာပေးမယ်"

ကျောက်ဟန်က ငါးကင်အချို့စားပြီးတဲ့နောက် မှောင်လာတာကို သတိထားမိတယ်။သူက
ရှောင်ချောင်းလက်ထဲက ကြွေအိုးကို ယူလိုက်ပြီး ခေါင်းမာတဲ့မောင်နှမကို တုန်ရှုန်းရွာဆီ
ပြန်ခေါ်လာခဲ့တယ်။

သူတို့က အပြန်လမ်းမှာ ထောင်ချောက်တွေကို ကြည့်ကြပ်ပြီး ကွေ့ပတ်မသွားရတော့တာကြောင့်
အပြန်ခရီးက နှစ်ဆမြန်လေသည်။ သို့သော်လည်း သူတို့က ညစာစားချိန်ကိုတော့မမှီပေ။

ယွီမိသားစုရဲ့ထုံးစံက ဘယ်သူပဲဖြစ်ဖြစ် နောက်ကျမှပြန်လာပြီး အစားစားချိန်လွတ်သွားလျှင်
သပ်သပ်မကျွေးပဲ အငတ်ထားလေ့ရှိသည်။ နောက်ထပ် စားစရာသပ်သပ်ပြင်ပေးမယ်တော့
မထင်လိုက်လေနဲ့!

သို့သော် ယွီရှောင်ချောင်းကလည်း ဘယ်လိုပဲဖြစ်ဖြစ် ခြောက်နေတဲ့ပန်ကိတ်နဲ့ ရွံ့စရာဆန်ပြုတ်ကို မစားချင်ပါ။ သူမက သူမလက်ထဲမှာ အခုပိုက်ဆံရှိပြီမို့ စိတ်ထဲပေါ့ပါးနေသည်။ ဒီကိုးလျန်က အနာဂတ်မှာ သူမ ငွေရပေါက်ရဲ့အဓိက မဏ္ဍိုင်ဖြစ်လာမှာပဲ။ ဒါကြောင့် သူမ ဒီငွေတွေကို လုံလုံခြုံခြုံ သိမ်းထားရမယ်။

ကျောက်ဟန်က မောင်နှမနှစ်ယောက်ကို အိမ်ပြန်ပို့ဖို့စီစဉ်ထားပေမယ့် သူတို့ရွာရောက်ရောက်ချင်းမှာပဲ ယွီဟန်နဲ့ ရှောင်လျန်က သူတို့ကို အဝင်ပေါက်က စောင့်နေတယ်။

"အကြီးဆုံးအစ်ကို အကြီးဆုံးအစ်မ ! အစ်ကိုဟန်က တောယုန်နဲ့ ချိုးငှက်ဖမ်းမိခဲ့တယ်။ အဲ့ဒါတွေကို ကင်စားတာ သိပ်အရသာရှိတာပဲ အသားကင်ကို အစ်ကိုတို့အစ်မတို့အတွက် အများကြီး ချန်ထားတယ်"

ရှီထုန်က ရိုးကျိုးစွာနဲ့ အပြေးလေးသွားပြီး အရွက်ထဲမှာထုပ်ထားတဲ့ ယုန်သားကင်ကို သူ့အကြီးတွေနဲ့ ဝေမျှလိုက်တယ်။

ယွီဟန်က ရှီထုန်လေးရဲ့မျက်နှာက ဖုန်တွေကို သုတ်ပေးပြီး ခေါင်းခေါက်ကာ " ဘယ်လိုမျက်နှာလုပ်ရမလဲ တော်တော်သိ! အဲ့တာအစ်ကိုဟန် အမဲလိုက်ထားတာတွေလေ သူ့ခွင့်ပြုချက်တောင်းခဲ့ရဲ့လား"

ရှီထုန်လေးက သူ့ခေါင်းကို ပွတ်သပ်ကာ တစ်ခစ်ခစ်ရယ်လျက် "အစ်ကိုဟန်ကပဲ အစ်ကိုနဲ့အစ်မအတွက် အသားကင်ချန်ထားဖို့ပြောခဲ့တာ၊ အစ်ကိုဟန်က သူ့ဘာသူတောင် သိပ်မစားဘူး"

ယွီဟန်က သူ့ညီလက်ထဲက အသားကင်ကို ပိုပြီး မလိုချင်ဖြစ်သွားတယ်။

"အစ်ကိုဟန် ဦးလေးကျောက်နဲ့ အရီးတို့စားဖို့အတွက် ပြန်ယူသင့်တယ်"

ကျောက်ဟန်က သူ့ကိုစိုက်ကြည့်ပြီး တည်ငြိမ်စွာနဲ့ "ဘာလဲ မင်းတို့က ငါ့ကို အစ်ကိုဟန်လို့ကျခေါ်ပြီး ငါက မင်းတို့ကို အသားကင်ကျွေးတာ ဘာပြဿနာရှိလို့လဲ မင်းတို့ရဲ့ အစ်ကိုဟန်ကို လေးစားတယ်ဆို အသားကင်ကို စားရမယ်"

အပိုင်း ၂၂ (လမ်းမှာတွေ့ရတဲ့အတားအဆီး)

ရွာထဲက ကလေးတွေထဲကမှ ပညာသင်တော်သင်သွားတဲ့ ချန်းဝိန်ကလွဲရင် ယွီဟန်က ကျောက်ဟန်ကို အလေးစားဆုံးဖြစ်သည်။ ကျောက်ဟန်က တိုက်ရည်ခိုက်ရည်တင် တော်တာမဟုတ် အမဲလိုက်တဲ့ နေရာမှာလည်း ဆရာကြီးပင်။ ဒါကြောင့် သူ သူ့ကိုတော့ မလွန်ဆန်နိုင်ပေ။ ယွီဟန်တစ်ယောက် ကင်ထားတဲ့ အသားအများစုကို သူ့ညီမငယ်အား စားစေလိုက်တယ်။

"အသားတွေ ထပ်စားဦးမလား?"
ရှောင်ချောင်းနဲ့ ရှီထုန်ကို သူမေးလိုက်တယ်။

ရှောင်ချောင်း လက်ခါပြကာ
" ညီမလေးဗိုက်ကတော့ ဘာမှထည့်လို့မရတော့အောင်ကို တင်းနေပြီ... ရှီထုန်ရဲ့ ဗိုက်ကိုလည်း တစ်ချက်ရှိုးလိုက်ဦး... သူ့ဗိုက်ကြီးက ဖားပြုပ်ဗိုက်လောက်တောင် ရှိတော့မယ်..."

ရှီထုန်လည်း သူရဲ့ဖောင်းကားနေတဲ့ ဗိုက်ပူလေးကို ပွတ်သပ်ပြီး ရယ်မောနေတယ်။

" ဩော်... တော်တော်ကောင်းတယ်... မင်းတို့ကဒီမှာလာပြီး အသားတွေခိုးစားနေတယ်ပေါ့ ..ငါ အဘွားနဲ့ကို သွားတိုင်ပြောပစ်မယ် ... မင်းတို့အဲ့ကျ သေအောင်ကိုရိုက်ခံရမှာ"
ဟိန်ဇီတစ်ယောက် ရှောင်လျန်လက်ထဲက အသားကင်ကိုဖျက်ခနဲတွေ့လိုက်တော့ လမ်းဘေးက ရေခမ်းနေတဲ့မြောင်းကနေ ခုန်ကျော်လာပြီး ခြိမ်းခြောက်လိုက်တယ်။

ကျောက်ဟန်က ယွီဟန်နဲ့ သူ့မောင်နှမတွေကလွဲပြီး ရွာထဲက ကလေးတွေနဲ့ အပေါင်းအသင်းလုပ်တာ တော်တော်ရှားတယ်။ ဒါပေမယ့် ဟိန်ဇီဟာ နာမည်ဆိုးနဲ့ ကျော်ကြားတာကိုတော့ သူအထိုက်အလျောက် သိထားပြီးသားပင်။ မတတ်နိုင်တဲ့အဆုံး သူတစ်ချက် မျက်မှောင်ကြုတ်လိုက်ပြီး ရှေ့သို့ ခြေလှမ်းအနည်းငယ်လှမ်းလိုက်ကာ
"သူတို့စားနေတဲ့ အသားကင်ကို ငါပေးထားတာ... ပြဿနာရှိလား "

ဖက်တီးလေး ဟိန်ဇီလည်း သန်မာတောင့်တင်းပြီး သူ့ထက်ခေါင်းတစ်လုံးစာလောက်ရှည်တဲ့ ကျောက်ဟန်ကို အနည်းငယ်ရှိန်သဖြင့် နောက်သို့မဝံ့မရဲဆုတ်လိုက်တယ်။ ဒါမယ့်လို့ သူ့ပုံမှာ အသားစားရဖို့ လက်လျှော့သေးပုံမပေါ်။ စူးရှတဲ့မျက်လုံးတွေနဲ့ လှစ်ခနဲကြည့်လိုက်ပြီး သူ့ရဲ့အမြင်ကတ်စရာအကျင့်အတိုင်း အာတကျယ်ကျယ်နဲ့
" မသိဘူးကွာ.. မင်းတို့အားလုံးက ငါတို့တစ်အိမ်သားလုံးကို လျစ်လျူရှုပြီး ဒီမှာအသားတွေလာစားနေကြတာ... ဒါအကြီးတွေကို မရိုသေတာနဲ့တူတူပဲ.. ငါသာသွားညှော်င့်လိုက်ရင်တော့ မင်းတို့အားလုံးနာပြီသာမှတ်.. ဒါမယ့် အကယ်လို့သာ...."

"အကယ်လို့ ဘာလဲ?"
ကျောက်ဟန် သူ့ရည်ရွယ်ချက်ကိုသိပေမယ့် မသိသလိုနဲ့ဆက်မေးလိုက်တယ်။

ဟိန်ဇီဟာ ပေကျံနေတဲ့အင်္ကျီလက်နဲ့ သူ့ပါးစပ်ပေါ်က သားရည်တွေကိုသုတ်လိုက်ပြီး
မြောက်ကြွမြောက်ကြွနဲ့
“ တကယ်တော့ လွယ်လွယ်လေးပါ… မင်းတို့ငါ့ကို မတိုင်စေချင်ရင် ငါ့ကိုအသားတစ်ဝက်ကျွေး “

ဒါကိုသဘောမတွေ့တော့ ကျောက်ဟန်ရဲ့ နူးညံ့သေသပ်တဲ့နှုတ်ခမ်းလေး ဆူလာပြီး ပေကပ်စွာဖြင့်

“ငါတို့အနေနဲ့ မင်းအတွက်ဝေစုတော့ခွဲပေးလို့ရတယ်… ဒါမယ့်တစ်ဝက်ဆိုတာကတော့
မဖြစ်နိုင်ဘူး… ဒီကင်ထားတဲ့အသားတွေကို အားလုံးအညီအမျှရကြရအောင် သုံးပုံခွဲမယ်…
မင်းသဘောမတူရင်တော့ ဒီအသားကို ဘယ်သူမှမစားခိုင်းဘဲ ငါ့ဟာငါပြန်သယ်သွားလိုက်တော့မယ်”

ကျောက်ဟန်စကားကို ကြားတော့ ယွီဟိန်ဇီလည်း လောဘစိတ်လျော့လိုက်ကာ အလျင်အမြန်ပဲ
သဘောတူလိုက်တယ်။ တကယ်လို့သူသာ ဖက်ပြီးပြိုင်ငြင်းနေရင် အရိုးတောင်လျှက်ရလိမ့်မှာ
မဟုတ်ဘူးကိုး။

ကျောက်ဟန်လည်း နောက်ခြေနှစ်ချောင်းမရှိတော့တဲ့ တောယုန်ကင်က ရှေ့ခြေနှစ်ချောင်းကို
ဖြုလိုက်တယ်။ ရလာတဲ့ခြေနှစ်ချောင်းနဲ့ သူ့ဘေးနံရံက အသားတွေကို ယွီဟန်နဲ့ ရှောင်လျန်ကို
မျှပေးလိုက်တယ်။ ဟိန်ဇီကိုတော့ အသားနည်းနည်းသာရှိတဲ့ နံရိုးနဲ့ ကျောကုန်းပိုင်းသားကိုသာ
ပေးလိုက်တယ်။

ဟိန်ဇီတစ်ယောက် ဒါကိုအတွန့်တက်ချင်သော်လည်း ကျောက်ဟန်က ဘေးမှာကြည့်နေတာမို့
နှုတ်ဆိတ်စွာပဲ နေလိုက်ရတော့တယ်။ သူ့ရဲ့ဝေစုဟာ အသားနည်းပေမယ့် ကြီးတဲ့အပိုင်းကို
ရလိုက်တယ်လို့ပြောရမယ်။ သူအသားမစားရတာ အတော်လေးကြာနေတော့ ဒီအရိုးကိုက်နေရတဲ့
အရသာကိုပဲ သူ့ခမျာကျေနပ်နေတော့တယ်။

လက်မှာကိုင်ထားတဲ့ အသားကင်တွေ အကုန်စားပြီး ဟိန်ဇီတစ်ယောက် ပြန်သွားတော့ ရှောင်ချောင်း
သူမနောက်မှာဝှက်ထားတဲ့ ချိုးငှက်သားကင်ကို ယွီဟန်နဲ့ရှောင်လျန်တို့အား ပေးလိုက်တယ်။
သူတို့မောင်နှမတွေဟာ အိမ်မှာတော့မဝတဝသာ စားရသည်။ သို့သော် ဒီမှာရှိတဲ့ ယုန်သားကင်နဲ့
ချိုးငှက်ကင်တွေကြောင့် သူတို့လေချဉ်တက်တဲ့ထိတောင် ဝလင်စွာစားကြရတယ်။

သားကြီးဖြစ်သူ ယွီဟန်ကတော့ စိတ်မကောင်းခြင်းများနဲ့
“ငါတို့အဖေနဲ့ အမေကို ဒါတွေကျွေးလို့မရတော့ စိတ်ထဲ မကောင်းလိုက်တာ ”

ရှီထုန်လေးကတော့ သူ့အိတ်ကပ်ထဲက ဆေးဘဲဥတွေကိုထုတ်လိုက်ပြီး ပြုံးပြုံးရွှင်ရွှင်နဲ့
“ရပါတယ်.. သားတို့မှာ ဒီရစ်ငှက်ဥမီးဖုတ်ထားတာတွေရှိနေတာပဲ.. ညကျမှ အမေနဲ့အဖေကို
တိတ်တိတ်လေး ကျွေးကြတာပေါ့”

သူတို့လေးတွေဟာ ဒီဘာမှမဟုတ်တဲ့ဥလေးတွေကိုတောင် ခိုးကြောင်ခိုးဝှက်စားနေရတယ်။ ကျောက်ဟန် လေကို အသာအယာရှုသွင်းလိုက်ပြီး ရှီထုန်လေးရဲ့ ခေါင်းကိုတယုတယ ပွတ်သပ်လိုက်မိတယ်။

ယွီရှောင်ချောင်းတစ်ယောက် တစ်နေကုန်အိမ်မှာမရှိတာမို့ အိမ်ရောက်ရင်တော့ အဘွားကြီးကျန်းရဲ့ ညည်းတွားသံတွေကို သူမ,လွန်ဆန်နိုင်မှာမဟုတ်ပေ။ သို့သော်လည်း ရှောင်ချောင်းတစ်ယောက် အိမ်မှာနေလည်း ဘာမှခိုင်းစားလို့မရတာမို့ အဘွားကြီးကျန်းမှာ သူမအပေါ်သိပ်အာရုံမရှိ။ သူမ မဖျားမနာဘဲ ကုန်စရာဆေးဖိုးမရှိဘူးဆိုရင်ကို အဘွားကြီးကျန်းက ကျေးဇူးတင်နေလေတယ်။

“ ရှောင်ချောင်း .. သမီးဘာမှမစားရသေးဘူးမလား”
အငယ်ဆုံးအရီးမှ သူမကိုမေးလိုက်ပြီး ကြက်ဥအနည်းငယ်နဲ့ ပေါက်စီတစ်ခြမ်းကို ပေးလိုက်သည်။
“ ဒီဟာလေးကို ယူသွားပြီး မောင်လေးရှီထုန်နဲ့ တူတူစားနော်.. ဘွားဘွားကိုလည်းမမြင်စေနဲ့ဦး”
အမျိုးသမီးကျန်း မမြင်ခင် အငယ်ဆုံးအရီးမှ တိတ်တိတ်လေး ရှောင်ချောင်းလက်ကလေးထဲ စားစရာတွေကို ထည့်ပေးလိုက်တယ်။

ရှောင်ချောင်းက ဗိုက်တင်းနေပေမယ့်လို့ ဘာစားခဲ့တာလဲဆိုတာကိုတော့ ပြောခွင့်မရှိခဲ့။ ဒါနဲ့ သူမလည်း အသံသေးသေးလေးနဲ့
“နေပါစေအရီးလေး .. တော်ကြာ ဘွားဘွားမြင်သွားမှဖြင့်…..”

“တို့အမေ မမြင်ခင် မြန်မြန်ယူလိုက်… အမေက အပေါက်ဆိုးပေမယ့် မကောင်းတဲ့လူရယ်တော့ မဟုတ်ပါဘူး”
ယွီချိုင်သျဲ့က အေးအေးဆေးဆေးနေတတ်ပြီး အသံလေးကလည်း တကယ့်ကိုသာယာတော့ သူမရဲ့စကားသံလေးတွေက ရှောင်ချောင်းရဲ့ရင်ထဲကို အတော်လေးအေးချမ်းစေတယ်။

ဒါနဲ့ ရှောင်ချောင်းလည်း ဆက်ပြီးမငြင်းတော့ဘဲ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲကို ကျေးဇူးတင်မိသွားတယ်။
‘ အချိန်တွေအများကြီးရှိသေးတာပဲ… နောက်မှ သူမကျေးဇူးကိုဆပ်ဖြစ်အောင် ပြန်ဆပ်တာပေါ့’

“ ရှောင်ချောင်း! နင့်လက်ထဲက ဘာလဲ? အရသာရှိတဲ့စားစရာတွေကို ဝှက်ထားတာလား”
ဝဖိုင့်နေတဲ့ အမျိုးသမီးလီတစ်ယောက် အဆီတစ်လှုပ်လှုပ်နဲ့ အခန်းထဲမှ အပြေးအလွှားထွက်လာပြီး မေးလိုက်တယ်။ ဟိုပွဲ့ဒီပွဲ့ဖြစ်နေတဲ့ မြေအိုးကို သူမ အသေအချာစိုက်ကြည့်နေတယ်။

အကြီးဆုံးအရီးဟာ ယွီရှောင်ချောင်း ဘယ်လိုနေနေ ဘယ်တော့မှ အကောင်းမမြင်တတ်။
“ အကြီးဆုံးအရီး ဒါဘာလဲဆိုတာသိချင်ရင် ကိုယ်တိုင်လာကြည့်လို့ရပါတယ်.. ဒါပေမယ့်လို့ နောက်နောင် ဒီလိုရမ်းတမ်းပြီး ခိုးတယ်လို့တော့ ထပ်မစွပ်စွဲပါနဲ့”

“ ဒုတိယအစ်မက ကိုကြီးဟိန်ဇီလိုမျိုး သူများအခန်းတွေထဲ လျှောက်ဝင်တတ်တဲ့သူမျိုးမဟုတ်ဘူး.. မြေအိုးထဲမှာ ဦးလေးကျောက်ရဲ့သား, အကိုဟန်ကကူဖမ်းပေးလို့ ဖမ်းမိခဲ့တဲ့ငါးတွေထည့်ထားတာ… ဒုတိယအစ်မက အားလုံးကို ငါးနှပ်ချက်ကျွေးချင်လို့တဲ့”

အိမ်သားတွေအာရုံများအောင် မောင်နှမနှစ်ယောက်သားဖန်တီးနေစဉ် ရှီထုန်လေးတစ်ယောက် ဆေးဘဲဥတွေကို သူတို့အခန်းထဲသေသေချာချာ ဝှက်ခဲ့ပြီးပြီဖြစ်သည် ။ အကြီးဆုံးအရီးတစ်ယောက် သူ့ရဲ့ဒုတိယအစ်မလက်ထဲက မြေအိုးကို ဆက်ခနဲယူပြီး သူခိုးလို့ သွားပုတ်လေလွင့် စွပ်စွဲလိုက်တာကိုမြင်တော့ ရှီထုန်လေး ခံပြင်းသွားပြီး ဆက်ခနဲပြန်၍ချေပလိုက်တယ်။

အမျိုးသမီးကြီးလီလည်း ရှီထုန်လေးကို သူမရဲ့မျက်နှာဖောင်းကားကားကြီးထက်က မျက်လုံးသေးသေးလေးနှင့် ဒေါသတကြီးမျက်စောင်းထိုးလိုက်တယ်။ ထို့နောက်သူမရဲ့ အသားတွဲကျနေတဲ့ လက်ကိုဆန့်ပြီး ရှီထုန်လေးရဲ့နားကို ဆွဲဖို့လုပ်တယ်။

“သောက်ရူးလေး… အဓိပ္ပာယ်မရှိတာတွေ လျှောက်မပြောစမ်းနဲ့… ဘယ်တုန်းက နင့်အကိုဟိန်ဇီက သူများအခန်းထဲ မဆီမဆိုင်ဝင်ဖူးလို့လဲ… ဒီလို သရမ်းတတ်တဲ့နင့်ပါးစပ်ကိုဆွဲဖြဲ မပစ်ခင် ကျပ်ကျပ်သတိထားနေ”

ရှီထုန်လေးလည်း အမျိုးသမီးကြီးလီရဲ့ ရန်ပြုမယ့်လက်ကို ပါးနပ်စွာရှောင်လိုက်တယ်။
“သားက ပေါက်ကရပြောနေတာမဟုတ်ဘူး… ဟိုတစ်ခါ ဦးငယ်တို့မိသားစု အိမ်လာလည်တုန်းက ယူလာတဲ့ မုန့်ကြွပ်တွေကို ခိုးစားတာဘယ်သူလဲ အဲ့ချိန် ဖမ်းမိတုန်းကတောင် အကိုကြီးဟိန်ဇီရဲ့ ပါးစပ်မှာ မုန့်စတွေ ပေပွနေသေးတယ်မဟုတ်လား”

အဘွားကြီးကျန်း သူ့အခန်းထဲမှထွက်လာကာ ကျယ်လောင်စွာနဲ့
“ ဆူဆူညံညံနဲ့ ဘာတွေဖြစ်နေကြတာလဲ? ပတ်ဝန်းကျင်က တမျိုးထင်မှာ မစိုးရိမ်ဘူးလား ချိုင်သျဲ့.. အဲ့မြေအိုးကို ငါ့အခန်းထဲယူလာခဲ့ ..
နင်တို့ရဲ့ တတိယမောင်လေး ဒီရက်ပိုင်းအတွင်း ပြန်လာမယ်လို့ ငါ့ဆီစာပြန်လာတယ် ..အိမ်မှာလည်း ချက်စရာဟင်းကောင်းကောင်းမရှိတော့ မနက်ဖြန်ဒီငါးနဲ့ ဟင်းကောင်းတစ်ခွက်ချက်လိုက်ကြ…”

“ အဘွားးး ဒီငါးတွေက ခုထိ အရှင်တွေရှိသေးတာ… သူတို့ကို ရေထည့်ထားတဲ့စည်ပိုင်းထဲထည့်ထားတာ ပိုကောင်းမယ်ထင်တယ်… ရာသီဥတုကလည်း ပူနေတော့ အခန့်မသင့်ရင် ငါးတွေသေသွားလိမ့်မယ်”
ယွီရှောင်ချောင်းလည်း သူမဆီက မြေအိုးကို အငယ်ဆုံးအရီးကို လှမ်းလိုက်ရင်း အကြံပေးလိုက်တယ်။ သူမ မနက်ဖြန် ငါးနှပ်စားတဲ့အခါ ငါးညှီနံ့မရချင်ဘူးလေ။

“ ဟမ့် ! “

အမျိုးသမီးကြီးကျုန်းဟာ ဘဝင်မကျတဲ့မျက်နှာထားနဲ့ ညည်းတွားလိုက်တယ်။
သူမရဲ့အငယ်ဆုံးသမီးတစ်ယောက် ငါးတွေကို ရေစည်ပိုင်းထဲထည့်ပြီး ဘယ်နှကောင်ရှိလဲ
ရေနေတာကို စောင့်ကြည့်ပြီးနောက် အခန်းထဲသို့ထွက်သွားခဲ့တယ်။

‘ ဒီနေ့အဘွားကြီးကျုန်း ရှောင်ချောင်း မြို့ထဲသွားနေပေမယ့် အရင်လိုတစ်နာရီကျော်ကြာအောင်
မဆူဘူးပေါ့...တအားကြင်နာတတ်နေတယ်လို့ တွေးနေတာ..ဖြစ်ချင်တော့ သူ့သားငယ်ရဲ့မိသားစုက
အိမ်ကိုလာလည်လို့ကိုး!’

ဒီနေ့မှာ ရှောင်ချောင်းဟာ ရရှိလာတဲ့ငွေတွေကို အသေအချာဖွက်ထားခဲ့ပြီးတဲ့ အခိုက်မှာတော့
သိပ်ကိုပင်ပန်းပြီး နုံးနေတော့တယ်။ သူမအမေ သူမကိုရေချိုးပေးနေတဲ့အချိန်မှာတောင် သူ့ခမျာ
ငိုက်နေတော့တယ်။ တအားကိုပင်ပန်းလွန်းလို့ ရေတောင်ဘယ်လိုချိုးပြီးသွားမှန်း မသိလိုက်ဘူး။
သူမအမေ သူမကို အိပ်ရာပေါ်သို့သယ်နေခိုက်မှာ သူမဟာမှိန်းနေတဲ့ အနေအထားသို့ရောက်နေပြီး
အိပ်ရာပေါ်လည်း တင်လိုက်ရော တစ်ခါတည်းကိုအိပ်ပျော်သွားတော့တယ်။

နေ့သစ်ရဲ့နံနက်ခင်းနေဟာ အတော်ကိုလင်းထိန်နေပြီး အချိန်မှာလည်း အတော်အတန်ကို
နောက်ကျနေပြီဆိုပေမယ့် ရှောင်ချောင်းဟာ တစ်ကိုယ်လုံး လေးလံနေပြီး ထဖို့ခက်နေတော့
အိပ်ရာမှထဖို့ ငြင်းဆန်နေမိတယ်။ သူ့ခြေထောက်က ယောင်ကိုင်းနေပြီး
ခြေဖျားလေးတွေကလည်းနီရဲလျက် ကိုက်ခဲနေလေတယ်။ သူမခန္ဓာကိုယ်က လုံးဝကိုမခံနိုင်တော့တဲ့
အခြေအနေမျိုးပင်။ အနာဂတ်မှာ သူမအနေနဲ့ ဒီလိုတစ်ချိန်လုံး အခန်းထဲအောင်းနေဖို့မသင့်ပေ။
ဘာလို့လဲဆိုတော့ သူ့ထက် အများကြီးငယ်တဲ့ ရှီထုန်လေးတောင် မနက်စောစောထ
တောင်ပေါ်တက်ပြီး ဝေယျာဝစ္စတွေကို လုပ်နေရပေမယ့် ညအိပ်ပြီး နောက်နေ့မှာတော့
လန်းလန်းဆန်းဆန်း အင်အားအပြည့်နဲ့ အလုပ်တွေကို ဆက်လုပ်နေနိုင်တာကိုး။

ဒါနဲ့ သူမဟာ အဖာတွေနဲ့ပြည့်နေတဲ့ အပေါ်ရုံအဝတ်အစားကိုခြုံလိုက်ပြီး မျက်နှာသစ်ရန်
ခြံဝင်းထဲသို့ ဆင်းလာခဲ့တယ်။ ခြံဝင်းထဲမှာ တံမြက်စည်းမလှည်းဘဲ တံမြက်စည်းကြီး
တကားကားနဲ့ရပ်နေတဲ့ အမျိုးသမီးလီက ရှောင်ချောင်းကိုမြင်တော့ တန်းပြီးပြဿနာရှာတော့သည်။

အပိုင်း ၂၃ (အငယ်ဆုံးဦးလေး အိမ်ပြန်လာပြီ)

“ဒီကလေးမက အစေခံလိုဘ၀သာဖြစ်တာ နေတာကိုက သခင်မလိုပဲ.. ထတဲ့အချိန်လဲ ကြည့်အုံး.. တစ်ရွာလုံးမှာ သူ့ထက်နောက်ကျထတဲ့သူရှိပါဦးမလားပဲ … ကိုယ့်ဟာကို သူဌေးသမီးများမှတ်နေလားမသိ! ”
အမျိုးသမီးလီဟာ သူမရဲ့စူးဝါးတဲ့အသံနဲ့ တမင်ကြားအောင် စောင်းမြောင်းပြောလိုက်တယ်။

ရှောင်ချောင်းမှာ သူမရဲ့ အဆီပိတ်နေတဲ့ အကြီးဆုံးအရီးရဲ့အကြောင်းကို အထိုက်အလျောက် ရင်းနှီးပြီးသားဖြစ်တယ်။ သူ့ကိုအာရုံစိုက်လာကြလေ သူမကတက်ကြွလေပဲ။ တုန်ရှန်းရွာခံက ဘယ်သူမဆို လူကြီးမင်းယွီရဲ့ အကြီးဆုံးချွေးမနဲ့စကားပြောရင် အနည်းဆုံး နေ့တစ်ဝက်လောက်ကိုတော့ သူမကို သည်းခံရမယ်မှန်းသိကြတယ်။ ဘာလို့ဆို သူမက ပွစိပွစိနဲ့ စကားပြောသမျှ လူတွေကို နားပူနားဆာ သိပ်လုပ်တတ်တာကိုး။

“အို.. ငါ့ရဲ့အဖိုးတန်မြေးလေး ! လာလာ.. ဒီအဘွားကို လာဖက်လှည့်ပါဦး.. တံခါးထစ်နားကို သတိထားနော်.. ကြည့်ပါဦး..ငါမြေးငယ်လေးက တော်လိုက်တာ! တံခါးထစ်အမြင့်ကြီးကိုတောင် ကျော်နိုင်နေပြီ !”

မိသားစုထဲမှာ ဩဇာမာလကာသိပ်လုပ်တဲ့ အဘွားကြီးကျန်း ဒီတစ်ခါတော့ သိပ်ကိုဖြည်းညှင်းတဲ့ အသံလေးနဲ့ ပြောရှာတယ်။ ဒါ့အပြင် သူမရဲ့အသံက ကလေးတစ်ယောက်ကို ချော့မော့နေတဲ့ သဘောရှိတယ်။

အသံကြားရာဆီ ယွီရှောင်ချောင်းတစ်ယောက် လှည့်ကြည့်လိုက်တော့ နှစ်နှစ်သားကလေးငယ်လေးကို တံခါးထစ်ပေါ် ဖြတ်ကျော်ရန် ကူညီဖို့ ခါးညွတ်နေတဲ့ အဘွားကြီးကျန်းကို တွေ့လိုက်တယ်။ သူမနောက်မှလည်း ငယ်ရွယ်တဲ့စုံတွဲနှစ်ဦးတို့ လိုက်ပါလာကြတယ်။

ထိုအမျိုးသားမှာ ခံညားပြီး အသားရည်လတ်တဲ့ အသွင်အပြင်ရှိတယ်။ ဒီလို ဥပမိကောင်းတဲ့ အသွင်အပြင်ကို ယွီမိသားစုထံက အမွေရခဲ့တယ်လို့ ဆိုရမယ်။ အမျိုးသမီးဖြစ်သူမှာတော့ ရွက်ကြမ်းရည်ကျိုပင်။ သို့ရာတွင် သူမရဲ့ ချောမွတ်ပြီးလုပနေတဲ့ အသားအရေကြောင့် သူမဟာဝင်းဝါနေပြီး ကြည့်၍ကောင်းနေသည်။ သူတို့နောက်မှာတော့ ဆယ့်တစ်နှစ် ဆယ်သုံးနှစ် ဝန်းကျင်လောက်သာရှိဦးမည့် ကောင်မလေးတစ်ယောက်က လက်ဆွဲအိတ်ကြီးသယ်ပြီး ဝင်လာခဲ့တယ်။

ခြံဝင်းတစ်ခုလုံး ဘာကြောင့်များတိတ်ဆိတ်နေပါလိမ့်လို့ ရှောင်ချောင်းတစ်ယောက် တွေးတော နေခဲ့တာ သူမရဲ့အငယ်ဆုံးဦးရီး ပြန်အလာဖို့ သွားကြိုနေကြတာကြောင့်ဆိုတာကို သတိရသွားတယ်။ ယွီရှောင်ချောင်းဟာ ခွဲခြားခွဲခြားဆက်ဆံတတ်တဲ့ အဘွားကြီးကျန်းအကျင့်နဲ့ အတော်လေးနေသားကျနေပြီမို့ လှောင်ပြုံးသာပြုံးလိုက်သည်။

“ ရှောင်ချောင်း… သစ်တုံးကြီးလိုပဲ အဲ့ဒီမှာရပ်နေတော့မှာလား..သွား.. မြန်မြန် နင့်အမေကို ဟင်းချက်ဖို့လာခိုင်းလိုက်.. သူဘာကြောင့်များ ဒီလိုချိန်မှာ ပျင်းတွဲပြီးနေနေနိုင်ရတာလဲ”
အဘွားကြီးကျန်းဟာ ရှောင်ချောင်းကိုတွေ့တော့ မာနထောင်လွှားပြီး ဆရာကြီးလုပ်တတ်တဲ့ သူမပုံစံအမှန်က ပြန်ပေါ်လာခဲ့တယ်။

မီးဖိုချောင်က ထွက်လာတဲ့ ယွီရှောင်လျန်ဟာ ကတိုက်ကရိုက်နဲ့
“ အမေက အဝတ်လျှော်ဖို့ ထွက်သွားတာ.. အမေ့ခမျာ တစ်အိမ်လုံးရဲ့ အဝတ်တွေကို သိမ်းကြုံးပြီး လျှော်နေရတော့ ဘယ်လိုလုပ်ပြီး အမြန်ပြီးနိုင်မှာလဲ ?”

“ စကားကိုကြည့်ပြောနော်… ဘယ်လိုတောင် ကိုယ့်ထက်အကြီးကို ဒီလိုရိုင်းရိုင်းစိုင်းစိုင်း ပြန်ခံပြောနေတာလဲ.. နင့်အမေက နင့်ကိုအဲ့လိုပဲ သင်ပေးသလား….?”
အဘွားကြီးကျန်းတစ်ယောက် သူမပင်ကိုယ်အကျင့်ဆိုးအရ ခါးသီးခက်ထန်စွာနဲ့ ဆဲဆိုမလို့အလုပ်မှာပဲ သတိကပ်လာ၍ သူမစိတ်ကိုပြန်ထိန်းလိုက်ကာ သူမရဲ့အငယ်ဆုံးချွေးမရဲ့ အခြေအနေကို မျက်လုံးထောင့်ကနေ မသိမသာလေ့လာလိုက်တယ်။

ယွီပေါ်ရဲ့မိန်းမဖြစ်သူ ကျောက်မိန်လန်ဟာ ခြံထဲဝင်ကတည်းက ခုချိန်ထိ စကားတစ်ခွန်းမျှ မဆိုသေးချေ။
သူ့ပုံစံက ပျော်နေတာလည်းမဟုတ်၊ ဝမ်းနည်းနေတာလည်းမဟုတ်။ ခန့်မှန်းရခက်တဲ့ မျက်နှာထားမျိုးဖြစ်တယ်။

လွယ်လွယ်နဲ့ အခဲမကျေနိုင်တဲ့ ယွီရှောင်လျန်ဟာ ထပ်မံ၍ အာခံပြောသည်။
“ အဘွား.. သမီးက အမှန်ကို အမှန်အတိုင်းပြောနေတာပါ.. ဘယ်နားမှာများ ရိုင်းမိသွားတာပါလဲ? သမီးအမေက လျှော်စရာအဝတ်တွေကို ဇလုံအပြည့်နဲ့ ယူပြီး သေချာပေါက်ကို ထွက်သွားခဲ့တာ”

ယွီရှောင်ချောင်းလည်း စားဖိုဆောင်ထဲသို့ဝင်သွားပြီး ပြန်ထွက်လာကာ
“ အဘွားရေ.. အငယ်ဆုံးဦးလေးတို့ခမျာ မြို့ပေါ်ကနေ ဒီထိတောင် ပြန်လာခဲ့ရတာဆိုတော့ ခရီးပန်းနေလောက်မှာပဲ… သူတို့ကို အခန်းထဲခေါ်သွားပြီး ခဏလောက် အနားလေးယူခိုင်းလိုက်ပါလား… ရှောင်လျန်… ငါးတွေအမြန်ယူလာခဲ့.. ငါတို့တွေ အငယ်ဆုံးဦးလေးယွီရဲ့ မိသားစုစားဖို့အတွက် ဟင်းပွဲတွေပြင်ရမှာ မဟုတ်ဘူးလား ?”

သူမရဲ့ တတိယအရီးဖြစ်သူ အမျိုးသမီးကျောက်လည်း ရှောင်ချောင်း၏ စကားပြောသံကို ကြားသောအခါ တီးတိုးစွာနဲ့ မေးလိုက်တယ်။
“ ဒါက ဒုတိယခဲအိုရဲ့ အငယ်ဆုံးသမီးလေးလား”

နောက်ဆုံးမှာတော့ အငယ်ဆုံးဦးလေးဖြစ်သူ ယွီပေါ်မှ ပိန်ချုံးပြီး လူမမာရုပ်ပေါက်နေတဲ့ မိန်းကလေးကို သတိထားမိသွားတော့ ဝမ်းမြောက်စွာနဲ့

"ဟုတ်ပါ့ဗျာ ! ရှောင်ချောင်းတစ်ယောက် ဒီနေ့တော့ လန်းဆန်းနေပုံရတယ်... နေပူခံထွက်မလို့လား?
"

ယွီရှောင်ချောင်းဟာ ထိုဦးလေးနဲ့အရီးအပေါ်မှာတော့ ဘာအငြိုးမှမရှိတာမို့ ပြုံးရယ်စွာနဲ့
" အငယ်ဆုံးဦးလေး.. သမီးရဲ့ကျန်းမာရေးက ခုတော်တော်ကိုကောင်းလာပြီ.. ဒီတစ်ပတ်ဆို တစ်ခါမှ မဖျားသေးဘူး"

" ဒါဆိုရင်တော့ မင်းက သေချာပေါက် နေကောင်းလာပြီပဲ.. အရင်ကထက်ကိုလည်း သွက်သွက်လက်လက် လှုပ်လှုပ်ရှားရှားလည်း ရှိလာတယ်...တော်ပါသေးတယ် ပြန်သက်သာလာလို့ပေါ့... နေမကောင်းမဖြစ်စေနဲ့နော် !"
တတိယဦးရီးမှ ဝမ်းသာစွာနဲ့ သူမဆီလျှောက်လာပြီး ခေါင်းကိုအသာအယာလေးပုတ်ကာ ဆိုလိုက်တယ်။

ခန်းမရဲ့ နောက်ဘက်ခန်းမှထွက်လာတဲ့ ယွီချိုင်သျဲ့ကလည်း သူမရဲ့ တတိယအစ်ကိုနဲ့ ယောက်မလေးအား ပြုံးပြကာ
"တတိယအစ်ကိုနဲ့ တတိယယောက်မတို့နားဖို့ အခန်းအဆင်သင့်ဖြစ်ပြီနော်... မြန်မြန်သွား နားလိုက်ဦး... ခဏနေရင် စားတော့မှာဆိုတော့... သုန်သုန်လေး မင်းရဲ့အငယ်ဆုံးအဒေါ်ကို မှတ်မိလား?"

" ငါတို့ရဲ့ သုန်သုန်လေးရောက်လာပြီပေါ့.. လာပါဦး မင်းရဲ့အကြီးဆုံးအဒေါ် က ထွေးပွေ့ချင်လှပြီ.. အားယိုး...ဘာလို့များ ငါတို့မိသားစုရဲ့ သုန်သုန်လေးက သိပ်ချစ်ဖို့ကောင်းနေပါလိမ့် ?"
အမျိုးသမီးလီဟာ ချွဲပျစ်နေတဲ့ကရုဏာအသံနဲ့ ညှင်ညှင်သာသာပြောလိုက်တယ်။

အမျိုးသမီးလီဟာ ချစ်စနိုးနဲ့ သုန်သုန်လို့ခေါ်ကြတဲ့ ယွီရှန်လေးကို ဖွတ်အတင်းရင်ခွင်ထဲ ပွေ့ချီလိုက်တော့ လူကလေးရဲ့မျက်နှာက အမျိုးသမီးလီရဲ့ အသားတွေချည်းပြည့်နေတဲ့ ခန္ဓာကိုယ်နဲ့ဖုံးသွားရော။ အလိုလိုမှ အမျိုးသမီးလီက ရေချိုးပျင်းတော့ သူ့ခန္ဓာကိုယ်က ချွေးနံ့တွေနဲ့ နံနေတာကိုး။ ကလေးငယ် ယွီရှန်ခမျာလည်း ဒီလိုအနံ့ဆိုးမျိုး တစ်ခါမှမကြုံဖူးတော့ ချက်ချင်းထငိုလိုက်ပြီး လွတ်မြောက်ဖို့ကိုပဲ အသည်းအသန်ကြိုးစားတော့တယ်။

အမျိုးသမီးကျောက်ရဲ့ မျက်နှာထားမှာ အေးစက်သွားပြီး သူမနောက်မှ မိန်းကလေးငယ်အား အမိန့်ပေးလိုက်တယ်။
" နင့်ရဲ့ သခင်လေးကို ဘာလို့သွားမခေါ်လာသေးတာလဲ"

မိန်းကလေးငယ်လည်း ထိုမြင်ကွင်းကို ပျော်ပျော်ရွှင်ရွှင်ကြည့်နေတဲ့ ရှောင်ချောင်းလက်ထဲသို့ သူမလက်ထဲမှ လက်ကိုင်အိတ်ကြီး လှမ်းထည့်လိုက်တယ်။ ထို့နောက် ငိုကြွေးနေတဲ့သူမရဲ့သခင်လေးကို ခေါ်ဖို့ သူမကတိုက်ကရိုက်ပြေးသွားပြီး အော်လိုက်တယ်။
" အဒေါ် ဘာလုပ်တာလဲ ကျွန်မတို့ရဲ့ သခင်လေးကို ခုချက်ချင်းလွှတ်လိုက်တော့.. ဘယ်လိုတောင်

ဖြစ်နေရတာလဲ ”

အတွန်းခံလိုက်ရတဲ့ အမျိုးသမီးလီလည်း ရှက်ကိုးရှက်ကန်းနဲ့ ယွီရှန်ကို ကိုင်ထားတဲ့သူမလက်ကို လွှတ်ပေးလိုက်ရတယ်။
‘သောက်ချီးလိုပဲ’
သူမရဲ့ ယောင်းမငယ်တို့ရှေ့မှာ မျက်နှာသာယူဖို့ ကြိုးစားတာ မအောင်မြင်ခဲ့ဘူးလေ။

“ ကျွန်တော့်ကို ကြီးကြီးချီတာမကြိုက်ဘူး ! ကြီးကြီးကိုလည်း မလိုချင်ဘူး”

နှစ်နှစ်သား ကလေးငယ် သုန်သုန်လေးက သူ့ရဲ့မျက်လုံးကလေးနီရဲသွားသည့်ထိကို အော်ငိုနေလိုက်တယ်။ လူကလေးဟာ ကလေးထိန်းကို တွန်းဖယ်ပစ်လိုက်ပြီး သူ့မိဘဆီကလှမ်းလာတဲ့ ပွေ့ဖက်မယ့် လက်တွေကိုပါ ငြင်းဆန်လိုက်တယ်။ သူရဲ့ လက်နှစ်ဘက်ကို ရှေ့သို့ဖြန့်ရင်း ရှေ့သို့ ယိုင်တိုင်တိုင်လှမ်းလာရာ ရှောင်ချောင်းရဲ့ ခြေထောက်နားရောက်တော့ တန်းပြီး ဖက်ခဲ့လိုက်တယ်။

အမ်.. ဒါကဘယ်လိုအခြေအနေမျိုးပါလိမ့်
မိန်းကလေးငယ်ပေးထားတဲ့ အထုပ်အပိုးကြောင့် ရှောင်ချောင်းရဲ့ ခန္ဓာကိုယ်အပေါ်ပိုင်းဟာ တောင်လောက်ကြီးတဲ့ အိတ်ကြီးနဲ့မြုပ်နေတော့တယ်။ ခုသူမရဲ့ ခြေထောက်ပေါ်မှာလည်း ကလေးငယ်လေးက ကိုလာဝက်ဝံလေးတစ်ကောင်လို ဖက်တွယ်နေပြန်ရော။

အစေခံမလေးလည်း အလိုက်တသိနဲ့ ရှောင်ချောင်းဆီက အိတ်ကိုပြန်ယူလိုက်တယ်။ သူမဟာ ရှောင်ချောင်းကို ကြည့်လိုက်ပြီး ခြေထောက်ကို ပွေ့ဖက်ထားရင်း နှစ်သိမ့်မှုခံချင်တဲ့ သခင်လေးအား သူမပါးစပ်နဲ့ ရှောင်ချောင်းထံ အချက်ပြလိုက်တယ်။

မတတ်နိုင်ဘူးလေ။ ဇာတ်လိုက် အရှိန်အဝါက သူမမှာ ရှိနေတာကိုး!
နို့စို့အရွယ်ကလေးငယ်တောင် ဇာတ်လိုက်ရဲ့ နှစ်လိုဖွယ်တွေကို မလွန်ဆန်နိုင်ဘူးပဲ။ ယွီရှောင်ချောင်းလည်း တွေးရင်းတွေးရင်း တစ်ယောက်တည်း ကျေနပ်နေတယ်။ ဒါနဲ့ပဲ သူမလည်း သနားစဖွယ် ငိုကြွေးနေတဲ့ ကလေးငယ်လေးကိုချီရန် ညွတ်ကိုင်းလိုက်တယ်။

သုန်သုန်လေးက သေးသယောင်ရှိပေမယ့်
ထင်တာထက် တော်တော်လေးကို လေးနေတယ်။ သူမလည်း မနိုင့်တနိုင်နဲ့ မနည်းကြိုးစားပြီး လူငယ်လေးကို ပွေ့ချီခဲ့တယ်။ သူတို့ဘေးမှာရှိနေတဲ့ ဦးရီး ယွီပေါ်ကလည်း စိုးရိမ်စွာနဲ့ သူ့ရဲ့လက်မောင်းနဲ့ ကလေးငယ်အားလွှတ်မကျရန် ထိန်းထားလိုက်တယ်။

ကလေးငယ်တွေက လျင်ကြတယ်လို့ ပြောကြတာကိုတော့ အတော်လေးကြားဖူးတယ်။ ယွီရှောင်ချောင်းတစ်ယောက် မှဆန်းကြယ်ကျောက်ရေကို ရက်အတော်အတန်ကြာထိ

သောက်လာခဲ့ပြီး ရောင်စုံကျောက်တုံးကိုလည်း အမြဲတစေ ပတ်ထားခဲ့တာမို့ သူမရဲ့ခန္ဓာကိုယ်က စွမ်းအားအနည်းငယ် ရှိလာတယ်လို့ ဆိုရမယ်။

လူကလေးသုန်သုန်ဟာ အမျိုးသမီးလီရဲ့ ချွေးနံ့တွေအောက်က ရုန်းထွက်လာပြီး သူတို့ရဲ့ဇီဇအတိုင်း သူ့အတွက် နှစ်သိမ့်မှုပေးနိုင်မယ့် ခေတ်ခံရှိရာ ရှောင်ချောင်းဆီသို့ တိုးကပ်လာတာပဲဖြစ်တယ်။

မနိုင့်တနိုင်နဲ့ ယှီရှောင်ချောင်းပွေ့ချီလိုက်တော့ သုန်သုန်ကလေး အငိုရပ်သွားတယ်။
ကလေးငယ်လေး၏ နက်မှောင်နေတဲ့ မျက်လုံးကလေးဟာ ကျယ်ဝန်းလာခဲ့ပြီး တစူးတစမ်းနဲ့ ရှောင်ချောင်းကို ကြည့်လိုက်တယ်။ သူ့ရဲ့ ချစ်စဖွယ်ကလေးငယ် အသံပေါက်စလေးနဲ့
“ မမက ဘယ်သူလဲ မမကို တစ်ခါမှမမြင်ဖူးဘူး!”

သူ့ရဲ့ဖခင်ဟာလည်း စိုးရိမ်တကြီးနဲ့
“ သုန်သုန် ဒါသားရဲ့ ဒုတိယအစ်မလေ… မြန်မြန် ဆင်းခဲ့တော့ … သားအစ်မက သားကိုကြာကြာချီနိုင်တာမဟုတ်ဘူး.. ဆင်းခဲ့တော့နော် ပြုတ်မကျစေနဲ့”

“ ဟင့်အင်း… သားမဆင်းချင်ဘူး! ဒုတိယမမကို သုန်သုန်သဘောကျတယ်.. သူ့နားက အရမ်းကိုမွှေးတာ”
သုန်သုန်လေးဟာ သူ့ရဲ့ပြည့်ဖောင်းတဲ့ လက်မောင်းကလေးနဲ့ ရှောင်ချောင်းရဲ့လည်ပင်းကိုဖက်ထားပြီး ခွေးပေါက်ကလေးလို နှာတရှုပ်ရှုပ်နဲ့ပြောနေသည်။

အမျိုးသမီးကျောက်လည်း သူမကလေးနဲ့ပတ်သက်လာတော့ မတည်ငြိမ်နိုင်တော့ပေ။
သူမကလည်း အားကိုးရာမဲ့စွာနဲ့
“သုန်သုန်လေးရယ် သားရဲ့ဒုတိယအစ်မက သိပ်နေကောင်းတာမဟုတ်ဘူး.. မမသာ ပင်ပန်းသွားရင် မနက်ဖြန်ကျရင် သားလေးနဲ့ဆော့လို့မရဘဲ နေမှာပေါ့…ဒါကြောင့် ဆင်းခဲ့တော့နော်.. မေမေ သားကိုချီထားပေးမယ်!”

သုန်သုန်လေးလည်း ရှောင်ချောင်းကိုကြည့်လိုက် သူ့အမေကိုကြည့်လိုက်နဲ့ ဝေခွဲမရဖြစ်နေတယ်။

ရှောင်ချောင်းရဲ့ အရင်ဘဝမှာ သူမဟာ ငယ်ရွယ်သေးတဲ့ မောင်နှမနှစ်ယောက်ကို ကိုယ်တိုင်ထိန်းကျောင်းခဲ့တာမလို့ ကလေးတွေနဲ့ ပတ်သက်လာရင် သူမအတွက် အခက်အခဲသိပ်မရှိ။
“ငါတို့ရဲ့ သုန်သုန်လေးက ချစ်စရာကောင်းလို့ ဒီကမမက သိပ်ကိုချစ်တာပဲ! သုန်သုန်လေး ဗိုက်ဆာနေပြီထင်တယ်… ဒုတိယအစ်မက မောင်လေးအတွက် ငါးနှပ်လုပ်ပေးရမလား”

“ အွင်း… သုန်သုန် အဲ့တာသောက်ချင်တယ် !”
ကလေးလေးဆိုတော့ အစားဆိုရင် သိပ်ကြိုက်ကြတာကိုး။ အစားကြိုက်တဲ့ သုန်သုန်လေးဟာ ဒီလိုနဲ့ပဲ ရှောင်ချောင်းပေါ်က ဆင်းလာခဲ့ပြီး ငါးဟင်းအလာကို စောင့်နေလေတယ်။

အဘွားကြီးကျန်ဟာ သူမရဲ့မြေးငယ်လေးရဲ့ အာရုံစိုက်တာခံရဖို့ အမျိုးမျိုးကြိုးစားသော်လည်း ကလေးငယ်လေးတစ်ယောက် သောက်ရူးမလေးရှောင်ချောင်းရဲ့ ပရိယာယ်အောက် ထိုကဲ့သို့ ရောက်သွားလိမ့်မယ်လို့တော့ တစ်ခါမှ မတွေးမိခဲ့ပေ။ အဲ့တာကို မကျေမနပ်တော့ ရှောင်ချောင်းကို မျက်စောင်းတစ်ချက်ထိုးလိုက်တယ်။ သူမရဲ့အငယ်ဆုံးသားနဲ့ ချွေးမငယ်ကိုတော့ အပြုံးပန်းဆင်ကာ
" အခန်းထဲမှာ အနားယူလိုက်ကြဦး… အမေ အသားသွားစင်းပြီး ဂေါ်ဖီထုပ်နဲ့ အသားနှပ်ကို နေ့လယ်စာအတွက်ချက်လိုက်ဦးမယ်.. သားအကြိုက်ဆုံးဟင်းမလား "

အခန်း ၂၄ (မြှောက်ပင့်ခြင်း)

ယွီမိသားစုရဲ့အစားအစာက အမြဲတမ်းဆီမပါပေ။ မိသားစုက အသားကို အခြေအနေ ၂ ရပ်မှာပဲ စားနိုင်တယ်။ ပထမက နှစ်သစ်ကူးအတောအတွင်းနဲ့ ဒုတိယက မိသားစုတစ်ခုလုံးရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ ယွီပေါ် အိမ်ပြန်လာတဲ့အခါမှပဲဖြစ်တယ်။ ယွီပေါ် ကလေးဘဝတုန်းက အဆီများတဲ့အသားနှပ်နဲ့ဂေါ်ဖီက အကြိုက်ဆုံးဟင်းဖြစ်တယ် ။

ယွီပေါ် က မြို့မှာမွေကြော်ဟင်းစားရတာကို ကျင့်သားရနေပြီဖြစ်တာကြောင့် လွန်ခဲ့တဲ့အချိန်တွေကတည်းက သူအကြိုက်အစားအစာတွေက ပြောင်းလဲသွားပြီဖြစ်တယ် ။ သို့သော်လည်း သူ့ကို စိတ်ပါလက်ပါ ဂရုစိုက်နေတဲ့သူ့အမေကို မငြင်းနိုင်ခဲ့ပေ ။

အမျိုးသမီးကျောက်က သူ့ကိုဖျက်ကနဲကြည့်လိုက်တယ်။ ပြီးတော့ အနောက်ဘက်အခန်းထဲကို ဂရုမစိုက်တဲ့ပုံစံနဲ့ဝင်လာခဲ့တယ်။ ခရိုင်ပညာရှင်အရာရှိရဲ့ တစ်ဦးတည်းသောသမီးလေးဖြစ်တဲ့ ကျောက်မိန်လန်က ယွီမိသားစုတစ်ခုလုံးကို အထင်သေးလေတယ်။ သူမအကြီးဆုံး ယောက်မကရိုင်းပြပြီး ပျင်းတယ်။ သူမရဲ့ယောက္ခမကတော့ ကပ်စေးနှဲတယ်။ သူမရဲ့ဒုတိယယောက်မက သတ္တိနည်းပြီး ညံ့ဖျင်းတယ်။ ဒါ့အပြင် မိသားစုရဲ့ဘယ်ကလေးကမှ ကြည့်ပျော်ရှုပျော်မရှိဘူး။

သူမမှာ ရွေးချယ်စရာရှိခဲ့ရင် သူမ ယွီမိသားစုအိမ်မှာ လုံးဝကိုမနေချင်ပေ။ သို့သော်လည်း သူတို့က သူမရဲ့ယောကျ်ားမိသားစုဖြစ်နေတာကြောင့် သူမယောကျ်ားကို မျက်နှာသာပေးဖို့ လိုအပ်နေသေးတယ်လေ။

အဘွားကြီးကျန်းက အနီးနားရွာက သားသတ်သမားဆီကနေ အဆီများတဲ့ အသားတစ်ကျင်းဝက်နဲ့ ပြန်လာတဲ့အခါ အမျိုးသမီးလျိုကလည်း အဝတ်လျှော်ပြီး ပြန်လာခဲ့တယ်။ သူမကို အနားယူဖို့ အခွင့်အရေးမပေးပဲ အဘွားကြီးကျန်းက တံမြက်စည်းနဲ့ ဝင်းတဝိုက်မှာ မျှော်လင့်ချက်ကင်းစွာ လှည့်လည်သွားလာနေတဲ့ အမျိုးသမီးလီကို ခိုင်းလိုက်တယ်။ "ညည်းအဝတ်တွေသွားလှမ်းလိုက် ဒုတိယချွေးမက သွားချက်တော့"

မိသားစုတစ်ခုလုံးက အမျိုးသမီးလျိုရဲ့ ဟင်းချက်စွမ်းရည်ကို တညီတညွတ်တည်းထောက်ခံကြတယ်။

အဘွားကြီးကျန်းက အသားကိုဆေးပြီး စဉ်းနှီတုံးပေါ်မှာ လှီးလိုက်တယ် ။ ပြီးတော့ သူမက အသားပိုင်းလေးတွေကို ရေတွက်ပြီး အမျိုးသမီးလျိုကို ပြောခဲ့တယ်။

" တတိယသားက ညည်းချက်တဲ့ဟင်းကိုအကြိုက်ဆုံးပဲ အဲ့တာကြောင့်မလို့ တက်တက်ကြွကြွနဲ့ကောင်းကောင်းချက် ဟင်းပွဲတွေပြင်တဲ့အချိန်တွေကျ ညည်းတို့လည်းကူလိုက်ဦး"

အဘွားကြီးကျန်းက အဲ့တာကို မပြောရင်တောင် ယွီရှောင်ချောင်းနဲ့ သူ့အစ်မက သူတို့အမေကို အလုပ်တွေအားလုံး တယောက်တည်း လုပ်ခွင့်ပေးမှာမဟုတ်ပေ။ သူမထွက်သွားပြီးနောက် ရှောင်ချောင်းက ပြုံးပြီး ပြောခဲ့တယ်။

"ဦးလေးနဲ့အရီးလေးတို့ အဆီများတဲ့အသားနှပ်နဲ့ ဂေါ်ဖီကြိုက်တာကို သမီးတကယ်မယုံချင်ဘူး။ အမေ! သမီးကို ဘာလို့ ဟင်းပွဲတချို့တလေကို စမ်းမချက်ခိုင်းရတာလဲ သမီးလက်တွေ့စမ်းချက်ဖို့ အခွင့်မရှိသေးလို့ပါ ဟင်းချက်နည်းအများကြီး သမီးအတွေးထဲမှာရှိတယ်"

"မင်းချက်လို့ရပါတယ် ဒါပေမယ့် မင်းကို အသားထိခွင့်မပေးဘူး အဲ့ဒီမှာ အသားတုံး ဘယ်နှတုံးရှိတယ်ဆိုတာ မင်းအဘွားသိတယ်" သူတို့မှာ ပါဝင်ပစ္စည်းကောင်းကောင်းရှိတဲ့ရင် အဘွားကြီးကျန်းက ချက်ပြုတ်တဲ့အခါခိုးမှာကြောက်ပြီး အမြဲတမ်းရေတွက်ထားလေတယ်။

'အသားစုံနှပ်အိုးကြီး' က မြောက်ဘက် ရွာအများစုမှာ နာမည်ကြီးတယ်။ သို့ပေမယ့် ပါဝင်ပစ္စည်းအားလုံးက အသားစုံနှပ်ဖို့အတွက် မသင့်လျော်ပေ။ ယွီရှောင်ချောင်းက မွှေကြော်ဟင်းကို ချက်ချင်စိတ် ပြင်းပြနေပေမယ့် သူမမှာ ဆီမရှိပေ။ အဘွားကြီးကျန်းက ဟင်းသီးဟင်းရွက်ဆီ ကိုတောင် မဝယ်ချင်လောက်အောင် ကပ်စေးနဲလေတယ်။

ရှောင်ချောင်းက အဆီများတဲ့အသားကို ကြည့်ပြီး အသားပိုင်းနဲ့ဝက်ဆီပြုလုပ်ရန် သူမအမေကိုဖြောင်းဖြဖို့ ကြိုးစားခဲ့တယ်။ အသားကို ဂေါ်ဖီနဲ့နှပ်ပြီး ဝက်ဆီနဲ့ချက်လို့ရတယ်။

လျိုမုယွမ် အကြံဉာဏ်ကိုခဏစဉ်းစားလိုက်တယ်။ ဝက်ဆီထုတ်ယူပြီးရင် အသားက တော်တော်လေးကျုံ့သွားလိမ့်မှာဆိုပေမဲ့ ဂရုစိုက်ပြီးသာ ချက်လလိုက်ရင် မြင်မကောင်းရှုမ ကောင်းဖြစ်မှာ မဟုတ်တော့ပေ။ ဒီနေ့ တတိယမောင်လေးနဲ့တတိယယောက်မက အိမ်လာတာကြောင့် အသားဟင်းတစ်ပွဲဆိုရင် တကယ်မလောက်နိုင်ပေ ။ ထို့အပြင် တခြားဟင်းအားလုံးကလည်း ပေါ့ရွတ်ပြီး အရသာမရှိပေ ။ ဒါကြောင့် သူမက အသားကိုသုံးပြီး ဝက်ဆီဇလုံသေးသေးလေးဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

ယွီမိသားစုမှာ လူတွေအများကြီးရှိတာကြောင့် ဟင်းချက်ဖို့ မီးဖိုနှစ်ခုကိုအသုံးပြုတယ်။ တစ်ခုကို ပဲဂျုံယာဂုအတွက်သုံးပြီး တခြားတခုကိုတော့ အသီးအရွက်နဲ့ဘိန်းမုန့်တွေ လုပ်ဖို့သုံးတယ်။ အဘွားကြီးကျန်းက ဒီနေ့အရမ်းပျော်နေတာကြောင့် သဘောကောင်းနေပြီး သူမက ဂျုံမှုန့်နဲ့မုန့်လုပ်ဖို့ ခွင့်ပြုခဲ့တယ်။

သူမက အတော်ကပ်စေးနဲတဲ့သူ ဖြစ်ချင်ဖြစ်လိမ့်မယ်။ သူမရဲ့အငယ်ဆုံးသား ဒုက္ခရောက်မှာထက် သူမပဲဒုက္ခပိုရောက်ခံလိုက်မှာပင်။ ခရိုင်ပညာရှင်အရာရှိရဲ့သမီးဖြစ်တဲ့ အငယ်ဆုံးချွေးမက သူမကို အထင်သေးတာကို မလိုချင်ပေ။

သူမအငယ်ဆုံးသားရဲ့အောင်မြင်မှုနဲ့ ပျော်ပျော်ရွှင်ရွှင်အသက်ကြီးသွားဖို့အတွက် သူ အဆင့်အတန်းမြင့်တဲ့ ဘွဲ့တစ်ခုရမှာကို စောင့်နေဆဲဖြစ်တယ်။

သူမရဲ့အမေက ပုံမှန်နည်းအတိုင်း အိုးအကြီးကြီးထဲကို အကုန်ပစ်ထည့်လိုက်ပြီး ဝက်သားနဲ့ဂေါ်ဖီကိုနှပ်ဖို့ လုပ်နေတာကို ယွီရှောင်ချောင်း မြင်လိုက်ရတယ်။ အသားဟင်းကို ဖြုန်းတီးလိုက်မိမှာစိုးပြီး သူမက အမြန်တားလိုက်တယ်

" အမေ ဒီဟင်းကို သမီးကိုချက်လိုက်မယ် အမေချက်တာထက်ပိုပြီး အရသာရှိစေရမယ်လို့ ကတိပေးတယ်"

အမျိုးသမီးလျိုက သူ့ယောက္ခမ ရှောင်ချောင်းကိုဆူမှာ စိုးရိမ်တာကြောင့် ပထမတော့ အကြံကို ငြင်းလိုက်တယ် ။ အဆုံးမှာတော့ ရှောင်ချောင်းနဲ့ရှောင်လျန်က အဆက်မပြတ်တောင်းဆိုနေတာကြောင့် လိုက်လျောပေးလိုက်တော့တယ်။ ဒါပေမဲ့လည်း ဘေးကနေတော့ ကူညီနေမယ်လို့ ပြောလိုက်တယ်။

ရှောင်ချောင်းက သူမမောင်လေးကို ကျောက်မိသားစုဆီက ငရုတ်ကောင်းမှုန့် ချေးခိုင်းလိုက်တယ်။ အရောင်တင်မှုန့်မပါရင် ဝက်သားနဲ့ဂေါ်ဖီနှပ်က သေချာပေါက် အရသာ ပေါ့ရွတ်နေလိမ့်မှာပင်။

ဟင်းတွေကို နှပ်ရန် သုံးနေကျ နည်းလမ်းကို မသုံးဖို့ ဆုံးဖြတ်ပြီးတဲ့နောက် သူမက ဂျင်း၊ကြက်သွန်နီ၊ငရုတ်ကောင်းနဲ့ စီချွမ်ငရုတ်သီးတွေကို မွှေကြော်ကြော်ရန် ဆီဒယ်အိုး တခုကို သုံးလိုက်တယ်။ ပဲငံပြာရည်နဲ့ ဆားကိုထည့်ပြီးမှ အသားကို ဒယ်အိုးထဲထည့်ပြီး မွှေကြော် ကြော်လိုက်တယ်။ ပြီးတာနဲ့ သူမက ဒယ်အိုးထဲကို ဂေါ်ဖီနဲ့ပြောင်းဆန်မုန့်ကို ထည့်လိုက်တယ်။ ခဏလောက် စဉ်းစားပြီးတဲ့နောက်မှာ သူမက ဆန်းကျယ်ကျောက်ရေကိုလည်း ထည့်လိုက်တယ်။ ရှောင်ချောင်းက ဆန်းကြယ်ကျောက်ရေဟာ လတ်ဆတ်မှု ပေးနိုင်တာကို သတိထားမိခဲ့တယ်။ အခုထိ ဟင်းပွဲချင်းတူပေမယ့် ချက်ပြုတ်တဲ့ နည်းလမ်းကွဲပြားတာကြောင့် အရသာကတော့ နေ့နဲ့ညလို ကွဲပြားနေသည်ပင်။

"အနံ့လေးက ကောင်းလိုက်တာ!ငါတို့ ဒီနေ့ အသားစားကြရမှာလား"

အပြင်မှာ တနေ့လုံး ကစားနေတဲ့ ယွီဟိန်ဇီမှာ ခွေးတွေလို စူးရှတဲ့ နှာခေါင်းရှိလေတယ်။ မွှေးကြိုင်တဲ့ ရနံ့ကို ရပြီးတဲ့နောက် သူက အနံ့နောက်ကိုလိုက်ပြီး မီးဖိုထဲ ဝင်လာခဲ့တယ်။

သူ့ရဲ့ အစားအသောက်ဖျက်ဆီးရေး မစတင်ခင်မှာပဲ သူ့ရဲ့အနောက်မှာရှိတဲ့ အဘွားကြီးကျန်းက သူ့နားကို ဆွဲပြီး အပြင်ကို ဆွဲခေါ်သွားခဲ့တယ်။

"စားမယ် !စားမယ်နဲ့! မင်းက ဘယ်လို စားရမယ်ဆိုတာဘဲ သိတယ်။ စားတာက လွဲပြီး တခြားဘာလုပ်တတ်တာရှိလဲ အရှေ့ဘက်က မင်းအခန်းထဲ သွားပြီးနေစမ်း မင်း တကယ်လို့ ခိုးပြီး စားရင် ငါမင်းလက်တွေကို ချိုးပစ်မယ်!"

ပြီးတဲ့နောက် မီးဖိုချောင်ရှေ့မှာ အကြာကြီး ရှိနေတဲ့ အမျိုးသမီးလီကို သတိပေးတဲ့ အနေနဲ့ စူးရှစွာ ကြည့်လိုက်တယ်။ ညဏ်များပြီးပျင်းတဲ့ လီကွေ့ဟွားက သူမရဲ့ခေါင်းကို လျင်လျင်မြန်မြန် ငုံ့သွားတယ်။ နောက်ကို အကြိမ်ကြိမ်လှည့်ကြည့်ရင်း သူမက တံမြက်စည်း စလှည်းတော့တယ်။

အဘွားကြီးကျန်းက အဆီများတဲ့ အသားပြုတ်နဲ့ ဂေါ်ဖီကို ကြည့်လိုက်တယ်။ အကြိမ်အနည်းငယ် အနံ့ခံကြည့်ပြီးတော့ ခပ်ပေါ့ပေါ့ ပြောလိုက်တယ်

"ဟမ် ညည်းရဲ့ ချက်ပြုတ်စွမ်းရည် တိုးတက်လာတာပဲ!နောက်လည်း ဒီလိုဘဲ ဆက်ပြီး ချက်"

ရှောင်ချောင်းက ကြားဖြတ်ဝင်ပြောခဲ့တယ်။
"အဖွားသာ တကယ်လို့ ပဲပိစပ်ဆီ အချို့ ယူလာခဲ့မယ်ဆိုရင် ဒီလိုနေ့တိုင်း ချက်စားလို့ရတယ် ဆီမပါဘဲ ဘာမှ လုပ်လို့မရဘူးလေ"

အဘွားကြီးကျန်းက ဆီဝယ်ဖို့အတွက် ပိုက်ဆံ ဘယ်လောက် အများကြီးလိုအပ်လဲဆိုတဲ့ အတွေးနဲ့ နှလုံးအောင့်လာတော့တယ်။ သို့သော်လည်း သူမရဲ့ သိက္ခာကိုထိန်းဖို့အတွက် ကျိန်ဆဲလိုက်ရင်း သူမက လှည့်ထွက်သွားတယ်။ "ဆီ ဟုတ်လား? မင်းတို့အတွက် ဆီရဖို့ ငါ့ရဲ့ ခန္ဓာကိုယ်အိုကြီးကို စုတ်ပြဲလိုက်သင့်လား"

ရှောင်ချောင်းက ပါးစပ်ကိုရှုံ့ပြီး ငြီးတွားခဲ့တယ်။

"အဘွားလုပ်ချင်တယ် ဆိုရင်တောင်မှ အဲ့တာကို သမီးတို့တော့ စားချင်စိတ်မရှိဘူး အဘွားရဲ့ ခြောက်ကပ်နေတဲ့ အရိုးခန္ဓာကိုယ်လေးနဲ့ ဆီအများကြီး မရနိုင်ဘူးလေ"

"ချောင်းအာ! ကိုယ့်ထက်အကြီးကို ဘာလို့ ဒီလို အပြုအမူနဲ့ ပြောနိုင်ရတာလဲ ဒါသာ ပျံ့သွားရင် သမီးရဲ့ ဂုဏ်သတင်းကောင်းနိုင်ပါဦးမလား ဒါမျိုးနောက်မလုပ်ရဘူးနော်" လို့အမျိုးသမီးလျိုက အိုးကိုဆေးရင်း သူ့သမီးကိုပြောလိုက်တယ်။

ယွီရှောင်ချောင်း သူမကို ဘာမှပြန်မပြောခဲ့ပေမယ့် သူမစိတ်ထဲမှာ မခံမရပ်ဖြစ်နေသေးတယ်။

'သမီးတို့ အကြီးတွေအပေါ်မှာ ရိုသေဖို့ လိုအပ်တယ်ဆိုပေမယ့် ရှုးရှုးမိုက်မိုက် သူတို့သဘောအတိုင်းကြီးပဲနေဖို့က မဖြစ်နိုင်ဘူးလေ ဟုတ်တယ်မလား'

ရှောင်ချောင်း သူမရဲ့ ဒေါသတွေကို ချက်ပြုတ်ခြင်းမှာပဲ ထွက်ပေါက်ရှာလိုက်တော့တယ်။

သူမက ကြက်သွန်ဖြူ ၊ ပဲတောင့်ရှည် ၊မှို ၊ လတ်ဆက်တဲ့ ဟင်းသီးဟင်းရွက်နဲ့ ခရမ်းသီးတွေကို နုပ်ထားတဲ့ဂေါ်ဖီ ၊ အသားနဲ့အတူ မြန်မြန်မွှေကြော်ပစ်လိုက်တယ်။

တခြားအိုးတစ်ခုထဲမှာတော့ စားချင်စဖွယ် အနံ့တစ်ခုက အရသာရှိတဲ့ ငါးပြုတ်ထဲကနေ ထွက်လာတော့တယ်။ သူမရဲ့ အခန်းထဲမှာ ငိုက်နေတဲ့ အမျိုးသမီးကျောက်တောင်မှ ယွီ မိသားစုရဲ့ 'ဝက်စာတွေ'ကြောင် စိတ်ထဲကနေ အံ့သြသွားခဲ့တယ်။ ဘယ်တုန်းက အနံ့ ဒီလောက်ကောင်းသွားတာလဲ။

"စားဖို့အချိန်ရောက်ပြီ"

မီးဖိုထဲမှာ တာဝန်ကျေစွာ ကူညီနေတဲ့ ရှီထုန်လေးက စိတ်လှုပ်ရှားစွာ ပြောလိုက်တယ်။ ဒုတိယအစ်မရဲ့ အချက်အပြုတ်စွမ်းရည်က အံ့သြစရာကောင်းလွန်းတာကြောင့် သူက သူ့တံတွေးတွေကို ခက်ခဲစွာ ထိန်းထားလိုက်ရတယ်။

မနက်စာအတွက် အမျိုးသမီးတွေနဲ့ အမျိုးသားတွေက စားပွဲခွဲထိုင်ကြတယ်။ ဒီနေ့တော့ အမျိုးသမီးတွေရဲ့ စားပွဲမှာလည်း အမျိုးသားတွေရဲ့ စားပွဲမှာလို ဟင်းတွေက အတူတူပင်ဖြစ်တယ်။ စားပွဲပေါ်က အိုးလေးအိုး ဆီကနေ မွှေးပျံ့တဲ့ အနံ့လေးက ထွက်ပေါ်လာခဲ့တယ်။ ယွီမိသားစုမှာ လူတွေက များတာကြောင့် သူတို့အစားအစာကို အိုးလိုက်သာ တည်ခင်းလေ့ရှိတယ်။

"အသားတွေကွ !ငါတို့ အသားစားရတော့မယ်"

ဟိန်ဇီက အဝါရောင်နုပ်ချေးတွေကို သူ့ရဲ့ ပေနေတဲ့ အင်္ကျီလက်နဲ့ အချိန်တိုင်း သုတ်နေခဲ့တယ်။အမျိုးသမီးလီကလည်း သူမလက်တွေကို ဆေးမယ့်အစား သူမဝတ်ထားတဲ့ အင်္ကျီနဲ့ ညစ်ပတ်နေတဲ့ သူမရဲ့လက်ကို သုတ်လိုက်တယ်။

အမျိုးသမီးကျောက်က ကြည့်ပြီး ပျို့အန်လုနီးပါး နှာခေါင်းရှုံ့နေခဲ့တယ်။ ဒီညစ်ပတ်တဲ့ သားအမိနှစ်ယောက်ရှေ့မှာ အရသာရှိရှိ စားဖို့ မဖြစ်နိုင်ပေ။

သူမရဲ့ချွေးမအငယ်ဆုံးကို အနီးကပ်စောင့်ကြည့်နေတဲ့ အဘွားကြီးကျန်းက သူ့ချွေးမကြည့်နေတဲ့ နေရာကို လိုက်ကြည့်လိုက်တယ်။ သူမက မျက်မှောင်ကြုံ့လိုက်ရင်း ပန်းကန်လုံးကိုယူပြီး ဟင်းခွက်တိုင်းစီက အစားအစာတချို့ကို ယူလိုက်တယ်။ ပြီးတဲ့နောက်မှာတော့ သူမက အမျိုးသမီးလီနဲ့ သူမသားဘက်ကို လှည့်ပြောလိုက်တယ်။

" ဒီစားပွဲမှာ လူအရမ်းပြည့်နေပြီ ဒါကြောင့် မင်းတို့နှစ်ယောက်အခန်းကို ပြန်စားလိုက်"

အမျိုးသမီးလီက ဆွဲဆောင်နေတဲ့အသားကို စိုက်ကြည့်ပြီးတော့ လိမ္မာပါးနပ်စွာပြောခဲ့တယ်

"ငါတို့မှာ လူပိုနှစ်ယောက်ရှိတာကြောင့် လူပြည့်နေတာ ဆယ်နှစ်အောက်ကလေးတွေက ဘာလို့ စားပွဲခုံမှာ ထိုင်နေကြတာလဲ ကလေးတွေ အခန်းထဲ မြန်မြန်မသွားကြဘူးလား"

သူမကပြောနေတုန်းမှာပဲ အဆီများတဲ့ အကြီးဆုံးအသားတုံးကို တူနဲ့ဆွဲယူလိုက်တယ်။ သို့သော်လည်း လမ်းတစ်ဝက်မှာတင် သူမယောက္ခမက ပိတ်ထားခဲ့တယ်။ အဘွားကြီးကျန်းက မစဉ်းစားမဆင်ခြင်တဲ့ အကြီးဆုံးချွေးမကို စိုက်ကြည့်ပြီး ပိုမိုဆိုးဝါးတဲ့အသံနဲ့ပြောခဲ့တယ်။

"ညည်းကို အခန်းထဲကိုပြန်စားဖို့ ငါပြောနေတယ်လေ ပေါက်ကရစကားတွေ တော်လိုက်တော့။ ကလေးတွေကို စားပွဲမှာ ထမင်းစားဖို့ ကန့်သတ်ပြီး ညည်းက ဘယ်သူ့ကိုလှောင်ဖို့ ကြိုးစားနေတာလဲ"

အပိုင်း ၂၅ (ချီးမွမ်းခြင်း)

အမျိုးသမီးလီက ထမင်းစားပွဲမှာ သုန်သုန်လေး သူ့ဒုတိယအစ်မရဲ့ ငါးဟင်းရည်ကိုသောက်ဖို့ ထက်ထက်သန်သန်နဲ့ စောင့်နေတာကို တွေ့သွားလေတယ်။ ရုတ်တရက် သူမ အပြောမှားသွားတာကို နားလည်သွားတော့တယ်။ တတိယမတ်လေးက နောင်မှာ အရာရှိ ဖြစ်လာလိမ့်မယ်။ မိသားစုမှာ အရာရှိ ဖြစ်လာရင် သူမလည်းအကျိုးရဖို့ တတိယယောင်းမကို မျက်နှာချိုသွေးရပေမည်။

"အသုံးမကျတဲ့ဒီပါးစပ်ကတော့ ၊ ကျွန်မ မစဉ်းစားမိဘဲ ထွက်သွားတာပါ တတိယယောင်းမလေး ကျွန်မ ရှင့်သားသုန်သုန်ကို ဆူနေတာမဟုတ်ပါဘူး.. စားပွဲက လူကြပ်နေတာကို ဗွေမယူပါနဲ့ ...ကျွန်မ ဟိန်ဇီ ကိုခေါ်ပြီး အခန်းထဲပြန်စားလိုက်ပါ့မယ်..."

နောက်ဆုံးမှာတော့ အမျိုးသမီးလီက သူမယောက္ခမကြီးဆီမှ အရိပ်အယောင်ကို နားလည်သွားသည်။ သူမ တွန့်ဆုတ်နေပေမဲ့ သားဖြစ်သူကိုသွားဖို့ ဆွဲခေါ်လိုက်တော့တယ်။

ယွီဟိန်ဇီကတော့ စားဖို့ကိုသာအာရုံထားလေတယ်။ သို့သော်လည်း သူက ကလိမ်ကကျစ်လူငယ်လေး ဖြစ်ပြီး ဒီအခြေအနေကို အခွင့်ကောင်းယူကာ အစားအစာ ထပ်ရဖို့ ဈေးဆစ်လိုက်သည်။
" ခင်ဗျားတို့ ကျွန်တော့်ကို ဒီစားပွဲက ထသွားစေချင်ရင် အသားနည်းနည်း ထပ်ပေး!...မပေးဘူးဆိုရင် ဒီမှာပဲ ဆက်နေမှာ !..."

အဘွားကြီးကျန်းလည်း ရွေးချယ်စရာမရှိဘဲ သူတောင်းတာ ပေးလိုက်ရသည်။ သူမက ဒီအမြင်ကျဉ်းတဲ့ ကလေးစုတ်ကို အတွေးထဲမှာ ရိုက်နှက်နေပေမဲ့လည်း သူ့ပန်းကန်လုံး ထဲသို့ အသားအနည်းငယ် ထည့်ပေးလိုက်သည်။ သူမက အမျိုးသမီးလီကို သူမသားနှင့် ထွက်သွားဖို့ သတိပေးရင်း ရက်စက်စွာ စိုက်ကြည့်နေလိုက်သည်။

မသန့်ရှင်းတဲ့ လူနှစ်ယောက်ထွက်သွားပြီးတဲ့နောက်မှာ ကျန်ခဲ့တဲ့ အမျိုးသမီးလျိုနှင့် သူမကလေး လေးယောက်ကိုတော့ မကျေမနပ်တာမျိုးမဖြစ်ပေ။ အမျိုးသမီးလျိုကတော့ သူမဘယ်လောက်ပဲ အလုပ်ရှုပ်နေပါစေ သူမမိသားစုတစ်ခုလုံးကို သန့်ရှင်းသပ်ရပ်အောင် သေချာထားသည်။ သူမခင်ပွန်းရဲ့ညီမ ယွီချိုင်သျဲ့က သန့်သန့်ရှင်းရှင်း လှလှပပနေရတာ နှစ်သက်တဲ့ အရွယ်ဖြစ်သည်။ အဘွားကြီးကျန်းကလည်း သန့်ရှင်းသပ်ရပ်တဲ့သူ ဖြစ်သည်။

ကျောက်မိန်လန်က သူမသားရဲ့ဘေးကထိုင်ခုံမှာ တိုးထိုင်လိုက်သည်။ အဘွားကြီးကျန်းရဲ့ တိုက်တွန်းမှုကြောင့် သူမ တူကိုမကာ အရွက်စိမ်းကြော်ကို ကောက်ယူလိုက်ပြီး ဖြေးညင်းစွာ ပါးစပ်ထဲသို့ ထည့်လိုက်သည်။ အာ? ဒီလို ရိုးရှင်းတဲ့ဟင်းပွဲလေး။ မှိုနှင့်အရွက်စိမ်း ကြော်ထားတာလေးက အံ့သြစရာကောင်းစွာ လတ်ဆတ်ပြီးအရသာရှိနေသည်။

အမျိုးသမီးကျောက်က ညင်သာစွာဝါးလိုက်ကာ ဖြည်းဖြည်းချင်းမျိုချလိုက်ပြီး သူမရဲ့ ဒုတိယယောင်းမ လျှိုမုယွမ်ကို မော့ကြည့်လိုက်သည်။ သူမ ထောက်ခံသည့်အနေဖြင့် ခေါင်းငြိမ့်ကာ

"ဒုတိယယောင်းမရဲ့ အချက်အပြုတ်စွမ်းရည်က လအနည်းအတွင်းမှာ လုံးဝ တိုးတက်လာတာပဲ...ဒီအစားအစာတွေက လွန်ခဲ့တဲ့လတွေကဟာထက် ပိုအရသာကောင်းတယ်..."

လျှိုမုယွမ်က သူမသမီးငယ်လေးကို ပြုံးပြကာ ဂုဏ်ယူမှုအပြည့်နှင့် " ဒီနေ့ဟင်းတွေအားလုံးက ချောင်းအာချက်ထားတာ....ကျွန်မက ဟင်းရွက်တွေ အိုးတွေပဲ ကူညီဆေးလိုက်တာ...ဒီနေ့ ဘာဟင်းမှ မချက်လိုက်ရဘူး!..."

အမျိုးသမီးကျောက်မျက်နှာမှာ ရှားပါးသိမ့်မွေ့တဲ့ အပြုံးလေး ပေါ်လာသည်။
" ကျွန်မ ရှောင်ချောင်းမှာ ဒီလိုပါရမီတွေရှိလိမ့်မယ်လို့ မထင်ထားဘူး....."

အဘွားကြီးကျန်းကတော့ သူမရဲ့ချွေးမငယ်လေးက တစ်ခြားသူကို အာရုံစိုက်နေတာတွေ့တော့ မကျေမနပ်ဖြစ်နေသည်။ သူမက အဆီပေါတဲ့ အသားထူထူတစ်ခုကို သူမတူဖြင့် ကောက်ကာ ချွေးမကျောက်ပန်းကန်လုံးထဲ ထိုးထည့်ပေးလိုက်သည်။

" တတိယချွေးမ... အမေ ဒီနေ့ အကောင်းဆုံးအသားတွေကို သေချာရွေးထားတာ....ဒီလိုအသားတွေက စားတဲ့အခါမှာ အရသာရှိပြီးအဆီတွေ စိမ့်ထွက်နေမှာ....မြန်မြန်စားကြည့်..."

အမျိုးသမီးကျောက်က အဘွားကြီးကျန်းရဲ့ အဆီတွေပေကျံနေတဲ့ တူကိုကြည့်လိုက်သည်။ အဲ့ဒီတူပေါ်မှာ တံတွေးတွေ ဘယ်လောက်ရှိနေတယ်ဆိုတာ ဘယ်သူသိမှာလဲ....သူမ ရွံရှာမှုကြောင့် ပျို့အန်တော့မယ်လို့ကို ခံစားလိုက်ရသည်။

သခင်မရဲ့ ကြိုက်တာတွေ မကြိုက်တာတွေကိုသိတဲ့ အစေခံမိန်းမငယ်လေးက အဆီပေါတဲ့အသားကို မြန်မြန်ဖယ်လိုက်ပြီး ပြောလိုက်သည်။
"အဒေါ်.. သခင်မလေးက အဆီပေါတဲ့ အသားတွေ မကြိုက်ပါဘူး...ဒီအစေခံကပဲ သူမအစား သခင်မကြီးကို ကျေးဇူးတင်ပါတယ်..."

သူမတောင် တန်ဖိုးထားစားနေရတဲ့ အသားကို အစေခံတစ်ယောက်က ယူသွားတာကြည့်ရင်း အဘွားကြီးကျန်း ဒေါသထွက်လာသည်။ သူမမျက်နှာပေးက ချက်ချင်းဒေါသထွက်ကာ မဲမှောင်သွားသည်။

သူမက စားပွဲကိုလက်ဖြင့် ရိုက်လိုက်ကာ စတင်ဆူပူတော့သည်။

" ဟမ်!..ရိုင်းစိုင်းလိုက်တဲ့ အစေခံ!...ငါတို့နဲ့ စားပွဲတစ်ခုတည်း ထိုင်စားဖို့ မင်းက အဆင့်ရှိလို့လား....ဘယ်လိုအစေခံမျိုးလဲ...တတိယချွေးမ မင်းရဲ့ဒီအစေခံကို စည်းကမ်းထိန်းကြပ်ပေးဖို့ လိုနေပြီ.."

အမျိုးသမီးကျောက်က သူမရဲ့တူကို သစ်သားစားပွဲပေါ်သို့ ကျယ်လောင်စွာ တင်ထားလိုက်သည်။ သူမရဲ့ နီရဲရဲနှုတ်ခမ်းတစ်စုံကို ဖြောင့်တန်းတန်းဖိထားသည်။ သိသာတဲ့ အပြုအမူရှိပေမယ့် အဘွားကြီးကျန်းကတော့ သူမချွေးမ ဒေါသထွက်နေသည်ကို သတိမပြုမိဘဲ အစေခံမလေးကို ဆက်လက်ဝေဖန်နေတော့သည်။

" ယောက္ခမကြီး...ခွေးတစ်ကောင်ကို အပြစ်ပေးချင်ရင်တောင် ပိုင်ရှင်ဆီက အရင်ခွင့်ပြုချက်တောင်းရတယ်!... ကျွန်မရဲ့ အစေခံလုပ်တဲ့အမှားတိုင်းကို ကျွန်မကိုယ်တိုင်ပဲ အပြစ်ပေးမှာ.... လူတွေရှေ့မှာ သူကိုအော်တာက ကျွန်မကို မကျေနပ်ဘူးဆိုတာ ပြတာလား..." အမျိုးသမီးကျောက်က သူမအစေခံက မျက်ရည်ကျမှာ ထိန်းချုပ်ထားတာ မြင်တော့ ဒေါသသံနှင့် ကြားဖြတ်ပြောလိုက်သည်။

အဘွားကြီးကျန်းက သူမရဲ့ မကျေနပ်ချက်တွေကို ခက်ခက်ခဲခဲ မျိုချလိုက်ပြီး သူမရဲ့အရေတွန့်နေတဲ့ မျက်နှာမှာ အနီရောင်သို့ ပြောင်းသွားတောဘသည်။ သူမက အခြားချွေးမနှစ်ယောက်အပေါ် ပြုလုပ်လေ့ ရှိသည့်အတိုင်း အမျိုးသမီးကျောက်ကို လိုက်နာတတ်ဖို့ ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ အော်ပစ် လိုက်ချင်သေးသည်။ ဒါပေမဲ့ သူမက အမျိုးသမီးကျောက်က ညအခါ ခင်ပွန်းဖြစ်သူကို အဆိပ်အတောက် ဖြစ်စေမဲ့ စကားတွေနဲ့ တိုးတိုးကပ်ချွဲကာ သူမနှင့် သူမအချစ်ဆုံးသားကို ဝေးကွာသွားအောင် လုပ်မှာကို ကြောက်သည်။

ဒေါသထွက်နေရင်း အမျိုးသမီးအိုကြီးက အသားဟင်းရည်ထဲ တူကို ထိုးထည့်ကာ အသားကြီးတစ်တုံးကို ဆယ်လိုက်ပြီး ပန်းကန်လုံးထဲ ပစ်ချလိုက်သည်..။ နင်က အသားမစားဘူးဆိုရင် ဒီမိန်းမအိုကြီးက စားပစ်လိုက်မယ်!...

သူမအဖွားအာရုံ တခြားရောက်နေတာကို ယွီရှောင်ချောင်း တွေ့တော့ အခွင့်ကောင်းယူကာ အသားတွေကို သူမအမေ၊ အစ်ကိုကြီး ၊ ရှောင်လျန် နှင့် ရှီထုန်လေးတို့ ပန်းကန်ထဲ မြန်မြန် ထည့်လိုက်သည်။

အမျိုးသမီးကျောက်က အသားမကြိုက်ဘူးဆိုပေမဲ့ တခြားမိသားစုဝင်တွေက အတူတူပဲလို့ မဆိုလို ဘူးလေ!...ဒီယွီမိသားစုက တစ်နှစ်မှာ အသား နှစ်ခါသုံးခါ စားရရင် ကံကောင်းတယ်လို့ သူတို့ဘာသာ ယူဆကြသည်။ ဒါကြောင့်မို့ ဝက်သားဟင်းကို တန်းဖိုးထားတတ်ကြသည်။ လျိုမုယွမ်က သူမအငယ်ဆုံးသမီးလေးက အသားမစားဘဲ ချွေတာနေသည်ကို မြင်သည်။ (စာရေးသူတစ်ခုပြောချင်ပါတယ် - အတွေးလွန်နေပြီအမျိုးသမီးလျိုရေ ချွေတာတာမဟုတ်ဘူး သူဘာသူမစားချင်လို့မစားတာ╥﹏╥)

ဒါပေမဲ့ အဖွားဖြစ်သူ ဒေါသထွက်နေတဲ့အချိန်မှာတောင် သူမ(အမျိုးသမီးလျို) ပန်းကန်ထဲကို ဟင်းထည့်ပေးဖို့ သတ္တိရှိသည်။ ဒီအသားတုံးလေးက အမျိုးသမီးလျို အတွက် မြိုချဖို့တောင် ခက်ခဲလာသည်။ သို့သော်လည်း သူမပြန်ထားဖို့ကြိုးစားလို့ သူမယောက္ခမက တွေ့သွားရင်လည်း သေချာပေါက် သူမကို ဆူအော်မှာ ဖြစ်သည်။

သူမအမေ တွေဝေနေတာကို သတိထားမိသွားတဲ့အခါ ရှောင်ချောင်းက အမျိုးသမီးလျိုနား နားကပ်ကာ တိုးတိုးလေးပြောလိုက်သည်။ "အမေ...သမီးက အော်ခံရတာသဘောမကျဘူး....အသားကို မြန်မြန်စားလိုက်..."

ရုတ်တရက်..သူမက သူမအဖွား စားနေရာမှ ခေါင်းမော့လိုက်တာကို သတိထားမိသွားသည်။ ယွီရှောင်ချောင်းက ပဲတောင့်ကြော် တစ်ချို့ကို အဖွားထဲ ထည့်ပေးလိုက်သည်ပြီး ပြုံးကာ

" အဖွား...ဝက်ဆီနဲ့ကြော်ထားတဲ့ ပဲတောင့်ကြော်စားကြည့်!...အဖွားကအသက်ကြီးနေတော့ ပိုစားသင့်တယ်.."

"ညည်းက ဉာဏ်များတဲ့ကလေးမပဲ...ငါ့ကို အသားများများစားဖို့ကျ ဘာလို့မပြောရတာလဲ...ငါတို့ခြံဝင်းတစ်ခုလုံးမှာ ပဲတောင့်ရှည်ပင်တွေနဲ့ပဲ ပြည့်နေတာ...ဟင်းကဘာမှ မထူးခြားဘူး!.." အဘွားကြီးကျန်း ဘယ်တော့မှ သူမစကားတွေကို မထိန်းချုပ်ထားပေ။ တစ်ပါးသူကြားဖို့မကောင်း ဖြစ်နေပါစေ သူမစိတ်ထဲရှိသမျှ အမြဲတမ်းနှုတ်မှ ထွက်စမြဲပင်။

အဲ့ဒီအပြောင်းအလဲအတွင်းမှာ အမျိုးသမီးလျိုနဲ့ သူမကလေးတွေက နှစ်သစ်ကူးနေ့မှာတောင် စားရခဲ့တဲ့အသားဟင်းကို ကမန်းကတန်း မျိုချလိုက်ကြသည်။ ယွီရှောင်ချောင်းက သူမတာဝန် ပြီးဆုံးသွားပြီဖြစ်တာကြောင့် ပဲစိမ်းကြော်တစ်ချို့ကို သပ်သပ်ရပ်ရပ်ယူကာ မုန့်ချပ်ဝိုင်းထဲ ထည့်ထုပ်ပြီး ပျော်ပျော်ရွှင်ရွှင်စားလိုက်သည်။

ပဲစိမ်းကြော်က ဆီပါးပါးလေး ရွှန်းစိုနေသည်။ ဝက်ဆီနံ့လေးက ပဲစိမ်းကြော်တစ်ခုစီမှာ စိမ့်ဝင်နေပြီး အလုတ်တိုင်းက အဆီရွှဲမနေပဲ အနံ့အရသာနှင့် ပြည့်စုံလှသည်။ အဘွားကြီးကျန်းကပင် ဟင်းရွက်ကြော်တစ်ချို့ ထပ်ယူသေးသည်။

သုန်သုန်လေးက အရွယ်ရောက်တဲ့ ကလေးလေးတစ်ယောက်လို စားပွဲမှာ ထိုင်နေပြီး ပါးစပ်ကို ဟကာ ခွံ့ကျွေးမှာကို စောင့်နေသည်။
ငါးဟင်းရည်နွေးနွေးလေးက နွားနို့ရောင်သန်းနေကာ အနံ့လေးက မွှေးကြိုင်နေသည်။

ငါးတုံးလေးတွေကလည်း အရိုးနှင့်စရာမလိုဘဲ နူးညံ့နေပြီး ထူးကဲတဲ့ ငါးစွပ်ပြုတ်အဖြစ် ပြည့်စုံလို့နေသည်။ ကောင်လေးက စွပ်ပြုတ်ကို ပျော်ရွှင်စွာ တရှုတ်ရှုတ်နဲ့ အသံမြည်အောင်

သောက်နေသည်။ ကောင်လေးက အရသာဂျီးများတတ်ပြီး အမျိုးသမီးကျောက်က ကလေးအစာစားဖို့
များစွာသော စမ်းသပ်မှုတွေ လုပ်ရသည်။ ဒီဟာက သူမသားကို အစာပိုစားစေသဖြင့် သူမရဲ့ အသားဟင်းကိုပင် ဖဲ့ကာထည့်ပေးလိုက်သည်။

ခုချိန်မှာ သူမသားက အစားကို လောဘတကြီးစားလျက်ရှိသည်။ သူမ ခွံ့တာ နှေးနေရင်တောင် ကောင်လေးက သူ့ပါးစပ်ကို ဟကာ "အာ....အာ..."ဟုအော်ကာ တောင်းဆိုလာသည်။ သူမသားက အများကြီး တောင့်တကာ စားနေတဲ့ မြင်ကွင်းက သူမကို အလွန့်အလွန် ပျော်ရွှင်စေသည်။

သူမ သားစားရတာကြိုက်တဲ့ ငါးဟင်းရည်ကို ယွီရှောင်ချောင်းက ပြုလုပ်ခဲ့တာကြောင့် အမျိုးသမီးကျောက်ရဲ့ မိန်းမငယ်လေးဆီ မျက်နှာသာပေးမှုက သိသာလည်စွာ ပိုတိုးလာသည်။ ယွီချိုင်သျဲ့မှလွဲ၍ ယွီရှောင်ချောင်းသည် ယွီမိသားစုတစ်ခုလုံးတွင် အမျိုးသမီးကျောက်က စကားပြောရန်ဆန္ဒရှိသော တစ်ယောက်တည်းသောသူဖြစ်သည်။

အဘွားကြီးကျန်းက သူမမျက်နှာမှာ အလွန်ပြောင်မြောက်တဲ့ အပြုံးလေးချိတ်ဆွဲကာ သူမရဲ့ အငယ်ဆုံးမြေးလေးကို ကြည့်လိုက်ပြီး
"အဖွားမြေးလေးက ငါးစွပ်ပြုတ်သောက်ရတာ ကြိုက်တော့ အဖွားပန်းကန်ကို မြေးလေးအတွက် ချန်ထားပေးမယ်..."

အမျိုးသမီးကျောက် သိမ့်မွေ့သောအမူအယာနှင့် သူမကို ကြည့်လိုက်ပြီး ချိုသာစွာပြောလိုက်သည်။
" သုန်သုန်က အိမ်မှာ အများကြီး စားလေ့မရှိဘူး...ပြည့်အင့်နေအောင် အများကြီးမကျွေးရဲဘူး..."

ဒါကို ကြားတဲ့အခါ အဘွားကြီးကျန်းက ဆက်မပြောတော့ပဲ သုန်သုန် အစားစားနေတာကို ကြည့်ကာ ပြုံးနေလိုက်သည်။ သူမစားဖို့တောင်မေ့နေသည်။ ရှောင်ချောင်းက သူမဘေးက ငါးစွပ်ပြုတ်ကို ဆူညံစွာ သောက်နေတဲ့ မောင်ငယ်လေးကို ကြည့်လိုက်သည်။ ရှီထုန်လေးက အဖွားကျန်းရဲ့မြေးထက် အသက်အနည်းငယ်ပဲ ကြီးသည်။ ဒါပေမယ့် ကလေးနှစ်ယောက်ကို ခွဲခြားဆက်ဆံနေတာ အသိသာပင်။ ဒါက သူမမောင်ငယ်အတွက် သူမကို ရင်နာစေသည်။

တခြားတစ်ဖက်မှာလည်း ရှီထုန်လေးက သူ့အဖွားရဲ့ အေးစက်စက်အပြုအမူကို ကျင့်သားရနေပြီး ဖြစ်သည်။ သူက သူ့နေလယ်စာကိုသာ အာရုံရောက်နေသည်။ ဒီနေ့အစားအစာတွေက ပုံမှန်ထက်ပို တန်ဖိုးကြီးနေသည်။ သူရဲ့ ဒုတိယအစ်မက အမေ့ထက် အချက်အပြုတ်ပိုတော်သည်။

အစားအသောက်အတွက် ရန်ဖြစ်နေကျ ဟိန်ဇီ မရှိတော့ ဒီအခြေအနေကို အခွင့်ကောင်းယူကာ သူ ပိုစားသင့်သည်။

ထမင်းစားပွဲက အမျိုးသားတွေကလည်း စိတ်ပါလက်ပါ စားသောက်နေကြသည်။ အဖိုးယွီပင် သာမန်ထက် မုန့်နှစ်ချပ် ပိုစားသည်။ ယွီဟိုင်က သူ့သမီးငယ်လေး ချက်ထားတာကို စပြီးချီးကျူးတော့သည်။

"ဒီနေ့ အသီးအရွက်တွေက အသားဟင်းတွေလိုပဲ တော်တော်အရသာရှိတယ်... အဖေ.....အဖေလည်း ဒီလိုတွေးမိတယ်မို့လား...."

အပိုင်း၂၆ (ဂုဏ်သိက္ခာ)

အဘိုးယွီက ခရမ်းသီးဆီမွှေးသပ်ကို နောက်တစ်ကြိမ် ယူစားလိုက်တယ်။ သူ့ရဲ့သွားတွေ စကျိုးနေပြီဖြစ်တဲ့အတွက် ခရမ်းသီးမွှေကြော်လို နူးညံ့တဲ့အစာပျော့တွေစားရတာကိုပဲ နှစ်သက်တော့တယ်။

ဒါကြောင့် သူကိုယ်တိုင်ပင်မသိလိုက်ဘဲ ခရမ်းသီးဟင်းပန်းကန်ရဲ့ တဝက်ခန့်ကို တစ်ယောက်ထဲစားလိုက်မိတယ်။

ယွီဟိုင်ရဲ့ထင်မြင်ချက်ကို ကြားတဲ့အခါမှာတော့ ချီးကျူးဖို့ မတွက်ကပ်တတ်တဲ့ အဘိုးယွီက

"မှန်ပါ့ မှန်ပါ့၊ အရသာတယ်ရှိပါ့ရော! ငါတို့ရှောင်ချောင်းက တကယ်အရည်အချင်းရှိတာပဲ၊ သူ့အမေထက်တောင် ဟင်းချက်လက်ရာတော်နေသေးတယ်၊ ရှောင်ချောင်းအမေက သူ့ကိုသေချာသင်ပေးထားတာပဲ၊ ဘာပါလိမ့် နာမည်ကြီးတဲ့ ဆိုရှိုးတစ်ခုရှိတယ်လေ....ဆရာထက်တပည့်က လက်စွမ်းထက်တယ်ဆိုတာ၊ တတိယသား အဲ့လိုဟုတ်တယ်မလား"

အဘိုးယွီက သူမှတ်မိတဲ့ စကားတစ်ခုအတွက် ကိုယ့်ကိုယ်ကို အထင်ကြီးသလိုခံစားလိုက်ရတယ်။ သူ့မုတ်ဆိတ်မွှေးတွေကို သပ်ကာ သေရည်တစ်ငုံသောက်လိုက်ပြီး ကျေနပ်သလိုလေးပြုံးတယ်။ ယွီမိသားစု ပီသချက်ကတော့!

"အဖေပြောတာမှန်တယ်၊ ဒါပေမယ့် ရှောင်ချောင်းချက်တဲ့ ဟင်းတွေက အကုန်ဆီနဲ့ ကြော်ထားတာတွေလေ ပုံမှန်ဆို အဖေတို့က အသီးအရွက်တွေကို ဘာဆီမှမပါဘဲ ဆားနဲ့ ပြုတ်လိုက်တာပဲမလား၊ ဒီတော့ ဆီနဲ့မွှေကြော်သလိုတော့ ဘယ်စားကောင်းပါ့မလဲ၊ နောက်ကျရင်လည်း ဒီလိုမျိုးဆီနဲ့ပဲ ချက်စားသင့်တယ်"

မိဘအိမ်မှာ စိတ်ကျေနပ်စရာကောင်းတဲ့ ထမင်းတစ်နပ် သုံးဆောင်ပြီးချိန်မှာတော့ တတိယသားယွီပေါ်ရဲ့စိတ်တွေ ရွှင်လန်းနေပြီး သူ့အဖေရဲ့ခွက်ထဲကို သေရည်ငှဲ့ပေးလိုက်တယ်။

အဘိုးယွီက သူ့သားစကားကို ခေါင်းရမ်းလိုက်ရင်း "မင်းအမေအကြောင်းလည်း သိရဲ့သားနဲ့ကွာ...ငါတို့သာ ဝက်ဆီလုပ်ဖို့ ဝက်သားနေ့တိုင်းဝယ်ရရင် သူ့ရဲ့ကပ်စီးနဲ့တဲ့ နှလုံးသားက သူ့အသားလှီးတာထက်တောင် ပိုနာနေအုံးမယ်"

ဒီတစ်ခါမှာတော့ ယွီဟိုင်က ဝင်ပြောလိုက်တယ်။ "ကျွန်တော်တို့ ဝက်ဆီအစား ဟင်းရွက်ဆီ သုံးလို့ရတာပဲ ကျွန်တော်တို့မှာ မနှစ်ကစုထားတဲ့ ပဲတွေရှိသေးတယ်မလား၊ အဲ့တာတွေကို ကြိတ်ဆုံဆီ သွားကြိတ်ပြီး ဟင်းချက်ဖို့အတွက်သုံးရင်ရော...ဆီဆိုမှတော့ ဘယ်ဆီနဲ့ချက်ချက် အရသာကောင်းမှာပါ"

ပိုက်ဆံအစား ပဲကိုသုံးရင်တော့ ခွင့်ပြုလောက်မလား?... အဘိုးယွီက သူ့ဇနီး၏လက်ခံနိုင်ခြေကို တွက်ချက်ကြည့်လိုက်တယ်။

ယွီပေါ်က အိမ်သားတွေအားလုံး ဆီနဲ့ချက်တဲ့ဟင်းတွေကို ပျော်ရွှင်စွာစားနေတာ မြင်ရတဲ့အခါ သူတို့အခြေအနေကို ထပ်စဉ်းစားကြည့်မိတယ်။ ပြီးတော့ ခံစားချက်တွေကို မမြိုသိပ်နိုင်ဟန်နဲ့ လက်ထဲကတူကိုချလိုက်ရင်း သူ့အဖေကို တိုက်တွန်းလိုက်တယ်။

“အဖေ…တကယ်လို့သာ လူတွေက ကျွန်တော့်ပညာရေးအတွက်နဲ့ အိမ်သားတွေက ဆီပုလင်းလေး တစ်လုံးတောင် အခက်အခဲဖြစ်နေတယ်ဆိုတာ သိကြရင် ကျွန်တော်စာရောဆက်သင်ဖို့သင့်ရဲ့လား၊ တယောက်ယောက်က ဒါကိုသိမသွားနိုင်ဘူးလား၊ အဖေ အမေ့ကိုသိပ်ကပ်စီးမနဲဖို့ နားချပေးပါဗျာ၊ ကျောင်းက လူတချို့ကတောင် ကျွန်တော့်နောက်ကွယ်မှာ အတင်းပြောကုန်ကြပြီ…”

စာသင်သားတွေအတွက် တန်ဖိုးအထားဆုံးအရာက သူတို့ရဲ့ ‘ဂုဏ်သိက္ခာ’ သာဖြစ်တယ်။

‘သူကတော့ မြို့ကြီးပေါ်မှာ အိမ်ကောင်းကြီးနဲ့နေ၊ အစားကောင်း အသောက်ကောင်းတွေ စားလို့ သူ့အိမ်ကလူတွေကတော့ တနေ့တနေ့ ဆန်ကြမ်းဘိန်းမုန့်ကိုတောင် အရေအတွက်ကန့်သတ်ပြီး စားနေရတာတဲ့…’

ထိုကဲ့သို့ သူရဲ့မကောင်းသတင်းတွေကို ယွီပေါ်ကြားရပြီးဖြစ်သည်။ သူဒီတစ်ခေါက် အိမ်ပြန်လာခြင်းရဲ့ အဓိကရည်ရွယ်ချက်က သူ့အမေကို သူ့တစ်ယောက်အတွက်နဲ့ ပိုက်ဆံကို မနမြောဖို့နားချရန်နှင့် သူ့ကို သိက္ခာချနေတဲ့ အတင်းအဖျင်းတွေကို ရပ်တန့်ရန်သာဖြစ်တယ်။ ဒါပေမယ့် သားဖြစ်သူပီပီ သူ့အမေ အမျိုးသမီးကျန်းရဲ့ ဒေါသကိုသိတဲ့အလျောက် ဖအေဖြစ်သူနဲ့သာ ဆွေနွေးကြည့်လိုက်တယ်။

ထိုအဘွားကြီးက ငွေစတစ်ပြားကုန်ကျတဲ့ပစ္စည်းကိုတောင် တစ်ဝက်ဈေးနဲ့လိုချင်တဲ့သူဖြစ်သည်။ သူမက မိသားစုတွေပေါ်သာမက ကိုယ့်အတွက်ကိုယ်ပင် နှမြောတွန့်တိုတတ်ပြီး အမြဲတမ်း ထမင်းဝိုင်းတွင် တစ်ယောက်ကို မည်မျှသာစားရမည်ဟု သတ်မှတ်ထားတတ်သည်။ ဒုတိယသားရဲ့ ကလေးတွေက အရိုးပေါ်အရေတင်၊ လမ်းလျှောက်လျှင်ပင် မူမမှန်ချင်တဲ့အထိ အာဟာရချို့တဲ့မှုရဲ့ ချောက်ကမ်းပါးစွန်းမှာ ရောက်နေကြပေမယ့်… သူ့သားအငယ်ဆုံးရဲ့ ပညာရေးအတွက် အဘိုးယွီက သူ့ဇနီးရဲ့ အစွန်းရောက် ကပ်စီးနဲမှုတွေကို မျက်ကွယ်ပြုထားရတယ်။

တကယ်လို့ သူမရဲ့ ကပ်စီးနဲမှုတွေကသာ သူ့သားရဲ့ဂုဏ်သိက္ခာကို ထိခိုက်တယ်ဆိုရင် ဒါတွေအကုန် ရပ်ဖို့လိုအပ်လေပြီ! သူတို့ရဲ့ သားအငယ်ဆုံးက အရာရှိဖြစ်ဖို့ ကံပါလာပေမယ့် သူ့အမေရဲ့ ကပ်စီးနဲမှု ကြောင့်သာ စွန့်လွှတ်လိုက်ရမယ်ဆိုရင် ဒါကလုံးဝကို စိတ်ပျက်ဖွယ်ရာပဲ။ နောက်ဆုံးတွင် အဘိုးယွီက အဖြေတစ်ခုကို ချမှတ်လိုက်ပြီး သူ့ဇနီးကို ဒီအကြောင်းတွေပြောပြဖို့ ဆုံးဖြတ်လိုက်တယ်။

အဲ့ဒီည မီးအိမ်ရဲ့အလင်းရောင်အောက်မှာ အသက်ကြီးစုံတွဲနှစ်ယောက် သူတို့ရဲ့အခြေအနေတွေကို အကြိတ်အနယ် ဆွေးနွေးခဲ့ကြတယ်။ အဘွားကြီးကျန်းလည်း သူမသားကောင်းကျိုးအတွက် မငြင်းသာဘဲ လက်ခံလိုက်ရတယ်။ နောက်တနေ့မှာ သူမကိုယ်တိုင် ဆီကြိတ်ဆုံသို့သွားပြီး ပဲအိတ် တဝက်နဲ့ ဆီအပြည့်တစ်ချိုင့်ကို လဲလှယ်ခဲ့တယ်။ ဒါ့အပြင် လူတစ်ယောက်ကို ဆန်ကြမ်းဘိန်းမုန့် ဘယ်လောက်ပဲစားရမယ်ဟုလည်း မထိန်းချုပ်တော့ပေ။

အဘွားကျန်းရဲ့ ပြင်းထန်တဲ့ ထိန်းချုပ်မှုတွေ မရှိတော့တဲ့အခါ အိမ်အတွက် သိုလှောင်ထားတဲ့ စားစရာတွေဟာ အရင်ကထက်လျင်မြန်စွာ ကုန်ဆုံးလာခဲ့တယ်။ အဘွားကျန်းက တိုးများလာတဲ့ အိမ်သုံးစရိတ်တွေကို ကြည့်ပြီး စိတ်နှလုံးတုန်လှုပ်ကာ စိတ်ထဲကအော်ရင်း ကျိန်ဆဲလိုက်သည်။ 'ဘယ်သူကများ အားအားယားယား သူများသားအကြောင်းမဟုတ်တာတွေ လျှောက်ပြောနေပါလိမ့်၊ အဲ့ဒီလူရဲ့လျှာ ကြွက်ကိုက်သွားပါစေတော်!'

ဒီပြောင်းလဲမှုအတွက် အကျိုးအရှိဆုံးသူမှာတော့ ယွီရှောင်ချောင်းနဲ့ သူမမိသားစုတစ်တွေပဲ ဖြစ်သည်။ အနည်းဆုံးတော့ ယခုတွင် မိသားစုထဲရှိ ကြီးကြီးငယ်ငယ်မရွေး ဗိုက်ပြည့်သည်အထိ စားနိုင်ပြီပဲ ဖြစ်သည်။ ဒါ့အပြင် ယွီရှောင်ချောင်းက သူမအဖေရလာတဲ့ သားကောင်တွေကို မကြာခဏဆိုသလို ဖြတ်ဖြတ်ခုပ်ထားတတ်တယ်။ ဒီလိုနဲ့ ဒုတိယအိမ်ခွဲမှ မိသားစုဝင်တွေလည်း တဖြည်းဖြည်း ပြည့်ဖြိုး လာကြတော့တယ်။

ဒါအမှန်ပဲ! ယွီရှောင်ချောင်းရဲ့ ကျွမ်းကျင်စနစ်ကျတဲ့ ပူဆာနည်းတွေနဲ့ သနားစဖွယ် တိုးလျှိုးမှုတွေ အောက်မှာ သမီးရူးယွီဟိုင်တစ်ယောက် လက်မြှောက်အရှုံးဖို့သာ တတ်နိုင်သည်လေ။ သူ့အမဲလိုက်က ပြန်လာချိန်တိုင်း အသားအပေါ်ဆုံးအကောင်ကို အဦးဆုံးရွေးယူရန် တောင်ခြေမှာ ရှောင်ချောင်းက အမြဲစောင့်နေလျက်သား။ ပြီးတော့ လူမမြင်နိုင်တဲ့ ချိုင့်ဝှမ်းထဲသို့သွားကာ အသားကို ကင်ရင်ကင် ဒါမှမဟုတ် အိုးတွင်ပြုတ်ပြီးမှ အိမ်စားဖို့ယူသွားသည်။

တခါတလေ ကျောက်ဟန်က သူဖမ်းမိတဲ့အသားတချို့ကို သူတို့အတွက် ခွဲပေးသေးသည်။ ဒါ့အပြင် သူတို့တွေ ချောင်းထဲက သေးငယ်ဖြူဖွေးတဲ့ ငါးတွေကိုလည်း မကြာခဏဖမ်းကြသည်။ လူအများ အတွက် ထိုငါးရိုင်းတွေက ချော်ချော်ချွတ်ချွတ်နဲ့ ဖမ်းရခက်ပေမယ့် ရှောင်ချောင်းကတော့ အခက်အခဲမရှိ ဖမ်းနိုင်တဲ့အတွက် ကျောက်ဟန်စိတ်ထဲပင် ထူးဆန်းနေတော့တယ်။ ကလေးမလေး တစ်ယောက်က ဒီလို ငါးဖမ်းတတ်လိမ့်မယ်လို့ သူတစ်ခါမှ တွေးမကြည့်ခဲ့မိဘူးလေ။

မြီးကောင်ပေါက်အရွယ်လူငယ်တွေက လူကြီးတွေထက်စားနိုင်ကြပေမယ့် ပင်လယ်နားရှိ ငါးဖမ်းရွာလေးတွေက ယောကျ်ားလေးမိန်းကလေးတွေကတော့ ပင်လယ်စာစုဆောင်းခြင်းနဲ့ ဥယျာဉ်ခြံထိန်းသိမ်းခြင်းတို့ကလွဲ၍ သိပ်အသုံးမဝင်ကြပေ။

သူမသားအငယ်ဆုံးရဲ့ ဂုဏ်သိက္ခာနဲ့ အနာဂတ်အတွက် အိမ်ရဲ့စားသောက်စရိတ် တိုးလိုက်ရသည့်အခါမှစ၍ အဘွားကြီးကျန်းရဲ့ စိတ်တွေသိသိသာသာ ပူလောင်လာတော့တယ်။ နှစ်လအတွင်းမှာပင် အိမ်သုံးငွေက အရင်ကထက်နှစ်ဆဖြစ်နေတယ်။ တိုးလာတဲ့အသုံးငွေကိစ္စနဲ့

သွေးဆုံးကိုင်ချိန်ဝင်ခါစနဲ့ ပေါင်းမိတဲ့အခါမှာတော့ အဘွားကြီးကျန်းသည် မြင်မြင်သမျှကို မုန်းတီးလာတော့သည်။ ယောကျ်ားသားတွေ ပင်လယ်ဘက်သွားသည့်အချိန်တွင် ချွေးမတွေကို ဆူဆဲမနေရရင် ကလေးတွေကို ရိုက်နှက်နေတော့တယ်။ မဆုံးနိုင်တဲ့မကျေနပ်ချက်တွေက သူ့ပါးစပ်က တရစပ်ထွက်နေတော့တယ်။

ထမင်းစားချိန် ယောကျ်ားသားများရှေ့မှာသာ သူမရဲ့ဆူပူသံတွေ ခဏရပ်တော့တယ်။ ဒါပေမယ့် သူ့မျက်လုံးတွေကတော့ ဓားတစ်ချောင်းလိုပဲ ဘေးပတ်ဝန်းကျင်ကို ပတ်ရမ်းနေတတ်တယ်။ မုန့်တစ်ချပ် အပိုကောက်တဲ့ ဘယ်သူမဆို သူ့ရဲ့မုန်းတီးတဲ့အကြည့်ကြီးနဲ့ ကြည့်ခံရမည်သာဖြစ်သည်။ သူရဲ့ချွေးမတွေနဲ့ သူတို့ရဲ့သောက်ကလေးတစ်သိုက် ကိုယ့်အသိစိတ်နဲ့ကိုယ် နည်းနည်းပဲစားပါစေလို့ မျှော်လင့်ပေမယ့် အချည်းနှီးသာဖြစ်တယ်။

အကြီးဆုံးချွေးမဆိုရင် အသိစိတ်ဆိုတာ သူ့မျက်နှာကို ဖြတ်ရိုက်သွားရင်တောင် သိမှာမဟုတ်ပေ။ စားပွဲပေါ်မှာ စားစရာရှိနေသရွေ့ ပါးစပ်နဲ့အစားမပျက်။ သူရဲ့အကြီးဆုံးမြေးကလည်း သူ့အမေရဲ့အမွေကို ဆက်ခံထားသလိုပဲ အစားဆိုရင် ငတ်မွတ်နေတဲ့ သတ္တဝါတစ်ကောင်လိုစားတယ်။

ဒုတိယချွေးမကတော့ အားနွဲ့ပြီးရှက်တတ်တဲ့သူဖြစ်ပေမယ့် သူ့သမီးနှစ်ယောက်ကတော့ သူ့အမေနဲ့ လုံးဝမတူ။ အဘွားကြီးကျန်းရဲ့ မျက်လုံးတွေထွက်ကျလုမတတ် စူးစိုက်တဲ့ အကြည့်တွေ ပေးပေမယ့် သူတို့နှစ်ယောက်ကတော့ ဘာမှမဖြစ်သလိုပင် သူ့ကို လျစ်လျူရှုထားကြလေတယ်။ သူတို့အမေအတွက် ဘိန်းမုန့်ထည့်ပေးရင်ပေး၊ မဟုတ်ရင် အစ်ကိုနဲ့မောင်အတွက် အသီးအရွက်တွေ ထည့်ပေးနေကြတယ်။

အခုဆိုရင် သူတို့ရဲ့ဟင်းတွေမှာ ဆီလေးပါလာပြီဖြစ်တဲ့အတွက် ကြော်ကြော်ချက်ချက် အရသာက အလွန်ကောင်းမွန်လာတယ်။ ထမင်းပွဲတိုင်း အကြီးဆုံးသားမိသားစုရဲ့ ဦးဆောင်မှုနဲ့ အစားအသောက်လုပွဲကြီး တစ်ခုလိုဖြစ်လာတယ်။ လက်နှေးတဲ့သူကတော့ အကပ်အကျန်လေးတောင် လွှျက်လိုက်ရမှာမဟုတ်ပေ။

မလောက်လေးမလောက်စား ကလေးမနှစ်ယောက်ရဲ့ လက်တွေကလည်း အရိပ်လေးပဲ မြင်ရတဲ့အထိ လျင်မြန်လှတယ်။ သူတို့ရဲ့လက်တွေ ရပ်သွားတဲ့အချိန်မှာတော့ ဟင်းတစ်ခါမှမနှိုက်ဝံ့တဲ့ ရှက်ကြောက်တတ်တဲ့ သူတို့အမေ၊ အနေအေးတဲ့ အစ်ကိုဖြစ်သူနဲ့ အငယ်ဆုံးမောင်လေးတို့ရဲ့ ပန်းကန်တွေမှာ ဟင်းတွေအပြည့်ဖြစ်နေပြီပဲဖြစ်တယ်။ သူ့မြေးမနှစ်ယောက်က သူတို့ မိသားစုဝင်တွေအတွက် ဟင်းထည့်ပေးသေးတဲ့အပြင် ကိုယ်တိုင်ကလည်း အစားကြီးကြသေးတယ်။ ဒါတွေအားလုံးကိုကြည့်ပြီး အဘွားကြီးကျန်းရဲ့ နှလုံးသားတွေနာကျင်နေတယ်။

အရင်ကဆို မလိမ္မာတဲ့ ရှောင်လျန်တစ်ယောက်ကို အချက်အနည်းငယ် ရိုက်လိုက်ရုံနဲ့ စကားနားထောင်အောင် လုပ်ဖို့လွယ်ပေမယ့် အခုက နောက်ထပ်ပြဿနာအိုး ယွီရှောင်ချောင်း။ အဲ့ဒီချွေးမလေးကိုတော့ ကျန်းမာရေးအခြေအနေကြောင့် ဒဏ်ပေးဆုံးမဖို့ခက်နေတယ်။

လေည်မလေးကို ရိုက်ဖို့မပြောနဲ့ အော်လိုက်တာလေးကတောင် သေမလိုမေ့လဲသွားတဲ့အထိ သူ့ကို ကြောက်လန့် သွားစေနိုင်သည်လေ။

သူမ တတိယသားတို့မိသားစု မပြန်ခင်အချိန် ဖြစ်ခဲ့တဲ့အဖြစ်အပျက်က အကောင်းဆုံး ဥပမာပဲ။ ပေါက်စီတွေအပြည့်ပါတဲ့ ပေါင်းခံခြင်းသုံးခုကို စားပွဲပေါ်လာချတဲ့အချိန်မှာ ခွေးမလေးက ချက်ချင်းပဲ သူ့အမေကို တစ်လုံးပေးလိုက်တယ်။ ပြီးတော့ ထိုင်တောင်မထိုင်ရသေးတဲ့ သူ့အစ်ကိုနဲ့မောင်ကိုပါ ကမ်းပေးလိုက်သေးတယ်။ သူကိုယ်သူ ဒီအိမ်ရဲ့ သခင်မလိုပုံစံနဲ့!

အဘွားကျွန်း ဒီလိုသိသိသာသာကြီး လွန်ကြူးလာတာတွေကို တကယ်သည်းမခံနိုင်ခဲ့ပေ။ သူမရဲ့စရိုက်က ဒီလိုမခန့်လေးစားလုပ်တာကို လွယ်လွယ်နဲ့ကျော်ပေးမယ့်သူမျိုး မဟုတ်တာကြောင့် ဒေါသတွေမီးတောက်သွားပြီး သစ်သားစားပွဲခုံကို လက်နဲ့ဖြန်းခနဲ ရိုက်ချလိုက်တယ်။ ဒါပေမယ့် အဘွားကြီးကျွန်း အော်ပင်မအော်လိုက်နိုင်ခင်မှာပဲ ထိုခွေးမလေးရဲ့ မျက်လုံးတွေမှိတ်ကျသွားပြီး မေ့လဲသွားတော့တယ်။

အပိုင်း ၂၇ ( အလုပ်သင် )

အရာအားလုံးက ပရမ်းပတာတွေအဖြစ် ပြောင်းလဲသွားတယ် ။ တစ်ယောက်က ဆေးသွားဝယ်နေတုန်း နောက်တစ်ယောက်က ဆရာဝန်ကိုပြေးခေါ်ရတယ် ။ ဒါကြောင့် အဘွားကြီးကျန်းရဲ့ပိုက်ဆံအိတ်ထဲက ပိုက်ဆံ ရာနဲ့ချီပြီးထွက်သွားတယ် ။ ပိုက်ဆံကုန်တာတောင် ဆိုးလှပြီဟာကို သူမ ယောက်ျားက သူမကို ဆွဲခေါ်သွားပြီး အတော်ကြာငေါက်ငမ်းဆူပူသေးတယ် ။ ဒါတင်မက တတိယသားတို့ မိသားစု မြို့ကိုထွက်မသွားခင်အထိ ချွေးမအငယ်ဆုံးက သူမကို အထင်သေးသလို ကြည့်သွားသေးတာ ။

အဲ့ဒီနောက်မှာတော့ အဘွားကြီးကျန်းက သူမရဲ့ မြိုသိပ်ထားတဲ့ ခံစားချက်တွေကြောင့် ဝမ်းနည်းပူဆွေးစိတ်ဓာတ်ကျပြီး နာမကျန်းဖြစ်လုနီးပါးပဲ ။ အဲ့ဒီအချိန်ကစပြီး အဘွားကြီးကျန်းက လူကြီးကို လူကြီးမှန်းမသိတဲ့ ကလေးမ ရှောင်ချောင်းကို မမြင်သလိုပဲ ဟန်ဆောင်နေလိုက်တယ် ။ အဲ့ဒီကလေးမလေး ဘာတွေပဲဖြစ်နေဖြစ်နေ အဘွားကြီးကျန်းက သူဘာမှမမြင်သလိုပဲ လျစ်လျူရှု နေလိုက်တော့တယ် ။ ဒါပေမယ့် ကံကောင်းတာက အဲ့ဒီကလေးမစုတ်လေးဟာ ထမင်းစားချိန်ကလွဲ သူ့ဟာသူနေနေပြီး ဘာပြဿနာမှ မဖြစ်တော့ အဘွားကြီးကျန်းအတွက် အဆင်ပြေနေသည် ။

ပိုက်ဆံခြွေတာဖို့အတွက် သူမ ဘာမဆို သည်းညည်းခံရမယ် !!

“ အမေရေ !! အမေ !! "

အမျိုးသမီးလီရဲ့ ဖိုးဝရုပ်လို ဝတုတ်တုတ်ခန္ဓာကိုယ်ကြီးက အပြင်ကနေ ခြံဝင်းထဲကို ကမန်းကတမ်းဝင်လာတယ် ။ ဒီဖက်တီးမကြီးက တံခါးခုံ(ဖိနပ်ချွတ်နေရာ) ကို အလောတကြီး ကျော်ဝင်လာတာကြောင့် ခလုတ်တိုက် လဲကျတော့မလိုတောင်ဖြစ်သွားတယ် ။

အထဲရောက်တော့ အမျိုးသမီးလီက ခြံဝင်းပတ်လည်ကို ‌တောက်ပြောင်အကြည့်နဲ့ ပုန်းလျှိုးကွယ်လျှိုး အကဲခတ်လိုက်ပြီးနောက် အဘွားကြီးကျန်းကို နီးစပ်ရာ အခန်းတစ်ခုဆီ ခေါ်သွားတယ် ။

ပြီးနောက်သူက အဆန်းတကြယ် ဆိုတယ် ။

" အမေ ဒီရက်ပိုင်း ကျွန်မတို့အိမ်မှာ ပိုက်ဆံတွေအများကြီး ထွက်သွားတယ်မလား ? ကျွန်မ အမေ့အတွက် စိတ်မကောင်းလိုက်တာ... ဒုတိယမိသားစု တစ်ခုလုံးက အိမ်မှာ တကယ်ကို အစား သောင်းကျန်းတယ် ... သူတို့ကလေး,လေးယောက်ဆို တစ်ခါစားရင် လူကြီးသုံးယောက်ပေါင်း စားသလောက်ကို စားတာ ! "

ဒီစကားကြားတော့ အဘွားကြီးကျန်း ဒေါသထပ်ထွက်သွားပြီး ညည်းညူလျက် အမျိုးသမီးလီရဲ့စကားကို ထောက်ခံလိုက်တယ် ။

" အမှန်ပဲ ! ဆန်ကြမ်းတစ်အိတ်ဆို ခဏလေးနဲ့ တင်ကုန်တာ... ဒီအိမ်မှာ ငွေတွေထွက်လိုက်တာမှ မြစ်ထဲကရေတွေလိုပဲ တဝေါဝေါနဲ့... ငါသွေးတက်လိုက်တာ... ဒုတိယသားရဲ့ မိန်းမက အပိုးကျိုးလာပေမယ့် အိမ်ရဲ့ ဝန်ထုတ်ဝန်ပိုးလျှော့အောင်တော့ ဘယ်လိုလုပ်များ မလုပ်တတ်ရတာလဲ ? "

အဘွားကြီးကျန်းက ကိုယ့်ပေါင်ကို တဖြောင်းဖြောင်းရိုက်ရင်း အားမလိုအားမရဆိုလေတယ် ။ မျက်နှာကလည်း မကျေမချမ်းမှုကြောင့် ရှုံ့တွလို့နေတယ် ။

အမျိုးသမီးလီက ကိုယ်ချင်းစာတဲ့ လေသံနဲ့

" အဲ့တာပြောတာ ! ဒုတိယသားရဲ့မိန်းမက အပြင်ပန်းကသာ အလုပ်များချင်ယောင်ဆောင်နေတာ... အမလေး သူကလေ အပြင်လူတွေကိုတောင် အိမ်မှာ သူတစ်ယောက်တည်း အလုပ်တွေ သိမ်းကျုံးလုပ်ရပါတယ်ဆိုပြီး လျှောက်ပြောသေးတာ... ဒါကြောင့် သူ့ကို တာဝန်ကျေတဲ့ဇနီးလို့ မမြင်ကြတဲ့ အပြင်လူ ဘယ်သူများရှိလို့လဲ ? ကျွန်မကိုကျတော့ ပျင်းမတဲ့ ! ကျွန်မ အပြောခံရတာအရေးမကြီးပါဘူး ဒါပေမယ့် သူကလေ အမေ့ကိုပါ သူများတွေအမြင်မှာ ချွေးမကို မညှာမတာခိုင်းစားတဲ့ မိစ္ဆာမကြီးလို မြင်အောင် လျှောက်ပြောထားတာ ! "

အဘွားကြီးကျန်းက ဒီစကားကြားတော့ အံကိုတင်းတင်းကြိတ်ပြီး ဒေါသသံနဲ့ ကြုံးဝါးလိုက်တယ် ။

" ဒီ အယုတ်တမာမ ! သူက ဒီလိုတောင် အငြိုးထားတဲ့မိန်းမအဖြစ် ပြောင်းလဲသွားပြီပေါ့လေ ငါသူ့ကိုအကောင်းမြင်ပေးတာ မှားမိတာပဲ ! "

သူမရဲ့ သွေးထိုးအကောက်ကြံမှု အောင်မြင်တာ တွေ့ရတော့ အမျိုးသမီးလီက ဒီကိုလာရခြင်းရဲ့ အဓိက အကြောင်းမှန်ဆီ ဦးတည်လိုက်တယ် ။

" အမေ သူဒီလိုတွေလုပ်နေတဲ့ တစ်ခုတည်းသော အကြောင်းက သူ့မှာ ကလေးတွေ အများကြီး ရှိနေလို့ပဲ... ကလေးတွေဆိုတာ အနာဂတ်မှာ ကိုယ့်အပေါ် ထောက်ပံ့ပေးမယ့်သူတွေလေ ဟုတ်တယ်မလား သူဒီလို ထောင်ထောင် ထောင်ထောင် လုပ်နေတာတွေ ရပ်သွားအောင်လုပ်ဖို့ ကျွန်မမှာ အရမ်းကောင်းတဲ့ နည်းလမ်းတစ်ခုရှိတယ် "

" သူ့မှာကလေးတွေ အများကြီးရှိတဲ့အကြောင်းက သူက ကလေးကောင်းကောင်းမွေးနိုင်နေလို့လေ... ဟိုက ညည်းလို ဥတစ်လုံးပဲဥ နိုင်တဲ့အမျိုးမှ မဟုတ်တာ !! "

အဘွားကြီးကျန်းက သူရဲ့ အကြီးဆုံးချွေးမ ကလေးတစ်ယောက်ပဲ မွေးပေးနိုင်လို့ အမြဲ ခါးသက်သက်ခံစားရတယ် ။ ထားပါ အခုက ဒီကြောင်းဆက်ပြောရမယ့် အချိန်မဟုတ်သေးဘူး ။အဘွားကြီးကျန်းက အစောက အမျိုးသမီးလီစကားကို ဆက်မေးလိုက်တယ် ။

" ဘယ်လိုနည်းလမ်းလဲ ? ပြောကြည့်စမ်း! "

“ အနောက်ဘက်အိမ်မှာရှိတဲ့ ကျွန်မအစ်ကိုကပြောတယ် မြို့ထဲက လက်သမားဆိုင်တစ်ဆိုင်မှာ အလုပ်သင်ခေါ်နေတယ်တဲ့... ဒုတိယ မိသားစုက ရှောင်ရှက အသက်လည်းမငယ်တော့ဘူး အဲ့တော့ သူ့ကို ကျွန်မတို့နဲ့ဝေးရာမှာ အလုပ်သင်အဖြစ် နေခိုင်းလိုက်ရင်ရော... အဲ့လိုဆို အိမ်မှာလည်း လူတစ်ယောက်စာ စားစရိတ်လျော့သွားမယ် နောက်ပြီး အနာဂတ်မှာလည်း သူက လက်မှုပညာသည်အဖြစ် အသက်မွေးလို့ရတယ် "

အမျိုးသမီးလီက ပြောချင်ဇောအားကြီးနေတာကြောင့် ပါးစပ်ထဲကတံတွေးတောင် အပြင်ကို စင်နေပြီ ။

အဘွားကြီးကျန်းက မျက်မှောင်ကျုံ့လိုက်ပြီး

" လက်သမားဆိုင်? ကျန်းကျီ ပိုင်တဲ့ဆိုင်လား? ငါကြားတာတော့ အဲ့ဆိုင်ပိုင်ရှင် ကျန်းကျီက အရမ်းရက်စက်လို့ အဲ့ဆိုင်ကနေ အလုပ်သင်တွေ တစ်ယောက်ပြီးတစ်ယောက် ထွက်ပြေးနေကြတာတဲ့... အဲ့ထဲက တချို့ဆို ဒဏ်ရာတွေတောင်ရပြီး ဒုက္ခိတတောင် ဖြစ်သွားကြတယ်ဆို... တကယ်လို့များ... "

အမျိုးသမီးလီက ချက်ချင်းပဲ သူ့လက်တုတ်တုတ်ကြီးကို ခါရမ်းလိုက်ပြီး

" အဲ့တာတွေက ကောလဟာလတွေပါ အမေရဲ့...
ကျွန်မ အစ်ကိုက ဆိုင်ရှင် ကျန်း နဲ့ ခင်တယ် သူပြောတာတော့ ဆိုင်ရှင်ကျန်းက သဘော အရမ်းကောင်းပါတယ်တဲ့... အဲ့လိုမှ မဟုတ်ရင် ဘယ်လိုလုပ် စီးပွားရေး လုပ်စားလို့ရမှာလဲ သူက အလုပ်သင်တွေအပေါ် မြင့်မြင့်မားမားမျှော်လင့်ထားလို့ပါ... အဲ့တာကြောင့်... ကျွမ်းကျင်ပြီး အလုပ်ကြိုးစားတဲ့ အလုပ်သင်တွေကို ဘယ်အလုပ်ရှင်မဆို ရှာချင်ကြမှာပဲလေ... ဟုတ်တယ်မလား "

တအောင့်လောက် စဉ်းစားလိုက်ပြီးနောက် ဒုတိယမိသားစုက ရှောင်ရှက ပျင်းရိတဲ့ ကလေးတစ်ယောက်မဟုတ်တာကို အဘွားကြီးကျန်း ကောက်ချက်ချလိုက်တယ် ။ သူ့ကို အလုပ်သင်အဖြစ် ပို့လိုက်တာက ဆိုးတဲ့အကြံတော့မဟုတ်ပါဘူး။ တကယ်တော့ နှစ်တွေကြာလာရင် ဒီကောင်လေးက လက်သမားဆရာဖြစ်လာပြီး ပိုက်ဆံတွေအများကြီးတောင် ရှာလာနိုင်ဦးမယ် ။

အဲ့ဒီည ညစာစားတဲ့အချိန်မှာတော့ အမျိုးသမီးလျိုက အိမ်သားအားလုံးကို သတင်းပေးတော့တယ် ။

“ ရှောင်ရှက လုံ့လရှိပြီး စဉ်းစားချင့်ချိန် တတ်တယ်... သူက မြန်မြန်လည်း လေ့လာသင်ယူနိုင်တယ်... ဘယ်သူသိနိုင်မှာလဲ နှစ်တွေအကြာကြီးပြီးလို့ အလုပ်သင်ဘဝ ပြီးသွားတဲ့ အခါကျရင် ကိုယ့်ပိုက်ဆံ ကိုယ်ရှာနိုင်လောက်ပြီဆိုတာ... အခုတိုင်း နေနေတာထက် ကျွမ်းကျင်တဲ့ အသက်မွေးဝမ်းကြောင်း တစ်ခုကိုသင်ယူတာ သူ့အနာဂတ်အတွက်ပိုပြီး

အခြေခိုင်လိမ့်မယ်…လက်သမားဆိုင်က အလုပ်သင်တစ်ယောက်ပဲခေါ်လို့ မဟုတ်ရင် ဟိန်ဇီကိုပါလွှတ်တယ်… အဲ့လိုဆို အနာဂတ်မှာ ညီအကိုနှစ်ယောက် ဆိုင်တစ်ဆိုင်ဖွင့်ပြီး အလုပ်တူတူလုပ်လို့ရတယ်… အဲ့တာအရမ်းအဆင်ပြေမယ့် ဘဝမျိုးပဲ မဟုတ်လား "

တစ်အိမ်လုံးကလူတွေက အဘွားကြီးကျန်းရဲ့စကားအတွက် အခြားရွေးချယ်စရာမရှိဘူး ။ဒါပေမယ့် ယွီဟိုင်ကတော့ အနည်းငယ် တွန့်ဆုတ်နေတယ် ။

" အမေ ကျွန်တော်ကြားဖူးတာတော့ အလုပ်သင် လက်သမားတွေက အချိန်အကြာကြီး အလုပ်ကြမ်းတွေ၊ အလေးအပင် မ, ရတာတွေ လုပ်ရတယ်တဲ့… ရှောင်ရှက အခုမှ ငယ်ငယ်လေးပဲရှိသေးတာ သူ သစ်သားတုံးအကြီးကြီးတွေ မ ပြီး အလုပ်လုပ် ဖို့ အားအလုံအလောက်မရှိမှာ ကျွန်တော် စိုးရိမ်တယ်… "

ဒီစကားကြားတော့ အဘွားကြီးရဲ့ မျက်နှာ မည်းမှောင်သွားပြီး စားနေတဲ့ ပန်းကန်လုံးကို စားပွဲပေါ် အသံ အကျယ်ကြီးမြည်အောင် ဆောင့်ချလိုက်တယ် ။

" ရှောင်ရှက အခု ၁၁ နှစ်ရှိနေပြီ ! ဒါကို မင်းမျက်လုံးထဲ ငယ်တယ်ထင်နေတုန်းလား နောက်နှစ်နှစ်လောက်ဆို သူမိန်းမ ယူလို့တောင်ရနေပြီ ! ဒီမှာ ဒုတိယသား… ကိုယ့်သားသမီးကိုယ်မဖျက်စီးချင်စမ်းပါနဲ့… အမေက ကောင်းအောင် စီစဉ်ပေးနေတာ…. တို့ရွာနောက်က လက်သမားဝမ်ဆို ပရိဘောဂတွေ နှစ်တိုင်း လုပ်ရတယ်… သူ့မှာဆို အစားသောက်ကောင်းတွေ အဝတ်အစားကောင်း တွေမှ အောတိုက်ပဲ… ငါတို့နဲ့ယှဉ်လိုက်ရင် သူကအများကြီးချမ်းသာတယ် ! "

ရှောင်ချောင်းက အရသာရှိတဲ့အသားတုံးလေးလို ထွက်သွားတော့မယ့် သူ့အစ်ကိုကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်တယ် ။ စိတ်ထဲမှာတော့ အဘွားဖြစ်သူကို ကျိန်ဆဲလို့နေတယ် ။

'လက်သမားဝမ်ပဲ ကောင်းကောင်းနေ ကောင်းကောင်းစားရတာ မဟုတ်ပါဘူး… ရွာမှာနေတဲ့သူ အများစုက သူတို့ထက် ကောင်းကောင်းနေ ကောင်းကောင်းစားရပါတယ်… သူတို့ကတော့ ဘယ်ကောင်းကောင်းနေရမလဲ အဘွားက ကပ်တရာစီးလို ကပ်စီး နေတာကိုး… အဘွားက ဦးလေးအငယ်ကိုပဲ ဂရုစိုက်တာလေ… ဒီလိုကလေးငယ်ငယ်လေးကို မိဘနဲ့အဝေးဆီ အလုပ်သင်အဖြစ် လွှတ်တယ်ဆိုတော့…. အဘွားကြီး ခင်ဗျားက တော်တော်ကို နှလုံးသားမရှိတဲ့ ဘွားတော်ပဲ ! '

ယွီရှောင်ချောင်းက ပဲတောင့်စွတ်ပြုတ်ကို တို့ကတနန်းဆိတ်ကနန်း ထိုးဆွလျက် ရေရွတ်လိုက်တယ် ။

“ ဒါက အရမ်းကောင်းတဲ့ အခွင့်အရေးဆို ဘာလို့ အကိုဟိန်ဇီကို အရင်မပို့တာလဲ ? သူဆို အကို့ထက် သုံးနှစ်တောင်ပိုကြီးသေးတယ် သူ့အရွယ်ကမှ မိန်းမယူနိုင်လောက်တဲ့ လူကြီးအရွယ်ကို… ဒါပေမယ့်

သူက အခုထိ တစ်နေကုန်ရွာထဲမှာ အလေလိုက်ပြီး ခွေးတွေကြောင်တွေကို လိုက် စ နေတာ... သူရော တစ်ခုခု ထွက်ပြီး မလေ့လာသင့်ဘူးလား ? "

ယွီရှောင်ချောင်း စကားကိုကြားတော့ အမျိုးသမီးလီက ဆွေ့ဆွေ့ခုန်သွားပြီး သူမကို ဆူတော့တယ် ။

" ဒါက လူကြီးတွေ စကားဝိုင်းပဲ ! ကလေးတွေ ဝင်ပါစရာမလိုဘူး ! ဒုတိယအကို ရှင်.. ရှင့်ကလေးတွေကို ဘယ်လိုတောင် ဆုံးမ ထားတာလဲ ?! "

အဘွားကြီးကျန်းက ထ ပြီး အော်ငေါက်လိုက်ချင်ပေမယ့် စိတ်ကိုထိန်းလိုက်ပြီး ဒေါသကို မျိုချနေတယ် ။ အဲ့ဒီအစား သူက ပြောလိုက်တယ် ။

" ဟိန်ဇီမှာက ပင်ကို အရည်အသွေး သိပ်မရှိဘူး ...သူ ဘယ်လိုလုပ်နိုင်မှာလဲ ? သူ့ကိုသာ ပို့လိုက်ရင် နှစ်ရက်လောက်နေတာနဲ့ အိမ်ပြန်ပို့ ခံရမှာပဲ... သာ့ဟိုင် ငယ်ငယ်တုန်းက အစွမ်းအစရှိပြီးအရည်အချင်းပြည့်စုံတယ်... တခြားသူတွေ ခြင်းတောင်း ရက်နေတာကို ကြည့်ပြီးမကြာဘူး သူချက်ချင်း တန်းလုပ်တတ်တယ်... အခု ရှောင်ရှုကလည်း သူ့အဖေလိုပဲ တစ်ခုခုဆို သင်ယူတာမဆိုးဘူးလေ "

" အမေ ကျွန်တော်ပြောတာ သူ့ကို မသွားစေချင်လို့ ပြောတာမဟုတ်ပါဘူး... သူ ပိုပြီးရင့်ကျက်လာအောင် နောက်ထပ် နှစ်နှစ်လောက် စောင့်ပေးဖို့ ပြောတာပါ... သူ အရွယ်ရောက်လာတဲ့အခါကျ လွှတ်တာပေါ့.. , "

ယွီဟိုင်က ပြေပြေလည်လည် ရှင်းပြလိုက်တယ် ။သူ့မျက်လုံးရှေ့မှာပဲ ဖြည်းဖြည်းချင်း အရွယ်ရောက်လာတဲ့ သူ့သားကို သူစိတ်ပူနေတုန်းပဲ ။

အဘွားကြီးကျန်းက ယွီဟိုင် စကားကို ဖြတ်ပြီး ပြောလာတယ်။

" အဲ့ဒီ ဆိုင်ကို ငါတို့အိမ်က ပိုင်တယ်များ ထင်နေတာလား? မင်းကလေးကို မင်းစိတ်ရှိတိုင်း လွှတ်ချင်တဲ့အချိန် လွှတ်လိုက်လို့ရတယ်လို့ တကယ်ပဲ ထင်နေတာလား ? တခြားအိမ်က ကလေးတွေလည်း ဒီလိုပဲ ငယ်တည်းက ပို့ခံရတာပဲ... အသက်ကြီးလာတာနဲ့အမျှ လေ့လာနိုင်စွမ်းက လျော့လာတော့မှာ... အဲ့ဒီအခါကျ သူ့ကို ဘယ်သူက လိုချင်တော့မှာလဲ ? "

ယွီဟိုင် တုန့်ပြန် စကားဆိုဖို့ လုပ်လိုက်ချိန်မှာပဲ

တချိန်လုံး တိတ်ဆိတ်နေခဲ့တဲ့ ယွီဟာန်က တည်တည်ငြိမ်ငြိမ်နဲ့ ကြားဖြတ်ပြောလာတယ် ။

" အဖေ... အဘွားပြောတာ မှန်ပါတယ်... ကျွန်တော် ကလေးမဟုတ်တော့ပါဘူး...
လက်မှုပညာသင်ရတာ ကျွန်တော့်အတွက်တော့ ဆိုးတဲ့ အလုပ်မဟုတ်ပါဘူး... ဟိုဘက်ရွာက
အားရှမ်လည်း အရင်က အလုပ်သင်ပဲ...
သူကပြောတယ် လူတစ်ယောက်က ထက်မြက်ကြိုးစားပြီး လုံ့လ ဝီရိယရှိရင် ဆင်းရဲဒုက္ခတွေဆိုတာ
သိပ်မခံစားရပါဘူးတဲ့... အဲ့တာကြောင့် ကျွန်တော် သွားချင်တယ် ! "

ပုံမှန်ခပ်အေးအေးပဲ နေတတ်တယ်ထင်ရတဲ့ သူ့ရဲ့ အကြီးဆုံးသားက ခံယူချက်မြင့်ပြီး
ရည်မှန်းချက်ကြီးတယ်ဆိုတာကို ယွီဟိုင်သိတယ် ။ သူခဏလောက် စဉ်းစားလိုက်ပြီးနောက်
သူ့သားကို လွှတ်လိုက်ရတာ ဆိုးတဲ့အစီအစဉ်မဟုတ်ကြောင်း တွေးမိလိုက်တယ် ။

တကယ်လို့ အလုပ်မဖြစ်ရင်တော့ သူ့သားကို ရက်အနည်းငယ်ကြာတာနဲ့ အိမ်ပြန်ခေါ်ဖို့
ဆုံးဖြတ်လိုက်တယ် ။

အဒေါ်အကြီးဆုံးက သူမအစ်ကို ယွီဟာန်ကို အလုပ်သင်အဖြစ်လွှတ်ဖို့ စိတ်အားထက်သန်နေတာ
တွေ့ရတော့ ယွီရှောင်ချောင်း သက်ပြင်းမကင်းတော့ ဖြစ်မိတယ် ။ ဒါပေမယ့် ဒီအကြံဉာဏ်က
မှားနေကြောင်း ထောက်ပြဖို့ သူမမှာ အထောက်အထားက မရှိနေဘူး ။ သူမမှာ အကိုကြီး
အဝတ်အစားတွေ ထုတ်ပိုးပြီး မြို့ကလက်သမားဆိုင်ဆီသွားဖို့ အပို့ခံလိုက်ရတာကိုပဲ ကြည့်လိုက်
နိုင်တယ် ။

မျက်စိတမှိတ်အတွင်းမှာပဲ ပူပြင်းခြောက်ကပ်နေတဲ့ နွေရက်တွေကုန်ဆုံးသွားပြီး အေးမြလန်းဆန်းတဲ့
ဆောင်းဦးရာသီဆီ ရောက်လာခဲ့တယ် ။

ဒီကာလက လယ်ကွင်းထဲမှာ ပဲပုပ်တွေ နှံစားပြောင်းတွေ ရိတ်သိမ်းရတဲ့ အချိန်ပဲ
။ကောက်ရိတ်ကာလမို့ အားလုံးဆီမှာ အပျော်တွေနဲ့ ပြည့်နှက်နေကြတယ် ။

ယွီမိသားစုကတော့ တံငါအိမ်တွေရဲ့ စံပြအိမ်လို့ဆိုရမယ် ။ သူတို့မိသားစုက တံငါလုပ်ငန်းနဲ့
အမဲလိုက်လုပ်ငန်းကို ပိုအလေးပေးတော့ ကန်စွန်းဥတွေ စိုက်ထားတဲ့ သဲမြေသုံးဧကသာ ရှိသည် ။
အခုချိန်မှာတော့ ကန်စွန်းဥတွေ ခူးလို့မရသေးပေ။ ရိတ်သိမ်းဖို့အချိန်က
တစ်လလောက်လိုသေးတယ်။

ဆောင်းဦးမှာ တောကောင်တွေ အများဆုံး ရတယ် ။ ဆောင်းဦးရောက်တိုင်း ယွီမိသားစုက ယွီဟိုင်ကို
ငါးဖမ်းဖို့ပင်လယ်ထဲကို မလွှတ်တော့ပဲ အိမ်ပြန်လာပြီး အမဲသာလိုက်စေတယ် ။ နေ့တိုင်းလိုလို သူက
အမဲလိုက်ဖို့ တောင်ပေါ်ကို တက်ရတယ် ။ တခါတလေမှာတော့ မုဆိုးကျောက်နဲ့
တူတူသွားလေ့ရှိတယ် ။ ဒါပေမယ့် တစ်ယောက်တည်းသွားတဲ့ အချိန်ကတော့ ပိုများပါတယ် ။
ယွီရှောင်ချောင်းကတော့ သူမအဖေဆီက အခွင့်ရေးမျက်နှာသာ ရအောင်လုပ်ပြီး တောင်ပေါ်ကို
သူနဲ့အတူခေါ်သွားအောင် ဂျီကျတယ် ။

ဒါပေမယ့် သူတစ်နှစ်ပတ်လုံးကြုံနေရတဲ့ အန္တရာယ်များတဲ့ သားကောင်တွေနဲ့ ဖျားလွယ်တဲ့ သူ့သမီးအကြောင်း စဉ်းစားမိတော့ ယွီဟိုင်က ပြတ်ပြတ်သားသားပဲ ငြင်းတယ် ။ သူက သူမအတွက် အသားတချို့ အမြဲချန်ထားပေးပါ့မယ်လို့ ကတိပေးပြီးတော့သာ နှစ်သိမ့်နိုင်ခဲ့တယ် ။ နေ့တိုင်းဒါတွေပဲ စားနေရတော့ စားရတာက အသားဖြစ်နေတာတောင် ကြာတော့ ငြီး ငွေ့လာပြီဖြစ်သည် ။ အခုအချိန်မှာ သူမမိသားစုက နေ့တိုင်း အစားအသောက် ဖူလုံနေတဲ့အတွက် စားဖို့သောက်ဖို့ကိုတော့ ယွီရှောင်ချောင်း မပူရတော့ဘူး ။ သူမပိုက်ဆံရှာဖို့လိုတယ် ။ ပိုက်ဆံသာရှိပြီဆို ဘာကိုမှ ပူနေစရာ မလိုတော့ဘူး။ ကံဆိုးတာက အခုလောလောဆယ်အချိန်မှာတော့ သူမ ပိုက်ဆံရှာချင်ရင်တောင် ခိုးကြောင်ခိုးဝှက်ပဲ ရှာနိုင်တယ် ။ တကယ်လို့ သူတို့မိသားစုသာ ဒီအိမ်ကနေ ခွဲထွက်နိုင်မယ်ဆိုရင် သူမပိုပြီး ပိုက်ဆံများများ ရှာနိုင်မယ်ထင်တယ် ။

ဒါပေမယ့် ကံကဆိုးချင်တော့ ရှေးခေတ်က မိသားစုတွေက ဘယ်တော့မှ ခွဲမနေကြဘူး အဲ့ဒီတော့ သူမ စိတ်ကူးကတော်တော်လေးကို မသေချာဘူး ။
နောက်ပြီး ယွီရှောင်ချောင်းက အခုမှ ရှစ်နှစ်ပဲရှိသေးသည် ။ ပိုက်ဆံရှာရအောင် လုပ်ဖို့အလုပ်ကလည်း သူမမှာ ရွေးချယ်စရာ များများစားစား မရှိတာကလည်းဆိုးသည် ။ စိတ်ပျက်လက်ပျက်နဲ့ပဲ ယွီရှောင်ချောင်းက သူမလက်ကောက်ဝတ်မှာ ပတ်ထားတဲ့ ရောင်စုံကျောက်တုံးဆီကို အာရုံရောက်သွားတယ် ။ အဲ့ဒီ အံ့ဖွယ်ကျောက်တုံးက သူမကြည့်နေတာကို သတိထားမိတော့ သူမနဲ့ ထိပ်တိုက်တွေ့ဖို့ ထွက်လာတယ် ။

[ ငါ့ကို ငါးစာအဖြစ် သုံးနိုင်လားဆိုပြီး စိတ်ကူးယဉ်မနေနဲ့ … ငါက ကောင်းကင်ဘုံက တိမ်တွေကို ပြင်ဆင်တုန်းက အသုံးပြုခံခဲ့ရတဲ့ ခမ်းနားတဲ့ ကျောက်တုံးတစ်တုံးနော်... ဘယ်လို ငါ့ကို ဒီလို အညတရ ပုံစံမျိုးနဲ့ အသုံးပြုနိုင်လိမ့်မလဲ ]

ယွီရှောင်ချောင်းက အနည်းငယ် ရှက်ရွံ့စွာဖြင့်

" ကောက်ညှင်းဖက်ထုပ်လေး , ငါ့မှာ တခြားရွေးချယ်စရာများ ရှိသေးလား ဟိုတစ်ခါတုန်းက မင်းငါ့ကိုကူညီပေးတိုင်း မင်းအတွက် သန့်ရှင်းစင်ကြယ်မှုနဲ့ မှော်စွမ်းအားစုပ်ယူမှုတွေ တိုးပွားလာလိမ့်မယ်လို့ ပြောဖူးတယ်မလား... အခု မှော်ငါးစာအဖြစ် အသုံးပြုခံရတာက ငါ့ကို ကူညီတာပဲလေ မင်းကူညီလို့ ငါ့မိသားစုက ကျန်းမာကြံ့ခိုင်တဲ့ ခန္တာကိုယ်တွေရှိနေကြတာလေ မင်းရဲ့ မှော်စွမ်းအင်အားလုံးကို ပြသနိုင်မယ့် ဒီလို အခွင့်အရေးမျိုး မင်းဘယ်မှာသွားရှာမလဲ "

သူ့ရဲ့ အားနည်းတဲ့ ပိုင်ရှင်က ရွေးချယ်ထားတဲ့ "ကောက်ညှင်းဖက်ထုပ်" ဆိုတဲ့ နာမည်ပြောင်ကို အံ့ဖွယ်ကျောက်တုံးက အသိအမှတ်ပြုဖို့ ရက်ပေါင်းများစွာ ငြင်းဆိုခဲ့တာ ။ နောက်ပိုင်းကျတော့ ဒီကလေးမလေးက ခေါင်းမာနေတဲ့အတွက် အံ့ဖွယ်ကျောက်တုံးခမျာ ဒီလို အထင်ကြီးစရာမကောင်းဘဲ ညံ့ဖျင်းနေတဲ့နာမည်ကို အခေါ်ခံဖို့ လက်ခံလိုက်ရတော့တယ် ။ ဒီရလဒ်ကြောင့် အံ့ဖွယ်ကျောက်တုံးလေးက စိတ်ဓါတ်တွေတောင် ကျခဲ့ရတယ် ။

ယွီရှောင်ချောင်းရဲ့ ဆွဲဆောင်မှုများအရ ရောင်စုံကျောက်တုံးက စိတ်မခိုင်တော့ဘဲ မက်လုံးတွေအပေါ် ယိမ်းယိုင်လာတယ် ။သူ့သခင်ကို ကူညီပေးတဲ့အချိန်တိုင်း ဝိညာဉ်နတ်ဘုရားမရဲ့ ချိတ်စည်းကလည်း နည်းနည်းချင်းစီ လျော့နည်းလာသည်။ ပြီးတော့ မှော်အစွမ်းတွေကို စုပ်ယူနိုင်စွမ်းနဲ့ သန့်ရှင်းမှုပမာဏလည်း တိုးတက်လာလိမ့်မယ် ။အကယ်၍ သူက ဝိညာဉ်နတ်ဘုရားမရဲ့ ချိတ်ပိတ်စည်းကို ဖြတ်နိုင်ပြီး လုံးဝပျက်ပြယ်သွားလို့ နတ်ဘုရားမနူဝါဆီကို ပြန်ချင်ရင် ယခုသခင်ကို ပိုမိုကောင်းမွန်တဲ့ အရာတွေ ပြုလုပ်ပေးဖို့ လိုအပ်တယ် ။

အခုအခြေအနေအရတော့ သူ့သခင့်ကို ကူညီနိုင်ဖို့ရာ အခွင့်အလမ်း တော်တော်ကို နည်းတယ် ။ရှောင်ချောင်းအတွက် ကိုယ့်ကိုယ်ကို ငါးစာပုံစံပြောင်းပေးရမှာက အံ့ဖွယ်ကျောက်တုံးတစ်တုံးအနေနဲ့ မာနကို တကယ်တော်တော် ထိခိုက်စေတယ် ။ ဒါပေမယ့် နတ်ဘုရားမ နူဝါဆီပြန်ဖို့ သူ့တန်ခိုးတွေကို မြှင့်တင်နိုင်မှာဖြစ်လို့ အံ့ဖွယ်ကျောက်တုံးက ငါးစာဖြစ်ဖို့ကိုတော့ ဆန္ဒရှိနေတယ် ။ ကျောက်တုံးက ဆုံးဖြတ်ချက်ချနေတုန်းပင်ရှိသေး ယွီရှောင်ချောင်းက ငါးမြှားကြိုးတောင် ပြင်ပြီးနေပြီ ။

အကိုကျောက်ဟန်က သူမကို ဒီနေ့ ထောင်ချောက်ဘယ်လို ထောင်ရမလဲဆိုတာ သင်ပေးမယ်ဆိုပြီး ကတိပေးခဲ့တယ် ။ ကောက်ညှင်းဖက်ထုပ်လေးရဲ့ အကူအညီသာရခဲ့မယ်ဆို သူမက ကျိန်းသေ နေ့တိုင်း မုတ်ဆိတ်ပျားဆွဲလိမ့်မည် ။

[ ငါ့ကို မင်းအတွက် ကူညီပေးစေချင်တာလား
ဒါက မဖြစ်နိုင်တဲ့ တောင်းဆိုမှုတော့မဟုတ်ပါဘူး ]

ထုံးစံအတိုင်းပဲ အံ့ဖွယ်ကျောက်တုံးရဲ့စိတ်ဝိညာဥ်က ရွှေရောင်ကြောင်လေးတစ်ကောင်အဖြစ် လေထဲတွင် လွင့်မြောနေသည်။

အခုချိန်မှာ သူက သူ့ရဲ့နားသေးသေးတွေရဲ့နောက်ကို ညွှန်ပြလိုက်ပြီး သူ့မျက်နှာပေါ်မှာ စိတ်မပါတဲ့ အကြည့်လေးရှိနေတယ် ။

[ ဒါပေမယ့် ဒီ ချိုင့်ဝှမ်းထဲက ချောင်းထဲမှာ ငါ့ကို မင်း နေ့တိုင်း ရေချိုးပေးဖို့လိုတယ်...
တခြားနေရာထက်စာရင် ဒီနေရာက ရေရဲ့ အငွေ့အသက်က အများကြီးပိုသန့်တယ် ]

“ ဟုတ်ပြီ သဘောတူတယ် ! "

ရှောင်ချောင်းက အံ့ဖွယ်ကျောက်တုံးကို တယုတယပွတ်သပ်ဖို့ လက်လှမ်းလိုက်တယ် ။ ပင်ပေါင်ဘောလုံးလောက်အရွယ် ရွှေဝါရောင် ကြောင်လေးက တကယ်ကို ချစ်စရာလေး ။ အဲ့တာလေးက ရှောင်ချောင်း နှလုံးသားကို အရည်ပျော်စေတယ် ။ ဒါပေမယ့် အံ့ဖွယ်ကျောက်တုံးက မာနတခွဲသားနဲ့ ကမ်းလိုက်တဲ့ သူမရဲ့လက်ကို သူ့ရဲ့ ကျောဘက်က အလင်းနဲ့ပြုလုပ်ထားတဲ့ တောင်ပံနဲ့ ပုတ်ချလိုက်တယ် ။

သူမရဲ့ ကြင်နာထွေးပွေ့မှုကို ရှောင်တိမ်းလိုက်ပြီး တောင်ပံကနေ အလင်းလေး မိုတ်တုတ်မိုတ်တုတ် လင်းနေသည် ။ ပြီးတော့ သူမကို လျစ်လျူရှုဖို့အတွက် ဒင်းလေးက ခေါင်းကိုတောင် ဟိုဘက် လှည့်ထားလိုက်သေးတယ် ။

“ ဒုတိယအမ ! ကျွန်တော့်ကို ဘာလို့မခေါ်တာလဲ ? ကျွန်တော် အအိပ်လွန်လုနီးပါးပဲ ! "

ရှီထုန်လေးရဲ့ အဝတ်အစားတွေက ဖရိုဖရဲ ဖြစ်နေပြီး ပြေးလာစဉ် သူ့မျက်နှာလေးကို အကြမ်းပတမ်း ပွတ်သပ်နေလေတယ် ။ လမ်းမှာ သူက သယ်စရာ ခြင်းတောင်းကို ကောက်ယူလိုက်ပြီး ယွီရှောင်ချောင်းနောက်ကို လိုက်သွားတော့တယ် ။

အပိုင်း ၂၈ (ပိုက်ဆံစုဆောင်းခြင်း)

မနက်စောစော လေပြည်လေးက အေးစိမ့်စိမ့်နဲ့ လန်းဆန်းနေတယ်။ ယို့ရှောင်ချောင်းက စိုစွတ်နေတဲ့လေတွေကို တဝကြီးရှူသွင်းလိုက်ပြီး သူမရဲ့နောက်လိုက်လေး ရှီထုန်နဲ့အတူ အနောက်ဘက်တောင်တန်းတွေဆီကို အေးအေးဆေးဆေး လျှောက်သွားလိုက်တော့တယ်။

“ရှောင်လျှန်, မင်းစောစောနိုးနေတာပဲ! ဝက်စာအတွက် ငါးညှီရွက်တွေ သွားခူးမလို့လား”

အံ့ဖွယ်ကျောက်တုံးလေး သူမကို ကူညီပေးပြီးကတည်းက ရှောင်ချောင်းရဲ့ ခန္ဓာကိုယ်ဟာ နေ့ရက်တွေ ကုန်လွန်သွားတာနဲ့အမျှ ပိုပိုပြီး ကျန်းမာလာတယ်။ ပြီတော့လည်း သူမက, ယို့အိမ်ပြင်ပမှာ လူမသိအောင် ကျိတ်စားတတ်သေးတာမလို့ သူမမျက်နှာနဲ့ ခန္ဓာကိုယ်က တဖြည်းဖြည်း အသားပြည့်လာတယ်။ အခုတော့ သူမပုံစံက သူမအမွှာအစ်မရဲ့ ခန္ဓာကိုယ်လို ဖြစ်လာတာမလို့ ရွာသားတွေက သူမတို့နှစ်ယောက်ကို မကြာခဏ လူမှားလေ့ရှိကြတယ်။

ရှီထုန်လေးက သူ့ဒုတိယအစ်မကို လူမှားခေါ်နေတဲ့ ကောင်မလေးဆီကို ရီပြီး ပြေးပြောလိုက်တယ်

“အစ်မ လင်းလုံ ဒါကျနော့်ဒုတိယအစ်မ!”

“ဒုတိယအစ်မ… ရှောင်ချောင်းလား အမလေး
နင်တို့က အမွှာတွေလို့ကိုမပြောရဘူး မင်းအစ်မနဲ့ တော်တော်ကို တူတာပဲ”

ကျိုးလင်းလုံက သူမနှုတ်ခမ်းတွေကို တွန့်ကွေးရင်း ပြုံးလိုက်ပြီး ရှောင်ချောင်းကို ခေါင်းအစ ခြေအဆုံး စူးစမ်းနေတော့တယ်။

ရှောင်ချောင်းက ပြုံးရုံသာ ပြုံးပြလိုက်ပြီး တိတ်တိတ်လေးပဲနေလိုက်တယ်။ ရှီထုန်လေးက သူ့အစ်မကို သူမအစား မိတ်ဆက်ပေးလေတယ်

“အစ်မလင်းလုံရဲ့မိသားစုနေတာက အနောက်ဘက်တောင်တန်းတွေနဲ့ သိပ်မဝေးဘူး။ ကျွန်တော်တို့မိသားစု အိမ်ဟောင်းနဲ့လည်း နီးတယ်။ အရီးကျိုးနဲ့ အမေနဲ့က ဆက်ဆံရေးကောင်းတယ်။ မမ နေမကောင်းတုန်းက စားတဲ့ကြက်ဥတွေက အရီးကျိုးပေးတာ”

အိုး, ဒါဆို သူမက အမေ့သူငယ်ချင်းကောင်းရဲ့ သမီးပေါ့။ ယို့ရှောင်ချောင်းက ကျိုးလင်းလုံကို ချိုသာစွာ ပြုံးပြလိုက်တော့ သူမရဲ့ဘယ်ဘက်ပါးမှာ ပါးချိုင့်ပါးပါးလေးတစ်ခုပေါ်လာတယ်

“တွေ့ရတာဝမ်းသာပါတယ် အစ်မ လင်းလုံ နောက်နေ့ကျမှ အရီးကျိုးကို ကျေးဇူးတင်ဖို့လာခဲ့ပါဦးမယ် အရီးရဲ့ ကြက်ဥတွေမပါဘဲ ကျွန်မ ဒီလောက်မြန်မြန်သက်သာနိုင်မှာ မဟုတ်ဘူး”

ကျိုးလင်းလုံက ရှောင်ချောင်းရဲ့ပါးချိုင့်လေးကို ခဏလောက် ငေးကြည့်နေပြီးမှ ပြုံးပြလိုက်တယ်

“ဒါက ကြက်ဥလေးနည်းနည်းပါဘဲ မပြောပလောက်ပါဘူး__ ငါတော့မင်းနဲ့ မင်းအစ်မကို ဘယ်လိုခွဲရမလဲဆိုတာ သိပြီထင်တယ် မင်းမှာ ပါးချိုင့်လေးတစ်ခု ရှိပြီး မင်းအစ်မမှာတော့ မရှိဘူးပဲ...”

ယွီရှောင်ချောင်း သူမကို အားပါးတရပြုံးပြလိုက်ပြီး ပြောလိုက်တယ်

“အစ်မလင်းလုံ၊ ကျွန်မတို့ အစ်ကိုဟန်နဲ့ တောင်ပေါ်ကို အလေ့ကျပေါက်တဲ့အသီးတွေ သွားခူးမလို့ ကျွန်မတို့နဲ့ လိုက်ခဲ့ပါ့လား”

ကျိုးလင်းလုံ သူမလက်ထဲက တံစဉ် ကိုပြလိုက်ရင်း ခေါင်းရမ်းလိုက်တယ်

“ငါးညှီရွက်တွေ သွားခူးပြီးရင် အိမ်ပြန်ရဦးမှာ အစ်မတို့မှာ ဝက်နှစ်ကောင်ရှိတယ်လေ သူတို့က မရပ်မနား အစာအော်တောင်းနေကြတာ မင်းတို့ဘာသာ သွားပျော်ပါးကြပါ ဂရုတော့စိုက်ကြဦး”

ယွီရှောင်ချောင်း ထွက်သွားတဲ့ မိန်းကလေးကို နှုတ်ဆက်လိုက်ရင်း ရှီထုန်လေးရဲ့ လက်ကို ကိုင်လိုက်ပြီး ကျောက်မိသားစုနေထိုင်ရာ တောင်ကုန်းဆီကို ပြေးသွားလိုက်တော့တယ်။

တုန်ရှန်းတံငါရွာရှိ ရွာသူရွာသားများသည် မျိုးရိုးအစဉ်အဆက် တံငါသည်များသာ ဖြစ်ကြသည်။ ကျောက်မိသားစုက အပြင်လူအဖြစ်နဲ့ ရွှေ့ပြောင်းသွားခဲ့တာ နှစ်နှစ်ဆယ်ကျော်ရှိပြီ ဖြစ်သည်။ သူတို့မိသားစုနေထိုင်ရာနေရာသည် အနောက်ဘက်တောင်တန်းတို့ရဲ့ တောင်ခြေက တောင်ကုန်းလေးပေါ်၌ တည်ရှိသည်။ အိမ်က ကျောက်တုံးတွေနဲ့ ဆောက်ထားပြီး အခန်း (၃) ခန်းပါရှိသည်။ ကျောက်တုံးခြံစည်းရိုး အမြင့်ကြီးတွေက ခြံဝင်းနဲ့ အဆောက်အအုံ ကို ကာရန်ထားသည်။ လေးဘက်လေးတန်လုံးမှာ သစ်ပင်တွေနဲ့ ကာရံထားပြီး ဟင်းသီးဟင်းရွက်အပြည့် စိုက်ခင်းတွေနဲ့လည်း အိမ်ရဲ့ အရှေ့နဲ့ အနောက်မှာ အလှဆင်ထားသည်။ နေရာတစ်ခုလုံးက တောနက်ထဲမှာ ရသေ့ တစ်ယောက်နေထိုင်ဖို့ သင့်တော်တဲ့ နေရာထိုင်ခင်းတစ်ခုလို ခံစားချက်မျိုး ပေးလေသည်။

“အစ်ကိုဟန်ရေ, အစ်ကိုဟန်” ရှီထုန်လေးက သစ်သားတံခါးကို ဖြည်းဖြည်းလေး တွန်းဖွင့်လိုက်ပြီး ခေါင်းလေးဝင်ကြည့်လိုက်ရင်း အော်ခေါ်နေတော့တယ်။ ခြံဝင်းရဲ့အလယ်မှာ ကျောက်မိသားစုရဲ့ ချွေးမ ကျုံးဖန်ရင်း ရှိနေသည်။ သူမခေါင်းလှည့်ကြည့်လိုက်တော့ ဟိုဟိုဒီဒီကြည့်နေတဲ့ ကောင်ကလေးကို မြင်လိုက်ရတယ်။ အမျိုးသမီးကြီးက ဝမ်းမြောက်ဝမ်းသာ ပြုံးလိုက်ပြီး “အိုး, ယွီဖန်းလေးပါလား မြန်မြန်ဝင်လာခဲ့”
(ယွီဖန်း - ရှီထုန်အမည်ရင်း)

အမျိုးသမီးကျုံးက သူမသားကိုမွေးပြီး သူမန္ဓာကိုယ်မှာ ဒဏ်ရာရသွားခဲ့တာလားမသိပေမယ့် ကျောက်ဟန်ကို မွေးဖွားပြီးတော့ သူမကိုယ်ဝန် ထပ်မဆောင်နိုင်တော့ပေ။ လွန်ခဲ့တဲ့ လအနည်းငယ်လောက်ကစပြီး ရှီထုန်လေးက အလေးချိန်တိုးလာတဲ့အပြင် သန်မာပြီး ရင်းနှီးဖော်ရွေတတ်တဲ့ ကောင်ငယ်လေးဖြစ်လာတယ်။ ကလေးချစ်တတ်တဲ့ အမျိုးသမီးကျုံးက သူ့ရဲ့ချစ်ဖို့ကောင်းပြီး ဟာသဉာဏ်ရွှင်တတ်တဲ့ စရိုက်လေးကို ချစ်မြတ်နိုးနေတော့သည်။ သူမက မိခင်မေတ္တာပြည့်ဝတဲ့ စိတ်ထားရှိသူဖြစ်သည်။

"အရီး ရေ, အစ်ကိုဟန်က သားတိုကို ယုန်ဖမ်းဖို့ ထောင်ချောက်ဘယ်လိုဆင်ရမလဲဆိုတာ သင်ပေးမယ်တဲ့ ဒုတိယအစ်မကလည်း တအားသင်ချင်နေတာမလို့ သားတို့စောစောလာလိုက်တာ ... ဟီး ဟီး"

ကောင်ငယ်လေးက သူ့အစ်မကိုပါ ဆွဲသွင်းလိုက်ရင်း ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းအနောက်လေးကို ပွတ်သပ် နေ တော့တယ်။

ယွီရှောင်ချောင်းက ခြံဝင်းထဲကိုဝင်ဖို့ သူမမောင်လေးရဲ့ အနောက်ကနေ လိုက်လာခဲ့တာဖြစ်သည်။ သူမက သူ့နောက်ကျောကို တိတ်တိတ်ကလေး လှမ်းဆွဲထိုးလိုက်ရင်း သူမရဲ့ လှပဖျော့တော့တဲ့ မျက်နှာလေးနဲ့ အမျိုးသမီးကြီးကို တောက်ပတဲ့အပြုံးလေးနဲ့ ပြုံးပြလိုက်တယ်။
"မင်္ဂလာနံနက်ခင်းပါ အရီးကျောက်"

"အိုး, ရှောင်ချောင်းပဲ့လား" အမျိုးသမီးကျုံးက ကြက်စာအပြည့်နဲ့ ဇလုံကို မြေကြီး ပေါ်ချလိုက်ရင်း သူမလက်တွေကို ရှေ့ခါးစည်းမှာ သုတ်လိုက်တယ်။ သူမက ရှောင်ချောင်းရဲ့ သေးသေးသွယ်သွယ် မျက်နှာလေးကို ယုယုယယလေး ပွတ်သပ်လိုက်တယ်။ သူမက သက်ပြင်းချလိုက်ပြီးတော့

"လူတစ်ယောက်က ဒုက္ခကြီးကြီးမားမားကနေ လွန်မြောက်လာရင် ကံကြမ္မာကောင်းတစ်ခုကို ရရှိတယ်တဲ့။ ကျန်းမာနေဖို့ထက် ဘာကမှအရေးကြီးဘူး! မင်းက တော်တော်လေးပိန်နေသေးတာပဲ မင်းရဲ့အဖွားက... ကဲပါ ရှေ့လျှောက် သမီးတစ်ခုခု စားချင်တာရှိတိုင်း အရီးတို့အိမ်လာခဲ့ အရီးရဲ့ဟင်းချက်စွမ်းရည်ကလည်း သိပ်ပြီးမဆိုးပါဘူး"

"ကျေးဇူးပါအရီး! ဒါဆိုလည်း ရှေ့လျှောက် အရီးကိုပဲ ဒုက္ခပေးရတော့မယ်"

ယွီရှောင်ချောင်းက အကူအညီပေးတဲ့ လက်တစ်စုံကို တဲ့တိုးငြင်းဆန်မှာ မဟုတ်ပေ။ အထူးသဖြင့် စစ်မှန်ပြီး ရိုးသားတဲ့ နှလုံးသားနဲ့ ကမ်းလှမ်းလာခဲ့ရင်ပေါ့။ အဲ့ဒီအစား သူမက အလွန်တောက်ပတဲ့ အပြုံးလေးတစ်ခုနဲ့ အမျိုးသမီးကြီးရဲ့ ဂရုစိုက်မှုတွေကို လက်ခံလိုက်တယ်။

"ရှီထုန်၊ ရှောင်ချောင်း! မင်းတိုနှစ်ယောက်ဘာလို့ ဒီလောက်အစောကြီး ရောက်လာကြတာလဲ။ မနက်စာ ရောစားပြီးကြပြီလား"

ကျောက်ဟန်က အံ့သြမှုအပြည့်နဲ့ မေးလိုက်တယ်။ လူငယ်လေးက တံခါးပေါက်ကိုဖြတ်ပြီး ပခုံးပေါ်မှာ ရေတစ်ပုံးထမ်းသယ်လာရင်း ခြံဝင်းထဲမှာ မောင်နှမနှစ်ယောက်ကို တွေ့လိုက်ရတာဖြစ်သည်။

ရှီထုန်လေးက သူ့အစ်မ ပြန်မဖြေခင်မှာ ဖြတ်ပြောလိုက်တယ် "သားတို့မိသားစုက မနက်စာကို ဂုနာရီထိုးမှ စားလေ့ရှိတာ အဲဒီအချိန်အထိလည်း မစောင့်နိုင်တော့လို့။ ဘယ်လိုပဲဖြစ်ဖြစ် ဗိုက်ထဲမှာ နေရာလွတ်ချန်ထားမှ ခဏနေရင် ငါးကင်စားလို့ရမှာလေ!"

အမျိုးသမီးကျုံးက ကလေးနှစ်ယောက်ရဲ့ လက်ကိုဆွဲပြီး အခန်းထဲကို ခေါ်ဆောင်သွားလိုက်တယ်။ သူမအသံက သဘောမကျမှုအပြည့်နဲ့ ပြစ်တင် ပြောဆိုလိုက်တယ် ။

"မင်းတို့တောင်ပေါ်ကို ရောက်ဖို့ အဝေးကြီး လမ်းလျှောက်ရဦးမှာ မင်းတို့နှစ်ယောက်လုံး ငယ်ငယ်လေးရှိသေးတယ် မင်းတို့မနက်စာမစားရင် တစ်နေ့လုံး ဘယ်လိုလုပ် အားရှိမှာလဲ အရီး ဒီမနက် ယာဂု နဲ့ မုန့်ဖုတ်ထားတယ် တောင်ပေါ်မသွားခင် အတူတူစားသွားကြ"

"အဘိုးကျောက်"

ကလေးနှစ်ယောက်က ပုံစံကျကျနနနဲ့ တည့်တည့်မတ်မတ်ထိုင်နေတဲ့ တစ်ခေါင်းလုံးဖြူဖွေးပြီး မုတ်ဆိတ်မွေးအရှည်ကြီးတွေနဲ့ လူကြီးတစ်ယောက်ကို နှုတ်ဆက်လိုက်သည်။ အသက်ကြီးနေပြီဖြစ်သော ကျောက်ဇီရှုံးက ခံ့ညားထည်ဝါတဲ့ ပုံစံပေါ်နေသည်။ ရံဖန်ရံခါ သူ့ရဲ့မျက်လုံးတွေက ဖုံးကွယ်လိုမရနိုင်သော ကြီးကျယ်ခမ်းနားတဲ့ အရောင်အဝါတွေ ဖော်ပြနေတော့သည်။ မောင်နှမနှစ်ယောက်က မတတ်နိုင်ဘဲ သူရဲ့တည်ရှိမှုအောက်မှာ အနည်းငယ် ငြိမ်ချက်သား ကောင်းနေလေတော့သည်။

လူအိုကြီးက ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်များကို ဝတ်ဆင်ထားသည့် ကလေးနှစ်ယောက်ကို မြင်လိုက်တော့ ချိုမြိန်တဲ့အငွေ့အသက်တွေရှိလာသည်။ သူက အပြုံးလေးတစ်ခု ထုတ်လိုက်ရင်း

"မင်းတို့က ကောင်းမွန်တဲ့ ကလေးတွေ ဖြစ်ပေမဲ့ အဖေတစ်ယောက်ရဲ့ ကျောထောက်နောက်ခံမရှိတာ ဆိုးတာပဲ မင်းတိုနှစ်ယောက်လုံး ဆင်းရဲဒုက္ခတွေကို သည်းခံနိုင်ကြသားပဲ"

"သမီးအဖေက ကောင်းပါတယ်။ သူက ဘယ်လိုငါးဖမ်းရမယ်၊ ဘယ်လိုအမဲလိုက်ရမယ်နဲ့ ဝါးနဲ့ ပစ္စည်းတွေ ဘယ်လိုရက်ရမလဲ ဆိုတာလည်းသိတယ်။ သမီးတို့ကိုလည်း အရမ်းချစ်တယ်"

ယွီရှောင်ချောင်းက တခြားသူတွေရှေ့မှာ သူမအဖေအကြောင်းကို သဘာဝကျကျပဲ ခုခံပြောဆိုလိုက်တယ်။

လူကြီးမင်းကျောက်က သူ့ရဲ့ မျက်ခုံးမွေးထူကြီးကို ပင့်မြှောက်လိုက်ရင်း တခစ်ခစ်ရယ်လိုက်တော့တယ်။

“မင်းက မင်းအဖေကို အတော်လေး ကာကွယ်ပေးနေတာပဲ ဒါပေမဲ့ မင်းအဖေက မင်းတို့အမေနဲ့ မင်းတို့မောင်နှမတွေကို ကာကွယ်မပေးနိုင်တာ တော်တော်လေးဆိုးတာပဲ! သူချစ်ရတဲ့ သူတွေကို ကာကွယ်မပေးနိုင်ရင် သူ့ကို ယောကျာ်းတစ်ယောက်လို့ ခေါ်နိုင်သေးရဲ့လား”

“အဖေရယ်! ကလေးတွေရှေ့မှာ ဒီစကားတွေ မပြောပါနဲ့ စားကြရအောင်ပါ”

အမျိုးသမီးကျုံးက မောင်နှမနှစ်ယောက် စိတ်ကသိကအောက်ဖြစ်သွားမှာစိုးလို့အမြန် စကားလမ်းကြောင်း လွှဲလိုက်တော့တယ်။ သူမက ယာဂုနဲ့ မုန့်ပြားတွေကို လူအိုကြီးနဲ့ ကလေးတွေဆီသို့ ချက်ချင်း တည်ခင်းပေးလိုက်တော့တယ်။

ကျောက်မိသားစုက တစ်နေ့ကို သုံးကြိမ်စားလေ့ရှိကြတယ်။ မနက်စာက ဆန်ဖြူနဲ့လုပ်ထာတဲ့ ယာဂုပျစ်ပျစ်တစ်ခွက်နဲ့ ဂျုံဖြူနဲ့လုပ်ထားတဲ့ ဘိန်းမုန့်တို့ ပါဝင်တယ်။ ပြီးတော့လည်း အမျိုးသမီးကျုံးက ဝက်သားခြောက်နဲ့ မှိုကို ရောကြော်ထားတဲ့ဟင်းနဲ့ ဂေါ်ဖီစိမ်းကို ရှာလကာရည်ခတ်ပြီး ဟင်းနှစ်ခွက် ထပ်ချက်ထားသေးတယ်။

ဆန်ဖြူနဲ့လုပ်ထားတဲ့ ယာဂုနဲ့ ဂျုံဖြူမုန့်ပြားနဲ့တင် စားချင်စဖွယ်ဖြစ်ပေမယ့် အသာများလည်း ပါဝင်သေးသည်။ ရှီထုန်လေးက သူအရှေ့မှာရှိတဲ့ ခမ်းနားတဲ့မနက်စာကို စိတ်အားထက်သန်စွာနဲ့ ငေးကြည့်နေပေမဲ့ စ,မစားရဲ ဖြစ်နေသည်။ အမျိုးသမီးကျုံးက မုန့်ပြားကို ဝက်ပေါင်ခြောက်၊ မှိုအချို့နဲ့ လိပ်ပြီးထည့်ပေးလိုက်တော့မှ သူက သူ့ဒုတိယအစ်မကို မလုံမလဲ ခေါင်းမော့ကြည့်တယ်။

တုံ့ဆိုင်းနေတဲ့ ကောင်ကလေးကို တွေ့တော့ ကျောက်ဟန်က ရှောင်ချောင်းရဲ့ အရှေ့ကိုလည်း ပေါင်မုန့်ပြားလေး လိပ်ပြီးချပေးလိုက်တယ်။ လူငယ်လေးက ရယ်ပြလိုက်ပြီး ပြောလိုက်တယ်

“စား စား! ဒီနေ့တော်တော်လေး လမ်းလျှောက်သွားရဦးမှာ မင်းတို့နှစ်ယောက်မစားရင် မောနေလိမ့်မယ် ဟုတ်ပြီလား နှစ်ယောက်လုံး မောနေရင် မင်းတို့ကို ငါမသယ်နိုင်ဘူးနော်”

“ကျေးဇူးတင်ပါတယ် အဲ့ဒါဆို စစားလိုက်ပါတော့မယ်"

ယွီရှောင်ချောင်းက အညိုရောင်မုန့်ကြမ်းနဲ့ ပဲဟင်းရည် နေ့တိုင်းသောက်နေရတာကို ငြီးငွေ့နေပြီဖြစ်တယ်။ ဂျုံဖြူ၊ ဆန်ဖြူနဲ့ လုပ်ထားတဲ့ အစားအစာတွေကို တော်တော်လေးလွမ်းနေခဲ့တာ။ မိန်းကလေးငယ်လေးက ပေးတဲ့ မုန့်လိပ်လေးကို ယူလိုက်ရင်း သူမရဲ့ မောင်ငယ်လေးကိုခေါင်းငြိမ့်ပြလိုက်ပြီး ပါးစပ်ကိုဖွင့်၍ ခပ်ကြီးကြီးတစ်ကိုက်, ကိုက်လိုက်တော့သည်။

ဘာမှမပါတဲ့ ဂျုံဖြူပြားလေးတစ်ချပ်က ဒီလောက်အရသာရှိမယ်လို့ မထင်ခဲ့မိဘူး။ လေးလေး,လေးနဲ့ အနံ့အရသာကောင်းတဲ့ ဝက်ပေါင်ခြောက်လေးနဲ့ ပေါင်းစပ်လိုက်တော့ သာမန်ဟင်းပွဲလေးကိုတောင် အရသာပိုမိုကောင်းမွန်သွားစေတယ်။

အမျိုးသမီးကျုံးက ကလေးနှစ်ယောက်ရဲ့ ပန်းကန်ထဲကို အစားအစာတွေ ထည့်ပေးရင်း သူမသားကို ပြောလိုက်တယ်

"ဒီကလေးနှစ်ယောက်ကို တောင်ပေါ်က တောနက်ထဲ ခေါ်မသွားနဲ့နော် အဲ့ဒီဒေသမှာ တောဝက်ရိုင်းတွေ၊ ဝံပုလွေတွေနဲ့ အခြားကြမ်းတမ်းတဲ့ သတ္တဝါတွေလည်း ရှိသေးတယ်။ ကလေးတွေကို အန္တရာယ်ကနေ ကာကွယ်ဖို့လိုတယ်"

ကျောက်ဟန်က ကြက်ဥပြုတ်ကို အခွံခွာလိုက်ပြီး ရှောင်ချောင်းရဲ့ ယာဂုပန်းကန်ထဲထည့်ပေးရင်း ခေါင်းငြိမ့်ပြလိုက်တယ်။
"အမေ စိတ်မပူပါနဲ့! ကျွန်တော် အခေါက်ခေါက်အခါခါ သွားဖူးပါတယ်။ ကျွန်တော်မြင်ဖူးသမျှထဲ အကြီးဆုံးသတ္တဝါက ဒရယ် နဲ့ တောင်ဆိတ်တွေပါပဲ။ အဲ့ဒီတစ်လျှောက်က အန္တရာယ်ကင်းပါတယ်"

သူတို့ မနက်စာစားပြီးတော့ ကျောက်ဟန်က အများကြီးစားမိသွားတဲ့ ကလေးနှစ်ယောက်အား တောင်ကို မြွေလိမ်မြွေကောက်လိုပတ်ထားသော လေထန်နေသည့် လမ်းမထက်သို့ ခေါ်ဆောင်သွား လိုက်တော့သည်။

.......

"ထောင်ချောက်ဆင်တဲ့အခါ ပထမဆုံးလုပ်ဖို့လိုတာက ယုန်တွေသွားလေ့ရှိတဲ့ လမ်းကြောင်းကို ရှာဖို့ပဲ။ ယုန်တွေက တူညီတဲ့ လမ်းကြောင်းကိုပဲ စွဲစွဲမြဲမြဲ သွားကြတာများတယ်… ဒီမှာ တွေ့လား ခြုံပုတ်ထဲမှာ ယုန်တစ်ကောင် ဖန်တရာထေအောင် သွားထားတဲ့ လမ်းကြောင်းလေးပဲ"

ကျောက်ဟန်က အနည်းငယ်ရှုပ်ပွနေတဲ့ မြက်ခင်းကွက်ကလေးကို လက်ညှိုးထိုးပြလိုက်ရင်း စိတ်ရှည်ရှည်နဲ့ ဖြစ်စဉ်ကို ရှင်းပြနေတော့တယ်။

ယွီရှောင်ချောင်းက စိတ်အားထက်သန်စွာနဲ့ ပြန်ဖြေလိုက်တယ်။

"အဲ့ဒါဆို ဒီမှာ ထောင်ချောက်ကို ထားရမှာပေါ့! ဘယ်သူသိမှာလဲ ညီမလေးတို့ ပြန်ရောက်ရင် ထောင်ချောက်ထဲမှာ ယုန်တစ်ကောင်ရှိရင် ရှိနေမှာပေါ့"

ကျောက်ဟန်က ရယ်လိုက်တယ် "ဒီနေရာက ကွင်းပြင်နဲ့ တအားနီးလွန်းတယ်။ အဲ့ဒါမလို့ ဒီနေရာကို ယုန်တွေအများကြီး ထွက်လာမှာ မဟုတ်ဘူး။ စမ်းမကြည့်ခင် တောထဲကို နည်းနည်းလောက် ဆက်သွားကြည့်ရင် ဘယ်လိုလဲ"

"အခုလေ့ကျင့်ဖို့ အရင်ဆုံး ဒီအခွင့်အရေးကို ယူသင့်တယ်။ ထောင်ချောက်ဘယ်လိုဆင်ရမှာလဲ။ အစ်ကိုဟန် ညီမကို မြန်မြန်သင်ပေးပါတော့!"

ယွီရှောင်ချောင်းက ဒီအခွင့်အရေးကို လက်လွှတ်ဖို့ငြင်းဆိုလိုက်တယ်။ ပြီးတော့လည်း သူမမှာ လျို့ဝှက်လက်နက်လည်း ရှိသေးတယ်မလား။

ကျောက်ဟန်က မျက်ခုံးလေးကို ပင့်လိုက်ရင်း အလိုလိုက်တဲ့ အပြုံးလေးတစ်ခု သူ့မျက်နှာမှာ ပေါ်လာပြီး ပြောလိုက်တယ်

"ကောင်းပါပြီဗျာ ငါတို့မှာ ကြိုးတွေအများကြီးရှိတာပဲ တစ်ခုလောက်ဆင်ကြတာပေါ့"

သူက အရင်ဆုံး ပတ်ဝန်းကျင်ကို စစ်ဆေးလိုက်ပြီး နီးစပ်ရာသစ်ပင်ကနေ ခက်ရင်းပုံစံ သစ်ကိုင်းတစ်ခုကို ချိုးလိုက်တယ်။ သစ်ခက်တွေကိုညှိလိုက်ပြီး ခက်ရင်းခွအလယ်မှာရှင်းရှင်းလင်းလင်းဖြစ်သွားတဲ့အထိ ဖြတ်တောက်လိုက်တယ်။ လူငယ်လေးက ဖြတ်တောက်နေရင်းနဲ့ ရှင်းပြတယ်

"သစ်ကိုင်းကို ရွေးချယ်တဲ့အခါ ပြေးနေတဲ့ ယုန်တစ်ကောင်ရဲ့အလေးချိန်ကို ထိန်းနိုင်မယ့် တစ်ခုကိုရွေးသင့်တယ် မဟုတ်ရင် တစ်ကောင်မှ အောင်အောင်မြင်မြင်နဲ့ ဖမ်းနိုင်မှာ မဟုတ်ဘူး"

ယွီရှောင်ချောင်းက သူမခေါင်းထဲမှာ ပို့ချနေမှုကို မှတ်သားနေရင်း နှုတ်ဆိတ်လျက် ခေါင်းငြိမ့်လိုက်တော့တယ်။

ကျောက်ဟန်က ဖြတ်တောက်ထားတဲ့ သစ်ကိုင်းကို ယုန်သွားရာလမ်းကြောင်းမှာ ထားလိုက်ပြီး လမ်းကြောင်းရဲ့ အလယ်တည့်တည့်မှာ ရောက်နေအောင် သေချာစစ်ဆေးလိုက်တယ်။ ယုန်လာတာနဲ့ ခက်ရင်းခွသစ်ကိုင်းကြားကို တိုက်ရိုက်ဝင်သွားလိမ့်မယ်ဆိုတာ သေချာလေတယ်။

"ကြိုးကွင်းလေးထည့်လိုက်ပြီးရင် ထောင်ချောက်က အသင့်ဖြစ်ပြီလား"

ရှီထုန်လေးက ဖြစ်စဉ်တစ်ခုလုံးကို စိတ်ဝင်စားမှုအပြည့်နဲ့ ကြည့်နေရင်း ထောင်ချောင်ဆင်ရတာ တော်တော်လေးလွယ်တာပဲလို့ ထင်မိတယ်။

ကျောက်ဟန်က ကောင်ငယ်လေးရဲ့ ဆံပင်ကိုဖွလိုက်ရင်း ပြန်ဖြေလိုက်တယ်

"ထောင်ချောက်ရဲ့ဘေးမှာ သစ်ကိုင်းနည်းနည်းလောက် ထားဖို့လိုသေးတယ် ဒီတုတ်ချောင်းတွေ ထားရတဲ့ ရည်ရွယ်ချက်က ယုန်လေး ကြိုးကွင်းကို ကျော်ပြီး ထိုးကွေ့မသွားစေဖို့ပဲ။ ထွက်ပြေးမယ့်လမ်းကြောင်းကို ပိတ်ထားတော့ ယုန်က ကျော့ကွင်းထဲကိုပဲ ဝင်နိုင်တော့တယ်လေ"

လူငယ်လေးက ကြိုးကိုထုတ်လိုက်ပြီး အကွင်းလေးဖြစ်အောင်ချည်လိုက်ပြီးတော့ ခက်ရင်းပုံ သစ်ကိုင်းပေါ်မှာ ထည့်သွင်းလိုက်တော့တယ်။ ကြိုးကွင်းလေးက မြေပေါ်ကနေ ၁၀ စင်တီမီတာလောက် ရှိတယ်။ ယွီရှောင်ချောင်းက အရှည်ကို သူမလက်နဲ့ တိုင်းလိုက်ပြီး ဘယ်လောက်ရှည်တယ်ဆိုတာ မှတ်ထားလိုက်တယ်။ နောက်ကျရင် ဒါက ငွေရှာနိုင်ဖို့ သူမရဲ့ လက်မှတ်လေး ဖြစ်လာနိုင်တယ်လေ။

"အစ်ကိုဟန် ကြိုးကွင်းက အရမ်းကြီးနေတယ်ထင်တယ်၊ ယုန်လေး လွတ်မသွားလောက်ဘူးလား"

ရှီထုန်လေးက သူရဲ့ အပြစ်ကင်းစင်လှတဲ့ မျက်ဝန်းလေးတွေနဲ့ ကျောက်ဟန်ကို ကြည့်လိုက်ရင်း စိုးရိမ်တကြီး မေးလိုက်တယ်။

ကျောက်ဟန်က ကောင်ကလေးကို ကြည့်လိုက်ပြီး သူ့ကို စိုက်ကြည့်နေတဲ့ ယွီရှောင်ချောင်းကိုလည်း ကြည့်လိုက်တယ်။

"အဲ့လို မဖြစ်ပါဘူး ကြိုးပေါ်က အထုံးလေးကို တွေ့တယ်မလား ယုန်လေးက ကြိုးကွင်းထဲကို ဝင်မိလိုက်တာနဲ့ ရုန်းလေလေ ပိုကျပ်သွားလေလေ ပဲဖြစ်မှာ ဒီထက်ပိုကြီးကြီးလုပ်လိုက်ရင် ယုန်တွေတင်မကဘူး တောဝက်တွေတောင် ထွက်ပြေးနိုင်မှာမဟုတ်ဘူး"

မောင်နှမနှစ်ယောက်က ခေါင်းကို တညီတညာတည်း ငြိမ့်လိုက်ကြတယ်။ သူတို့ရဲ့မျက်လုံးတွေက လေးစားမှုအပြည့်နဲ့ ငယ်ရွယ်ကျစ်လျစ်တဲ့ လူငယ်လေးကို စိုက်ကြည့်နေတော့တယ်။

ဆယ့်သုံးနှစ်အရွယ် ကျောက်ဟန်လေးက ကလေးနှစ်ယောက်ရဲ့ ချစ်ခင်လေးစားမှုတွေ ရရှိတာကို စိတ်ကျေနပ်နေတော့သည်။ သူက ဂုဏ်ယူဝမ်းမြောက်စွာနဲ့ လက်ကို ဝှေ့ယမ်းလိုက်ပြီး ပြောလိုက်တယ် "သွားကြရအောင် ဝေးဝေးသွားလေလေ ငါတို့ဖမ်းဖို့ သားကောင် ပိုများများရှိလေလေပဲ"

ကျောက်ဟန် လှည့်သွားတာနဲ့ ယွီရှောင်ချောင်းက ရေထည့်ထားတဲ့ အိတ်ကို ဖွင့်ဖို့ အခွင့်အရေးယူလိုက်ပြီး ထောင်ချောက်ပတ်ပတ်လည်မှာ ဆန်းကြယ်ကျောက်ရေအချို့ ပတ်ဖျန်းလိုက်တော့သည်။ ပြီးသွားတာနဲ့ ဘာမှမဖြစ်ခဲ့သလိုမျိုး ကောင်လေးနှစ်ယောက်နောက်က အမီလိုက်သွားတော့သည်။

[အကျင့်ပုတ် ရှောင်ချောင်း! လူဆိုးမ ရှောင်ချောင်း! တန်ဖိုးကြီးတဲ့ အရင်းအမြစ်တွေကို ဖြုန်းတီးနေတယ်ဆိုတာ သိရဲ့လား။ ဒီရေက ကောင်းကင်ကျောက်တုံးဆိုတဲ့ငါ ချိုးထားတဲ့ရေနော်!သက်တမ်းရှည် ဂျင်ဆင်းမြစ်တွေထက် အားဖြည့်ပေးနိုင်တဲ့ အစွမ်းတွေပါတယ်ကွ! အဲ့ဒါကို မင်းက ယုန်ရိုင်းတွေကို ဆွဲဆောင်ဖို့ သုံးနေတာလား]

ရောင်စုံကျောက်တုံးလေးကနေ ရင်းနှီးနေတဲ့ ရွှေရောင်ကြောင်ပေါက်စပုံစံနဲ့ ဝိညာဉ်လေးထွက်လာပြီး ယွီရှောင်ချောင်းရဲ့ ခေါင်းပေါ်ကို တက်လိုက်လေတယ်။ သူ့သခင်ကလွဲပြီး သူ့ကိုဘယ်သူမှ မမြင်နိုင်ဘူးလေ။

ရှောင်ချောင်းက စိတ်ကြီးဝင်နေတဲ့ ဝိညာဉ်လေးကို စိတ်ထဲကနေ ဖျောင်းဖျပြောဆိုနေတော့တယ်

[ကောက်ညှင်းဖက်ထုပ်လေးကလည်း သားကောင်တစ်ချို့ဖမ်းမိရင် တောနက်ထဲမှာ ပေါက်တဲ့ ဝါးမြစ်ကနေ ယူထားတဲ့ ရေကို ဆုပေးမှာပေါ့ အဲ့ဒီကရေက မင်းရဲ့ဝိညာဉ်စွမ်းအားတွေကို မြန်မြန် ပြန်ရစေနိုင်တယ်လို့ ပြောခဲ့တာမလား]

အမှန်တကယ်တော့ စွမ်းအင်တွေ အမြန်ဆုံးပြန်ရနိုင်တဲ့နည်းက သူ့သခင်ကို ကူညီပေးပြီး သူ့သခင်ရဲ့ ကျေးဇူးတင်တာကို ခံရရင်ဖြစ်သည်။ ဒါပေမဲ့လည်း ဝိညာဉ်လေးက ဒီထက်နိမ့်ကျတဲ့ တာဝန်တွေကို သူ့သခင်က လုပ်ခိုင်းမှာစိုးတာကြောင့် ဘယ်တော့မှ ထုတ်မပြောပေ။

စိတ်ကြီးတဲ့ ဝိညာဉ်လေးက နောက်ဆုံးငြိမ်ကျသွားတာကို တွေ့လိုက်ရတော့ ယွီရှောင်ချောင်းရဲ့ ခြေလှမ်းများက ပိုမို ပေါ့ပါးလာတော့သည်။ နောက်ဆုံးတော့ သူမ ထောင်ချောက် ဘယ်လိုဆင်ရမယ်ဆိုတာ သင်ယူဖို့ အာရုံစိုက်နိုင်တော့မည်ပင်...